မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၉၁)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

၂၀၁၅ ခုနှစ်၊ ဧပြီ ၉ ရက်၊ ကြာသပတေးနေ့။

မေတ္တာသည် သီတာရေစင်

မေတ္တာတရားတည်ရှိရာ ထွန်းကားရာ အရပ်များ၌ မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှမတူသော ချမ်းမြေ့မှုများ ကိန်းဝပ်နေမြဲဖြစ်၏။

ထို့ကြောင့် သီလကို ပန်းရနံ့နှင့်နှိုင်း၏။

မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

ယုံကြည်ချက်ကိုယ်စီဖြင့်သွားနေကြသော်လည်း ရည်မှန်းချက်ပန်းတိုင်သည် တစ်ခုတည်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

တိုင်းမြန်ပြည် ငြိမ်းအေးစေရန် သွန်းသည့်အတာရေ

စာမျက်နှာ-၆

အရေးကြီးတာက စစ်မှန်တဲ့ ငြိမ်းချမ်းရေးဖြစ်ပို့၊ တန်းတူတဲ့ ငြိမ်းချမ်းရေး ဖြစ်ပို့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖြစ်ပို့ လိုတယ်

စာမျက်နှာ-၉

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မင်္ဂလာသင်္ကြန်

မင်္ဂလာ၏အဓိပ္ပာယ်သည် ကျယ်ဝန်းနက်ရှိုင်းသော်လည်း အဓိကအားဖြင့်မကောင်းမှုကို ရှောင်ကြဉ်ပြီး ကောင်းသောအလုပ်တို့ကို လုပ်ကိုင်ဆောင်ရွက်ပြုမူကြခြင်းသည် မင်္ဂလာပင်ဖြစ်ပါသည်။ မကောင်းသောအလုပ်ဟူသမျှကို ရှောင်ကြဉ်လိုက်ခြင်းဖြင့် ကောင်းကျိုးဆန္ဒများ ပြည့်ဝစေပြီး ဘေးအန္တရာယ်အပေါင်းမှကင်းဝေးစေပါသည်။ တစ်နည်းအားဖြင့် မင်္ဂလာကျက်သရေကို တိုးပွားစေနိုင်ပါသည်။ မင်္ဂလာသည် ကြီးပွားတိုးတက်ခြင်းအကြောင်းတရားတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဘေးဟူသမျှ အပေါင်းမှ ကင်းဝေးစေနိုင်ပါသည်။

ဤသို့ဆိုလျှင် လူတို့၏ကျင့်ကြံနေထိုင်မှုအပေါ်မူတည်၍ မင်္ဂလာတည်းဟူသော အကြောင်းတရားလည်းဖြစ်ပေါ်စေနိုင်ပါသည်။ မင်္ဂလာရှိအောင် ပြုမူနေထိုင်ကြမှသာလျှင် မင်္ဂလာရှိနိုင်၏။ မကောင်းမှုအလုပ်တို့ဖြင့် မွေ့လျော်နေကြလျှင် မင်္ဂလာရှိသောလူသားဖြစ်လာလိမ့်မည်မဟုတ်ပေ။ မကောင်းမှုကိစ္စတို့၏ အကျိုးဆက်အဖြစ်ဘေးအန္တရာယ်များကျရောက်ခြင်း၊ ဆင်းရဲခြင်းတည်းဟူသော ဆိုးကျိုးအကြောင်းတရားများကို ခံစားကြရမည်ဖြစ်ပါသည်။

မကြာမီ မြန်မာ့ရိုးရာအတာသင်္ကြန်ကျရောက်ပေတော့မည်။ အတာသင်္ကြန်သည် မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးချိန်ခါဖြစ်ပါသည်။ ဤသို့နှစ်ဟောင်းကုန်၍နှစ်သစ်ကူးခြင်းကို သင်္ကြန်မင်္ဂလာဟုလည်းခေါ်ဆိုကြပါသည်။ နှစ်ကူး၊ နှစ်ဦးတွင်မင်္ဂလာရှိစွာ ပြုမူ၊ ပြောဆို၊ ကျင့်ကြံနေထိုင်ကြခြင်းပင် ဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် နှစ်ကူးအခါသမယတွင် မင်္ဂလာရှိစွာနေထိုင်ကြခြင်းဖြင့် တစ်နှစ်ပတ်လုံး မင်္ဂလာရှိသော နှစ်ဖြစ်လိမ့်မည်ဟု ယုံကြည်လက်ခံထားကြသူများလည်း ဖြစ်ပါသည်။

ထို့ကြောင့်လည်း နှစ်သစ်ကူးအခါသမယတွင် ကျောင်းကန်ဘုရားများသို့ သွားရောက်ကာ ဘုရားအမျှားပြုသော ရဟန်း၊သံဃာတို့အား ဆွမ်းခဲဖွယ်တို့လှူဒါန်းခြင်း၊ ဥပုသ်သီလများဆောက်တည်ခြင်း၊ တရားဘာဝနာများပွားများအားထုတ်ခြင်း၊ အစားအသောက်များဖြင့်ဧည့်ခံကျွေးမွေးခြင်းတို့ကို ပြုလုပ်ကြလေ့ရှိပါသည်။ ထို့အပြင် ရပ်ကွက်အသီးသီး၊ အိမ်အသီးသီး၊ လမ်းအသီးသီးတို့၌ ကုသိုလ်ဒါနများ ပြုလုပ်ကြလေ့ရှိပါသည်။ စေတီပုထိုးကျောင်းကန်ဘုရားအသီးသီးတို့တွင်လည်း ဧီဝိတသက်လွတ်ပွဲများ ကျင်းပလေ့ရှိပါသည်။ ဤသို့ ပြုမူဆောင်ရွက်ခြင်းသည် ကောင်းသောကုသိုလ်တရားများ၌မွေ့လျော်ကြပြီး မကောင်းသောအကုသိုလ်အလုပ်တို့ကို ရှောင်ကြဉ်ကြခြင်းဖြစ်ပါသည်။ တစ်နည်းဆိုသော် မင်္ဂလာရှိစွာပြုမူနေထိုင်ကြခြင်းဖြစ်ပါသည်။

သင်္ကြန်ကာလသည် မြန်မာလူမျိုးတို့အတွက် မင်္ဂလာရှိစွာ ကျင့်ကြံနေထိုင်ကြရမည့်အချိန်အခါ ဖြစ်ပါသည်။ ဘုရားကျောင်းကန်များသို့ သွားရောက်ကာ ကုသိုလ်ဒါနများမပြုလုပ်နိုင်ကြသည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသများ မဖြစ်ပွားအောင် သတိပြု၍နေထိုင်ကြရမည်ဖြစ်ပါသည်။ အဟိတာပနယနမေတ္တာပွားနည်းဖြစ်သည့် ''လူအချင်းချင်းလှည့်ပတ်ခြင်းကင်းရှင်းကြပါစေ၊ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ'' ဟူသော မေတ္တာဘာဝနာကို ပွားများနိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ပါသည်။ မင်္ဂလာအရှိဆုံး ဖြစ်ပါသည်။ သို့ပါ၍ လူတိုင်းလူတိုင်းသည် နှစ်သစ်ကူးအခါသမယတွင် မကောင်းမှုဟူသမျှရှောင်ကြဉ်ကြပြီး ကောင်းသောအလုပ်တို့ကို လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် မင်္ဂလာရှိစွာပြုမူပြောဆို ကျင့်ကြံနေထိုင်ကြရမည်ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

မဟာကမာကူရပုံတူ ရုပ်ပွားတော်ကြီးယနေ့ပင့်ဆောင်

ပြင်ဦးလွင် ဧပြီ ၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်မဟာလှိုဏ်ဂူတော် မြတောင်ကျောင်းတိုက်တွင် အပူဇော်ခံထားရှိမည့် ဂျပန်နိုင်ငံမှ မဟာကမာကူရ ဘုရားကြီးနှင့် ပုံစံတူဥာဏ်တော် ၁၄ ပေ အကျယ် ၁၀ ပေရှိ ရုပ်ပွားတော်ကြီးကို ရုပ်ပွားတော်ပြုလုပ်ခဲ့သည့် မန္တလေးမြို့ စက်မှုဇုန်(၁)ပိတောက်လမ်းမှ ဧပြီ ၈ ရက် မင်္ဂလာချိန်တွင် စတင်ပင့်ဆောင်ကြောင်း သိရသည်။

အဆိုပါ မဟာကမာကူရ ရုပ်ပွားတော်ကြီးအား ဘုရားဒါယိကာ ဗိသုကာပညာရှင် ဦးမြင့်သိန်းကိုယ်တိုင် မှန်မျှင်ဆီလီကွန် ဖိုင်ဘာဖြင့် ပုံဖော်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကာ ကုန်ကျစရိတ် ငွေကျပ်သိန်း ၇၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ ရုပ်ပွားတော်ကြီးကို နှစ်နှစ်နှင့် သုံးလ ဆောင်ရွက်ခဲ့ရပြီး အဖြူရောင်ဖြစ်ကြောင်း တွေ့ရသည်။ ရုပ်ပွားတော်ကြီး သီတင်းသုံးမည့် ဂန္ဓကုဋိတိုက်နှင့် ပလ္လင်တော်တို့ကို UTL မီးစက်ထုတ်လုပ်ရေးမှ ဦးသိန်းလွင်၊ ဒေါ်မြင့်မြင့်စိန် မိသားစုက လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓရုပ်ပွားတော်တွေကို ကျောက်သား အမျိုးမျိုး၊ သစ်သားအမျိုးမျိုး၊ ကြေး၊ ရွှေ၊ ငွေနှင့် အခြားပစ္စည်းမျိုးစုံနှင့် ဗိသုကာပညာရှင်များက ထုလုပ်ကိုးကွယ်ခဲ့ကြကြောင်း၊ ယခုရုပ်ပွားတော်ကြီးကို မြန်မာနိုင်ငံတွင် မှန်မျှင်၊ ဆီလီကွန်ဖိုင်ဘာဖြင့် ပထမဆုံးပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနည်းပညာနှင့် ပြုလုပ်ခြင်းဖြင့် သယ်ယူရာတွင် လွယ်ကူပေါ့ပါးကြောင်း အဆိုပါ နည်းပညာတတ်မြောက်ရန် တရုတ်နိုင်ငံသို့ သွားရောက်သင်ယူခဲ့ရကြောင်း ဗိသုကာပညာရှင် ဘုရားဒါယိကာ ဦးမြင့်သိန်းက ပြောသည်။

အေးမြ(မန္တလေး)

ဂျပန်ရိုးရာပန်းထိုးနည်းအနုပညာသရုပ်ပြပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၈

ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ ပန်းပညာရှင်များ ပူးပေါင်းဆောင်ရွက်သည့် ဂျပန်ရိုးရာ ပန်းထိုးနည်း အနုပညာသရုပ်ပြပွဲ (Japanese Flower Art Event) ကို ဧပြီ ၇ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက အမှာစကားပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့ Floral Decor Muramatsu ၏ အကြီးအကဲ International Sakura Flower Specialist ဖြစ်သူ Mr. Fumihiko Muramatsu က ရိုးရာပန်းထိုး နည်းပညာအကြောင်းနှင့် ဂျပန်နိုင်ငံပန်းဥယျာဉ်ပိုင်ရှင် Mr. Watanabe Takahiko က ဂျပန်နိုင်ငံထွက် ပန်းမျိုးများ အကြောင်းရှင်းလင်းပြောကြားခဲ့ပြီး Mr. Fumihiko Muramatsu က ဂျပန်ရိုးရာ ပန်းထိုး နည်းအနုပညာကို လက်တွေ့ သရုပ်ပြသခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့ရိုးရာ လက်မှုအသုံးအဆောင်ပစ္စည်းများကို အသုံးပြုကာ လက်တွေ့ သရုပ်ပြယှဉ်ပြိုင်ကြပြီး ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဧပြီ ၇ ရက်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ခေါင်းဆောင်ကြီး H.E. KIM IL Sung ၏ (၁၀၃)နှစ်မြောက် မွေးနေ့ အခမ်းအနားတက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင်ဦးလွင်အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Kim Sok Chol ကြိုဆို နွေတ်ဆက်စဉ်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၄-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၂၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၄၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျောင့်)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၇၂-၁၀၇၈
ဥရောပ	တစ်ယူရို	၁၂၂၀-၁၂၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆.၇-၁၆.၃
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၃၀-၃၄၃

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန် (အသစ်)	တစ်အိတ်	၁၆၅၀၀-၁၆၈၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၃၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၁၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၃၇
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၇၅-၄၀၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၀၅၀-၁၄၅၀
ကြက်သွန်ဖြူ(ကြေကုတ်)	တစ်ပိဿာ	၁၇၅၀-၁၇၇၅
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၉၀-၈၇၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၃၀၀၀-၃၁၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၅၈၀၀
သကြား	တစ်ပိဿာ	၈၆၀-၈၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

ဆေးရုံသို့ လာရောက်ကုသမှုခံယူကြသည့် ဒေသခံတိုင်းရင်းသားများကို နွေးနွေးထွေးထွေးဆက်ဆံကုသပေး

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ခန္ဓီးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့အား လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ခန္ဓီးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။(ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာရေးကဏ္ဍတစ်ခုတည်းဖြင့် မပြည့်စုံသည့်အတွက် နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းရန် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးအသိပညာပေးရန်နှင့် ကာကွယ်ရေးနည်းလမ်းများ သိရှိစေရန် ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုနှင့် အမြဲထိတွေ့ပြီး ဒေသ၌အဖြစ်များသည့် ရောဂါများနှင့်ပတ်သက်ပြီး ပညာပေး ဟောပြောပေးရမည်ဖြစ်ပြီး ဆေးရုံသို့အားကိုးတကြီးဖြင့် လာရောက် ကုသမှုခံယူကြသည့် ဒေသခံတိုင်းရင်းသားများကို နွေးနွေးထွေးထွေး ဆက်ဆံကုသမှုများ ဆောင်ရွက်ပေးရန် လိုကြောင်း မှာကြားခဲ့သည်။

ယခု ခန္ဓီးဆေးရုံကို ၁၉၄၈ ခုနှစ်တွင် စော်ဘွားကြီးစဝ်မြစိန်မှ လက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြေနေရာကို ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဌာနဆိုင်ရာ ခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်ဓာတုဗေဒ ဌာနတို့ကို ပြည်ပ ကုန်ကျစရိတ်ဖြင့် ဆောက်လုပ်ပြီး ဆေးရုံအဖြစ် ဖွင့်ကျောင်းသား ကျောင်းသူဦးရေ လျှပ်ဒါန်းပြီး ၎င်းမှ ဦးစီးကာ အစိုးရ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ကွန်ပျူတာသင်တန်းများ အထောက်အပံ့ဖြင့် တာဝန်ယူ ရေကြီးမှုကြောင့် လက်ရှိဆေးရုံကြီး သင်ကြားပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတို့က ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မှာကြားရာတွင် တက္ကသိုလ်ဝင်တန်းအောင်ပြီး ဘွဲ့ရရှိနိုင်ရေးအတွက် အခက်အခဲရှိနေသည့် နယ်စပ်ဒေသမှ တိုင်းရင်းသားများအတွက်ထိုက်သင့်သည့်ပညာရပ်များ သင်ကြားနိုင်ရန် နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့စက်မှုလက်မှု သိပ္ပံကျောင်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ ပညာသင်ကြားခြင်းသည် လက်မှတ်တစ်ခုရရန် သင်ကြားခြင်းမျိုးမဟုတ်ဘဲ အတတ်ပညာများ တတ်မြောက်စေရန် သင်ကြားခြင်းဖြစ်ပါကြောင်း၊ အတတ်ပညာများ တတ်ကျွမ်းအောင်သင်ယူပြီး မိမိနှင့်နိုင်ငံတော်အတွက် အကျိုးရှိစေရန် အသုံးချရမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာရေးကို အခြေခံရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရန် စိုက်ပျိုးရေးကို အခြေခံရသော်လည်း စက်မှုလက်မှုနိုင်ငံ တည်ထောင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ထူထောင်နိုင်ရန် အခြေခံအဆင့်အထိ နည်းပညာများတတ်မြောက်ရန်လိုအပ်ပြီး ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများအား စနစ်တကျ လေ့ကျင့် သင်ကြားပေးကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ခန္ဓီးအစိုးရစက်မှုလက်မှုသိပ္ပံကို ၂၀၀၉ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာနှင့် စက်မှုစွမ်းအားအင်ဂျင်နီယာ ဘာသာရပ်ကို အထူးပြုသင်ကြားပေးလျက်ရှိကြောင်းသိရသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခန္ဓီးမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တရ အမှုဦးပြုသော ဆရာတော်၊ သံယာတော်များအား ဖူးမြော်ကြည်ညိုကာ လျှဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြသိန်းတန် စေတီတော်ရှိ ဗုဒ္ဓဆင်းတု ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကာ အလှူငွေများကို လှူဒါန်းသည်။

ဧပြီ ၇ ရက် ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ခန္ဓီးမြို့နယ် ရိပ်သာ၌ကျင်းပသည့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် နိုင်ငံတော်သမ္မတအား တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာဝတ်စုံနှင့် အသုံးအဆောင်များကို ဂါရဝပြုဝတ်ဆင်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား လက်ဆောင်ပစ္စည်းများကိုပြန်လည်ပေးအပ်ခဲ့ပြီး ရိုးရာတိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခန္ဓီးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

*** ကျောဖုံးမှ**

မြေနီကုန်း ခုံးကျော်တံတားကို ဂျပန်နိုင်ငံ JFE Engineering ကော်ပိုရေးရှင်းမှ ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး ကတ်ပိတယ်ကုမ္ပဏီမှ တည်ဆောက်ထားခြင်း ဖြစ်သည်။ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အောက်ခြေဖောင်ဒေးရှင်းအမျိုးအစားမှာ သံကူကွန်ကရစ်လွန်တူးဘိုးပိုင်ဖြစ်သည်။

ငွေကျပ် ၁၆ ဘီလီယံခန့် အကုန်အကျခံတည်ဆောက်ခဲ့သော မြေနီကုန်း ခုံးကျော်တံတားကို မူလက ၂၀၁၄ ခုနှစ် စက်တင်ဘာမှ ၂၀၁၅ ခုနှစ် မေလအထိ ရှစ်လကြာမျှတည်ဆောက်ရမည်ဟု မျှော်မှန်းထားခဲ့သော်လည်း တံတားတည်ဆောက်ရေးလုပ်ငန်းများသတ်မှတ်ရက်ထက်စော၍ ပြီးစီးခဲ့ရာ ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်၌ပင် မော်တော်ယာဉ်များ စတင်ဖြတ်သန်းမောင်းနှင်သွားလာနိုင်ခဲ့သည်။

မြေနီကုန်းခုံးကျော်တံတားသည် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့်နှင့် ရှင်စောပုမီးပွိုင့်နှစ်ခုကို ဖြတ်ကျော်ကာ တောင်မြောက်ဖြတ်သန်းတည်ဆောက်ထားခြင်း ဖြစ်သည်။ မြေနီကုန်းမီးပွိုင့်သည် ရန်ကုန်-အင်းစိန်လမ်းမှ သွားလာသည့် မော်တော်ယာဉ်များနှင့် မြေနီကုန်းမှ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းဘက်သို့ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များဖြင့် အမြဲတမ်းယာဉ်ကြောပိတ်ဆို့လျက်ရှိရာ ယခုခုံးကျော်တံတားတည်ဆောက်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျသွားစေပြီ ဖြစ်သည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုကျဆင်းစေရန် ရွှေဂုံတိုင် ခုံးကျော်တံတား လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင်ခုံးကျော်တံတားတို့တည်ဆောက်ခဲ့ပြီး ယခုအခါ မြေနီကုန်းခုံးကျော်တံတား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဖြစ်လာနိုင်ဖွယ်ရှိသော ရန်ပြုမှုမှန်သမျှကို ရင်ဆိုင်ကာကွယ်နိုင်ရန် တပ်မတော်(ရေ)အနေဖြင့် ပြင်ဆင်လေ့ကျင့်နေရမည်

နေပြည်တော် ဧပြီ ၈

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ မြေထု၊ ရေထုနှင့်လေထုတို့ကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော တပ်မတော် တည်ဆောက်ရေးအတွက် အစဉ်အမြဲ အကောင်အထည်ဖော် လေ့ကျင့်တည်ဆောက်လျက်ရှိသည်။ ထိုသို့လေ့ကျင့်တည်ဆောက်ရာတွင် တပ်မတော်(ရေ)မှ နိုင်ငံတော်ပိုင် ပင်လယ်ပြင်ရေထု၊ လေထုအတွင်း အချုပ်အခြာအာဏာခိုင်မာစေရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည် ထက်မြက်လာစေရန်ရည်ရွယ်၍ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2015)ကို ယနေ့နံနက်ပိုင်းက မြန်မာ့ရေပိုင်နက် မာန်အောင်ကျွန်းအနီး(ကျောက်ဖြူဒေသ)ပင်လယ်ပြင်တွင် စစ်ရေယာဉ် ၂၀ ကျော်ဖြင့် လေ့ကျင့်ရေးဆောင်ရွက်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ညွှန်ကြီးကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်အောင်ဇယျပေါ်သို့ ရောက်ရှိပြီး တာဝန်ကျတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် စစ်ရေယာဉ်အောင်ဇယျပေါ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လေ့ကျင့်ခန်းကိုဦးဆောင်မည့် တာဝန်ရေတပ်မမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ဖြစ်စဉ်အကြောင်းအရာကို ရှင်းလင်းတင်ပြသည်။

ဇင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေငုပ်အထူးတပ်ဖွဲ့ (NAVY SEALs)က ရန်သူ့နယ်မြေအတွင်းရှိ ဆီတင်ရေယာဉ်တစ်စီးအား စီးနင်း၍ ဖောက်ခွဲနစ်မြုပ်ခြင်း လေ့ကျင့်ခန်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ တာဝန်ရေတပ်မမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာစစ်ရေယာဉ်များသို့ ပြန်လည်ထွက်ခွာပြီး လေ့ကျင့်ခန်းကို အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ကြသည်။

လေ့ကျင့်ရာတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလက်နက်များ လက်တွေ့ပစ်ခတ်ခြင်း၊ လေကြောင်းရန်ကာကွယ်ရေးလက်နက်များဖြင့် လက်တွေ့ပစ်ခတ်ခြင်း၊ ၁၀၀ မီလီမီတာအမြောက်ကြီးများဖြင့် လက်တွေ့ပစ်ခတ်ခြင်းများအပါအဝင် ပစ်မှတ်ရေယာဉ်တစ်စီးကို ပဲ့ထိန်းဒုံးပျံဖြင့် လက်တွေ့ ပစ်ခတ်နစ်မြုပ်ခြင်းများ လေ့ကျင့်ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

လေ့ကျင့်ခန်း ပြီးဆုံးချိန်တွင် လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် စစ်ရေယာဉ်များက စစ်ရေယာဉ်အောင်ဇယျပေါ်၌ စီးနင်းလိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား Fleet Review ဖြင့် ချီတက်အလေးပြုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် အောင်ဇယျ၏ ဧည့်သည်တော်မှတ်တမ်းတွင် လေ့ကျင့်ခန်းအထိမ်းအမှတ် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ် အောင်ဇယျပေါ်မှ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise - Sea Shield 2015) တွင်ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်မှူးများနှင့် အရာရှိ၊ စစ်သည်များအား လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် ကမ်းရိုးတန်းအရှည် ၁၂၄၇ မိုင်၊ မြန်မာ့ပိုင်နက်ပင်လယ်အကျယ်အဝန်း ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၄၀၀၀ ကျော်ရှိပါကြောင်း၊ ထို့အပြင် ကျွန်းပေါင်း ၁၂၀၀ ကျော်ရှိပြီး ရေပေါ် ရေအောက် သယံဇာတများစွာရှိ၍ ရေကြောင်းအကျိုးစီးပွားများပြားပါကြောင်း၊ တည်နေရာအရလည်း အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်တည်ရှိပြီး မဟာဗျူဟာအရ အရေးပါခြင်းတို့ကြောင့် ဖြစ်လာနိုင်ဖွယ်ရှိသော ရန်ပြုမှုမှန်သမျှကို ရင်ဆိုင်နိုင်ရန်၊ ကာကွယ်နိုင်ရန် တပ်မတော်(ရေ) အနေဖြင့် ပြင်ဆင်လေ့ကျင့်နေရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်စေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကို အင်အားတည်ဆောက်ပေးခြင်း၊ ယင်းအင်အားများကို လေ့ကျင့်ပေးခြင်း၊ တပ်များ၏ စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တပ်မတော်(ရေ) အနေဖြင့်လည်း အသင့်ဖြစ်မှု သုံးခုဖြစ်သည့် တပ်ဖွဲ့ဝင်များအသင့်ဖြစ်မှု၊ စစ်ရေယာဉ်များ အသင့်ဖြစ်မှု၊ အီလက်ထရွန်နစ် အသင့်ဖြစ်မှုများကို ရေတပ်သားအဆင့်မှ စစ်ရေယာဉ်မှူးများအထိ စဉ်ဆက်မပြတ်လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးဆိုသည်မှာ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်သည့် အခန်းကဏ္ဍဖြစ်ပါကြောင်း၊ မည်သည့်အလုပ်မဆိုလုပ်ငန်းနှင့် အကျွမ်းတဝင်ရှိမှသာ အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် တပ်မတော်(ရေ) အနေဖြင့် ရေပြင်၊ ရေအောက်၊ ကမ်းခြေစစ်ဆင်ရေးများကို အီလက်ထရွန်နစ်စစ်ဆင်မှုဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းအကြောင်းအချက်အားလုံးကို အကျွမ်းတဝင်ရှိမှသာ ရည်မှန်းချက်တာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ Maritime Security သည် သက်ဆိုင်ရာတိုင်းပြည်သာမက နိုင်ငံတကာကပါ စိတ်ဝင်စားပါကြောင်း၊ ထို့အပြင် HADR ဒုက္ခသည် ကယ်ဆယ်ရေးလုပ်ငန်းများမှာလည်း မလွဲမသွေဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်၍ ယင်းလုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် တပ်မတော်(ရေ)၏ တည်ဆောက်ရေးအပိုင်းကို လုပ်ဆောင်ပေးနေပြီး တပ်များ၏ စွမ်းရည်မြှင့်မားရေးကို တစ်ဦးချင်း လေ့ကျင့်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်း၏ အားသာချက်၊ အားနည်းချက်များကို သေချာစွာဖော်ထုတ်၍ ရေတပ်စွမ်းပကားမြင့်မားရေးအတွက် တပ်မတော်(ရေ)၏ ဆောင်ပုဒ်ဖြစ်သည့် ရွှေပင်လယ်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသူများ ဖြစ်အောင် ကြိုးစားအားထုတ် လုပ်ဆောင်ရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် စစ်ရေယာဉ် ၂၁ စင်းဖြင့် Sea Shield 2014 ကို ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ပြုလုပ်ခဲ့သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise - Sea Shield 2015) တွင် စစ်ရေယာဉ်မျိုးစုံ ၂၂ စင်း၊ အရာရှိ၊ စစ်သည်စုစုပေါင်း ၁၁၈၆ ဦးတို့ ပါဝင်လေ့ကျင့်ခဲ့ကြသည်။

နိုင်ငံတော်ပိုင် ပင်လယ်ပြင်အား မည်သည့်ကျူးကျော်မှုမျိုးကိုမဆို ကာကွယ်နိုင်ရေးနှင့် ပင်လယ်ပြင်မှ အမျိုးသား အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် ပင်လယ်ပြင်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းများကို နှစ်စဉ်ပြုလုပ်၍ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်စေပြီး ပစ်ခတ်မှုနှင့် လက်တွေ့စစ်ကစားလှုပ်ရှားမှုပေါင်းစပ်လေ့ကျင့်ခြင်းဖြင့် စစ်ရေယာဉ်နှင့်စစ်သည်များ စွမ်းရည်ကို လည်း တိုးမြင့်စေမည်ဖြစ်ကြောင်း သိရှိရသည်။

(မြဝတီ)

မအူပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်

နေပြည်တော် ဧပြီ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ထနီးကျေးရွာအုပ်စု၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားများကို ဧပြီ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးသိန်းညွှန့်သည် ထနီးကျေးရွာအုပ်စု မအူပင်လေးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်က ၂၀၀ ကေဗွီ အေထရန်စဖော်မာမှ ကျေးရွာအတွင်းနေအိမ်များသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးလင်းရေးအထိမ်းအမှတ်ကမ္ဘည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ထနီးကျေးရွာ ဘုရားငါးဆူမွာရုံရှေ့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၀ ကေဗွီ အေထရန်စဖော်မာများမှ ကျေးရွာအတွင်းရှိနေအိမ်များသို့ သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ထနီးကျေးရွာအုပ်စု ညောင်ပင်သာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ထနီးကျေးရွာအုပ်စု ထနီးကျေးရွာ၊ လှိုင်းတာကျေးရွာ၊ ရွာသစ်စုကျေးရွာ၊ သံကြိုးတိုင်ကျေးရွာ၊ မအူပင်လေးကျေးရွာ၊ ဂလုံး(၁)ကျေးရွာနှင့် ဂလုံး(၂)ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီအေလိုင်း ၁ ဒသမ ၅ မိုင်၊ ၀ ဒသမ ၄ ကေဗွီလိုင်း ၄ ဒသမ ၆၉ မိုင်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၄၅၀ မီးလင်းရေးဆိုင်ရာ စာရွက်စာတမ်းလွဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်က အမှာစကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ထနီးကျေးရွာအုပ်စု ထနီးကျေးရွာ၊ လှိုင်းတာကျေးရွာ၊ ရွာသစ်စုကျေးရွာ၊ သံကြိုးတိုင်ကျေးရွာ၊ မအူပင်လေးကျေးရွာ၊ ဂလုံး(၁)ကျေးရွာနှင့် ဂလုံး(၂)ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီအေလိုင်း ၁ ဒသမ ၅ မိုင်၊ ၀ ဒသမ ၄ ကေဗွီလိုင်း ၄ ဒသမ ၆၉ မိုင်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၄၅၀ ခန့်ကို လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် မလက်တိုကျေးရွာအုပ်စု၊ ထနီးကျေးရွာအုပ်စု၊ စစ်ကိုင်းကျေးရွာအုပ်စု၊ တလုပ်လပ်အရှေ့ကျေးရွာအုပ်စု၊ လက်ျားကြီးကျေးရွာအုပ်စု၊ သောင်ဇားကျေးရွာအုပ်စု၊ ဝါးတောကျေးရွာအုပ်စု၊ အလန်းကျေးရွာအုပ်စုနှင့် မီးသွေးချောင်းကျေးရွာအုပ်စုများရှိ ကျေးရွာခွဲ ၅၄ ရွာမှ လူဦးရေပေါင်း ၈၀၀၀ ကျော် မကြာမီနိုင်ငံတော်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်းနှင့်မအူပင်မြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အားလိုင်းမှ ကျေးရွာခွဲပေါင်း ၅၃ ရွာ လျှပ်စစ်မီးရရှိသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

(၁၀၇)

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၆ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာယုံ)**

သတင်းစာ ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း ပြည်ပသတင်းထောက် ၄၂ ဦး တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား ထောက်ခံဆန္ဒထုတ်ဖော်

ကျိုက်မရော ဧပြီ ၈

မတ် ၃၁ ရက်က လက်မှတ်ရေးထိုးခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အပြည့်အဝထောက်ခံကြောင်း ကျိုက်မရောမြို့နယ်မှ ဒေသခံပြည်သူ ၁၀၀၀ ခန့်က ဧပြီ ၅ ရက် နံနက်ပိုင်းက ခွင့်ပြုချက်ရယူပြီး ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းလက်မှတ်ရေးထိုးမှုအပေါ် ထောက်ခံကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကျိုက်မရောမြို့နယ်မှ ဦးချစ်ဦး ဦးဆောင်သည့် ဒေသခံပြည်သူ ၁၀၀၀ ခန့်က ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းအား အပြည့်အဝထောက်ခံပါသည်။ ထာဝရငြိမ်းချမ်းရေး အမြန်ရအောင် ဆောင်ရွက်ပေး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အပြီးသတ်စာချုပ် အမြန်ချုပ်ဆိုပေးပါ စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်လှည့်လည်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ အပြီးသတ်စာချုပ် အမြန်ချုပ်ဆိုပေးရေး၊ ထာဝရငြိမ်းချမ်းရေး အမြန်ရအောင် ဆောင်ရွက်ပေးရေး စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်မှုကို ကျိုက်မရောမြို့အဝင်မှ စတင်၍ ကလိုင်းကနိုင် ကျေးရွာလမ်းခွဲအထိ ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

ရွှေကူ ဧပြီ ၈

(၆၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်က ကမ္ဘာ့ကျန်းမာရေးနေ့ စတင်ပေါ်ပေါက်လာပုံနှင့်ကျင်းပရသည့်ရည်ရွယ်ချက်နှင့် လုပ်ငန်းကြီးလေးရပ်ဖြစ်သည့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း၊ ကုသရေးလုပ်ငန်း၊ ကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်တွင်းသတင်း

၂၀၁၅-၂၀၁۶ဘဏ္ဍာရေးနှစ်တွင် ချမ်းမြသာစည်မြို့နယ်၌ တန်ဖိုးနည်းအိမ်ရာ ၂၂ လုံးဆောက်လုပ်မည်

မန္တလေး ဧပြီ ၈

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်တွင်တန်ဖိုးသင့်အိမ်ရာ RC ရှစ်ခန်းတွဲ(၅)ထပ် အဆောက်အအုံ ၂၂ လုံး၊ အခန်းပေါင်း ၈၈၀ ဆောက်လုပ်အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးလွတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းအိမ်ရာများဖြင့် တာဝန်ထမ်းဆောင်စေနိုင်ရန်အတွက် မြို့နယ် ၂၄ မြို့နယ်၌ ဝန်ထမ်းအိမ်ရာ ၅၅ လုံး၊ အခန်း ၇၁၈ ခန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောက်လုပ်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ချမ်းမြသာစည်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ် RC တန်ဖိုးသင့်အိမ်ရာ အဆောက်အအုံ ၂၇ လုံး၊ အခန်းပေါင်း ၄၃၂ ခန်းဆောက်လုပ်အကောင်အထည် ဖော်လျက်ရှိရာ ၂၀၁၅ခုနှစ် မေလကုန်ပြီးစီးရေး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်တွင်လည်း တန်ဖိုးသင့်အိမ်ရာ RC ရှစ်ခန်းတွဲများ ဆောက်လုပ်အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းကပြောကြားသည်။

ထို့အပြင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခန့်မှန်းတိုးတက်နှုန်းဖြစ်သည့် လာမည့်နှစ် ၃၀ တွင် တိုးတက် လာမည့်လူဦးရေအား ၁ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ဆတိုးရည်မှန်းလျက် ခေတ်မီအဆင့်မြင့်မြင့် နေထိုင်နိုင်ရေးနှင့် မြေအသုံးချမှုနည်းပါးစေရေးအတွက် တိုးတက်လာသောခေတ်နှင့်အညီ မြို့များတွင် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်၍ လူနေမှုအဆင့်အတန်းတိုးတက်လာစေရန် ရည်ရွယ်လျက် ခရိုင်မြို့ကြီးများအပါအဝင် မြို့နယ်များရှိ မြို့ပေါင်း ၂၃ မြို့ကို Town Plan များ ရေးဆွဲစီစဉ်ဆောင်ရွက်ခဲ့ကြောင်း ၄င်းကပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန Town Planner များမှာမန္တလေး၊ မိတ္ထီလာ၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ညောင်ဦး၊ မြင်းခြံမြို့ကြီး ခြောက်မြို့အတွက် လက်ရှိမြေကွက် အနေအထားအပေါ် မူတည်ပြီး တိုးချဲ့တည်ဆောက်သင့်သည့်ရပ်ကွက်များ၊ လမ်းများ သတ်မှတ်လျက် Town Plan များရေးဆွဲပြီးဖြစ်သည်။

Town Plan များရေးဆွဲမှု အနေဖြင့် ကျန်ရှိမြို့များတွင်လည်း ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်မြေယာပိုင်ဆိုင်သည့် ပိုင်ရှင်များ ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်အကောင်အထည်ဖော်ရန် နှစ်အလိုက် ဆောင်ရွက်ရေးအပြင် ကျေးရွာများတွင် Village Plan များကိုလည်း ရေးဆွဲရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စတင်အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အောင်ရဲသွင်

ချမ်းမြသာစည်မြို့နယ်၌ တည်ဆောက်ပြီးစီးခဲ့သည့် မြရည်နန္ဒာအိမ်ရာ စီမံကိန်း။

မြေကျယ်အမြန်ဆုံး၀ယ်လိုသည်

ရန်ကုန်မြို့အနီးတစ်ဝိုက် (၈ ဧကမှ ၂၅ ဧက) အနည်းဆုံး ဥယျာဉ်ခြံမြေအိမ်ဆောက်နိုင်သော မြေဖြစ်ရပါမည်။

ဖုန်း-၀၉-၃၂၁၉၀၂၂၀၊ (၉၊၁၀-ဧပြီအတွင်း ရုံးချိန်ဆက်သွယ်ရန်)

ဆောင်းပါး

တိုင်းမြန်ပြည် ငြိမ်းအေးစေရန် သွန်းသည့်အတာရေ

ဒေါက်တာဇောင်သန်းဝင်း (အရှေ့တိုင်းပညာ)

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် ပထမဦးဆုံးနှင့်ရက်ကာလ အကြာမြင့်ဆုံးကျင်းပသည့် ပွဲတော်မှာ သင်္ကြန်ပွဲတော်ပင်ဖြစ်သည်။ 'တန်ခူး ရေကုန်၊ ကဆုန်ရေခန်း' ဟုဆိုသည့်အတိုင်း ပူပြင်းခြောက်သွေ့သောကာလ ဖြစ်သည်။ သို့သော်သင်္ကြန်ကာလတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာတတ်သည်။ ယင်းမိုးကို ဖက်ဆွတ်မိုး၊ သင်္ကြန်မိုးဟုခေါ်ကြသည်။ ထိုမိုးကြောင့်ပင် ပိတောက်ပန်းများ ပွင့်လန်းလာခြင်းဖြစ်သည်။

နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးသည် မိမိတို့ ယဉ်ကျေးမှုလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များကျင်းပကြသည်။ နှစ်သစ်၊ နှစ်ဦးကို ဝမ်းမြောက်ပျော်ရွှင်စွာကြိုဆိုကြသည်။ မြန်မာတို့၏နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျင်းပလေ့ရှိသော ပွဲတော်မှာသင်္ကြန်ပွဲတော်ဖြစ်သည်။ မြန်မာတို့သည် နိုင်ငံတစ်ဝန်းလုံး၌ နှစ်သစ်ဦး မဟာအတာသင်္ကြန် ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင် ကြည်နူးစွာဆင်နွဲကြပါသည်။ နွေနေ၏အပူရှိန်အောက်တွင် အတာသင်္ကြန်မေတ္တာရေစင်ကြောင့် ပါဝင်ဆင်နွဲကြသူတိုင်း လန်းဆန်းကြည်နူးလျက်ရှိကြသည်။ တစ်နှစ်တွင် တစ်ကြိမ်သာ ဆင်နွဲရသော ရာသီပွဲတော်ဖြစ်၍လည်း တန်ဖိုးထားကြသည်။

မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန် ရေပက်ကစားသည့်အလေ့အထသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံခဲ့သည်။ ဒေဝဟာနှင့်ကပိလတွင် သက္ကသာဂီန္ဓယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသော ရေကန်ကြီးအနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများဆောက်လုပ်၍ ရေဖျန်းသဘင်ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု သာသနာဝင်ကျမ်းများတွင် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် 'သင်္ကြန္တ' ဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာတို့နှစ်သစ်ကူးချိန်သည် မိန်ရာသီမှမိသရာသီသို့ ကူးပြောင်းချိန်ဖြစ်သည်။ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင်ဖြစ်သည် ။ နက္ခတ်သည် မြို့ကူး သင်္ကြာန်ရှိ ရေဝတီနက္ခတ်ဖြစ်သည်။ တာရာမှာ ဥဗျိုင်းရေဌက်တာရာ ဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ သရဖီပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းတို့ဖြစ်ကြသည်။ မြန်မာတို့က ပိတောက်ပန်းကို သင်္ကြန်ပန်းအဖြစ် အမြတ်တနိုးတန်ဖိုးထားကြသည်။ ပိတောက်ပန်းသည် တန်ခူးလတွင် ပွင့်သောပန်းများ၏မင်းဖြစ်ကြောင်းကို တောင်တွင်းဦးကြော့က အောက်ပါ ကဗျာဖြင့် မှတ်တမ်းတင်ခဲ့သည်။

" လတန်ခူးပေမို့. . . . အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ. . . ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော် စံမတူဘု၊ နန္ဒမူ ဖလ်ကူ ထိပ်မှာလ. . .ပစ္စေကာ ရွှေးတော်သိပ်ရတယ်၊ အေးရိမ်ဆာယာ။ တစ်နှစ်တွင်သည် တစ်လပေပေါ့၊ တစ်လတွင်တစ်ရက်တည်း၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း။ မြှုမင်းလွင့်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ရွှေဝတ်ဆံ၊ ကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်။ ထိုကျောက်စာ၌ 'မီဖုန်၊ သင်္ကြန်၊ စာရိယ၊ ညောင်ရိယ်သွန်မပြယ် စိတ်လျှင်တည်၏' ဟု ရေးထိုးထားသည်။ ထိုကျောက်စာက ပုဂံခေတ်ကတည်းက နှစ်သစ်ကူးပွဲတော် ကျင်းပနေပြီ ဖြစ်ကြောင်း အထင်ရှားဆုံး သာဓကပင်ဖြစ်သည်။

မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်သည် နှစ်သစ်ကူးအထိမ်းအမှတ် ပွဲတော်သတ်သတ်မဟုတ်။ အဓိပ္ပာယ်ရှိရှိနှင့် သတ်သတ်မှတ်မှတ် ကျင်းပသောပွဲဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို မဏ္ဍိုင်ပြု၍ ကျင်းပသောပွဲတော်လည်းဖြစ်ပေသည်။ သင်္ကြန်ကာလရေပက်ခြင်း၏ အလေ့အထနှင့် ရည်ရွယ်ချက်သည်ပင် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းဖြင့် စိတ်ကိုသန့်စင်ကြည်လင်ပြီး အေးမြစေရန် ဖြစ်သည်။

သင်္ကြန်ရေ၏ထူးခြားချက်များလည်း ရှိပေသေးသည်။ သင်္ကြန်ရေပက်သည့် အခါ ရေကောင်းရေသန့်၊ ရေမွှေးများနှင့် ကျန်းမာချမ်းသာပါစေဟူသော စိတ်စေတနာဖြင့် ပက်ဖျန်းခြင်းဖြစ်၍ ကျန်းမာရွှင်လန်းစေသည်။ မည်မျှပင် ရေကြောက်သူများဖြစ်ပါစေ သင်္ကြန်ရေကို တစ်နှစ်တစ်ကြိမ် အပက်ခံကြသည်။ စေတနာသန့်သန့်ဖြင့် ပက်သည့်ရေဖြစ်၍ သင်္ကြန်ရေနည်းသည် မှားသည်မဟု၊ အပူရှပ်ခြင်း၊ ဖျားနာခြင်းမရှိ ရွှင်ရွှင်လန်းလန်းနှင့် နှစ်သစ်ကို ဖြတ်သန်းနိုင်ကြသည်က သင်္ကြန်ရေ၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံဦးသျှောင်ဘုရင်နှင့် မိဖုရားကိုယ်တိုင် ဦးဆောင်၍ ကျင်းပခဲ့ကြသည်။ ထိုသို့ကျင်းပရာတွင်လည်း အကြီးကျယ်ဆုံး၊ အယဉ်ကျေးဆုံးဖြစ်အောင် ကျင်းပသကဲ့သို့ အကောင်းဆုံးအပျော်ဆုံးဖြစ်အောင်လည်း အတီးအမှုတ် အကအခုန်များနှင့် သဘင်စုံခင်း၍ ကျင်းပခဲ့သည်။ ရှေးအခါက သင်္ကြန်ကျသည့်အချိန်ကာလကို ပြည်သူအများ တစ်ပြိုင်နက်တည်း ကြားသိနိုင်ရန် အခါတော်ပေးသည့်အနေဖြင့် ရွှေနန်းတော်က ရွှေမောင်းသံတဒုဒုနှင့် ဗဟိုရ်စည် နောင်ဒိုင်းတီး၍ အချက်ပေးခဲ့သည်။ အချက်ပေးဗဟိုရ်သံကြားသည်နှင့်တစ်ပြိုင်နက် သင်္ကြန်အမြောက်သံ ထွက်ပေါ်လာသည်။ သင်္ကြန်အမြောက်သံကြားလျှင် ပြည်သူ့အပေါင်းတို့သည် အတာအိုး (မြေအိုးငယ်)တွင် ခုနစ်နေ့နံပန်းများကိုစိုက်၍ အမိုးအကာ၏ အပြင်ဘက် ထွက်ကာ အတာအိုးများကို မြှောက်ပင့်လျက် သင်္ကြန်ကြိုကြရသည်။

မြန်မာဘုရင်များလက်ထက်တော်က နှစ်စဉ် သင်္ကြန်ပွဲတော်များကို နန်းတော်အတွင်း၌ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ သင်္ကြန်တော်အခမ်းအနားအစီအစဉ်တွင် ဘုရားငါးဆူပူဇော်ခြင်း၊ အမိအဖများကို ရည်မှန်းကန်တော့ခြင်း၊ ခေါင်းဆေးမင်ဂလာပြုခြင်းနှင့် အတာပွဲတော် တည်ခြင်းများ ပါဝင်သည်။ နှစ်သစ်မင်ဂလာအခါတွင် မင်ဂလာရှိသောလုပ်ငန်းများကို အစအဦးပြု၍ လုပ်ဆောင်ရမည်ဟူသောသန္ဋိဌာန်ဖြင့် မင်ဂလာအခါနှင့် ကိုက်ညီစေရန် ဆောင်ရွက်ကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မင်ဂလာ ထိုဆေးတော်ရည်ကို အတာအိုးတွင်ထည့်၍ ရေကောင်းရေသန့်များနှင့်စပ်ကာ သင်္ကြန်တော်ခေါ်ခြင်း၊ အတာကူးခြင်းအမှုကို ပြုကြသည်။ ရေပက်ကစားရာတွင်လည်း အဆိုပါဆေးတော်ကြီး ပါဝင်သောရေဖြင့် ပက်ဖျန်းကြသည်။

သီပေါမင်းကိုယ်တိုင် လက်မှတ်ရေးထိုးထားသော သင်္ကြန်အမိန့်ပြန်တမ်း တစ်ခုကိုလည်း ဖော်ပြလိုပါသည်။

" ပညာရှိတို့က သက္ကရာဇ် ၁၂၄၀ ခု၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ စနေနေ့ တစ်ချက်တီးအကျော် ၇ နာရီ၊ ၁ ပါဒ်၊ ၁ဗီဇနာအချိန်တွင် ဘာနုရာဇာအမည်ရှိသော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ်သော မိန်ရာသီမှ တန်ခူးဖြစ်သော မိသရာသီသို့ ပြောင်းဝင်ပါသည်။ တန်ခူးလပြည့်ကျော် ၉ ရက် တနလ်ာနေ့၊ နေ့သုံးချက်တီးကျော် ၁ နာရီ၊ ၃ပါဒ်၊ ၇ ဗီဇနာပြန်ပြည့် ၇ ခရာအချိန်တွင် အတာနှစ်သစ် သက္ကရာဇ် ၁၂၄၁ ခုနှစ်သို့ တက်ပါမည်။ သင်္ကြန်ပြောင်းအချိန်တွင် အမြောက်သံပေးမြည်းပြီး ရွှေနန်းတော်၊ လွတ်တော်၊ ဗဟိုရ်စင်၊ ဝင်းရုံး ၄ ရပ်၊ ရှေ့ရုံး၊ အနောက်ရုံး၊ တရားရုံး၊ ရွှေမြို့တော် ဓာတ်တံခါး ၄ ရပ်၊ ထောင့်ပြကြီးများမှာ ညနေကိုသံယာတော် ရှစ်ပါးစီ ပရိတ်တော်ရွတ်မွမ်း၍ နံနက်ဆွမ်းကို လျှုဒါန်းပြီးလျှင် ပရိတ်တော်ရေကို ရှစ်ပါးပုဏ္ဏားတို့ဖျန်းပက်စေ၍ ရွှေမြို့တော်စောင့် ဒိသာဇေယနတ်၊ ရွှေနန်းတော်၊ ရာဇဝယ္လင်ဥကင်တော် ထီးဖြူတော်၊ ထီးကြက်တော်၊ ကိုယ်တော်စောင့်နတ်မှစ၍ သိကြား၊ စတုလောကပါလ သာသနာတော်စောင့်၊ သမ္မာဒေဝနတ်မြတ်တို့အားလည်း အပရိဟာနိယတရားနှင့်အညီ တင်ကြားပသတော် မူသင့်ကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း သင်္ကြန်ပြောင်းအချိန်တွင် အမြောက်သံပေးမြည်းပေး၊ ခန့်ထားစီရင်ရန်ရှိသည်များကို ပြီးပြေအောင်စီရင်၊ စေတီပုထိုး၊ ဗောဓိညောင်တော်များမှာ အတာညောင်ရေကို နှစ်စဉ်ဆက်သွင်းမြဲဆက်သွင်း သွန်းလောင်းလျှုဒါန်းစေ၊ အခါခံရက်အတွင်း ပြည်သူတို့မှာ ထုံး၊ နန္ဒင်း၊ အိုးမဲမသုတ်မသိမ်း၊ မသန့်မပြန့်သည့်ရေများကို မပက်ဖျန်းကြစေနှင့်၊ အမွှေးအထုံ၊ ရေကြည်ရေသန့်များနှင့် နံနက်ခင်း၊ ညနေခင်းကိုသာ ဖျန်းပက်ကြစေ" ဟု သင်္ကြန်သဘင်တွင် လိုက်နာရန်အစီအစဉ်များကို ထုတ်ပြန်ခဲ့လေသည်။

သင်္ကြန်ပွဲတော်ရက်များအတွင်း ကုသိုလ်ကောင်းမှုများလည်း ပြုလုပ်ကြသည်။ သင်္ကြန်ပွဲတော်၏ နှစ်သက်ကြည်နူးဖွယ်အကောင်းဆုံးမှာ သက်ကြီးပူဇော်ပွဲပင်ဖြစ်သည်။ လူငယ်များက သက်ကြီးရွယ်အိုများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ရေချိုးပေးခြင်း စသည့်ကုသိုလ်ကောင်းမှုများအပြင် ရိုသေမြတ်နိုးစွာကန်တော့ကြသည်မှာ ကမ္ဘာတွင်မရှိသော တန်ဖိုးထားရမည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပင်ဖြစ်သည်။ သင်္ကြန်ပွဲတော်ရက်အတွင်း အချို့လူကြီး၊ လူငယ်များသည် တရားစခန်းများတွင် ဝင်ရောက်၍ ဝိပဿနာတရားတော်များ ပွားများအားထုတ်ကြပါသည်။ အချို့အမျိုးသားများသည် ရတောင့်ရခဲလှသော လူ့ဘဝတွင် ဒုလ္လဘရဟန်းများဝတ်၍လည်းကောင်း၊ အချို့အမျိုးသမီးများသည် သီလရှင်ဝတ်၍လည်းကောင်း သင်္ကြန်ရက်များကို ကုသိုလ်ကောင်းမှုများဖြင့် ကုန်လွန်စေသည်မှာ သင်္ကြန်ပွဲတော်နှင့်သင်္ကြန်ရုံးပိတ်ရက်ကို အကျိုးရှိရှိ အသုံးချလိုက်ခြင်းပင်ဖြစ်သည်။

သင်္ကြန်အတွက် ရှောင်ကြဉ်ရမည့် ရှေးကပညတ်ချက် (၁၀)ပါး ရှိသည်။ ယင်းတို့မှာ-(၁) ရုဒ- ငိုကြွေးခြင်း(၂) မေထုန-မေထုန်သံဝါသပြုခြင်း (၃) မံသ-အသားဟင်းလျှာစားသောက်ခြင်း (၄) သုရာ-သေရည်သောက်စားမူးယစ်ခြင်း (၅) ကောဓ-အမျက်ထွက်ခြင်း (၆) ရူဓိရ- သွေး ဖောက်၊ သွေးထုတ်ခြင်း (၇) တေလိက-ဆီလိမ်း၊ဆေးလိမ်းခြင်း (၈) ရူက္ခစ္ဆေဒ-သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခြင်း (၉) ကိဏ-ဝယ်ယူခြင်း၊ ကျီသွင်းခြင်း (၁၀) ဝိက္ကိဏ-ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း စသည်တို့ဖြစ်သည်။ ထိုအချက် (၁၀) ချက်ကိုအထူးပြုရှောင်ကြဉ်နိုင်ပါက လောကီ၊ လောကုတ္တရာအကျိုးစီးပွားများကို ရရှိခံစားရမည်ဖြစ်သည်။

ရှေးအစဉ်အဆက်ကတည်းက ခိုင်မာစွာပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုမပျက်ဆင်နွဲရန် အရေးကြီးပေသည်။ ခေတ်ကိုအကြောင်းပြု၍ တာသင်္ကြန်ကို မည်စန္ဒမ်းစေလိုပါ။ မိမိပျော်ရွှင်မှုကြောင့် အများကိုမထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ဂုဏ်သရေမည်းနွမ်းစေရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့တာသင်္ကြန်ပွဲတော်ကို အမျိုးသားရေးလက္ခဏာတစ်ရပ်အနေဖြင့် ရိုးရာမပျက် မှန်မှန်ကန်ကန် ဆင်နွဲကြရန်လိုသည်။ ရေတွင် မင်ဂလာနိမိတ်သုံးပါးရှိသည်။ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းစေနိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်းတည်ရှိနေခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် ထိုရေနိမိတ်သုံးပါးနှင့်အညီ တိုင်းမြန်ပြည် ငြိမ်းအေးစေရန် သွန်းသည့်အတာရေဖြစ်ရန်လိုကြောင်း ရေးသားလိုက်ရပေသည်။

ရှေးအစဉ်အဆက်ကတည်းက ခိုင်မာစွာပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုမပျက်ဆင်နွဲရန် အရေးကြီးပေသည်။ ခေတ်ကိုအကြောင်းပြု၍ တာသင်္ကြန်ကို မည်စန္ဒမ်းစေလိုပါ။ မိမိပျော်ရွှင်မှုကြောင့် အများကိုမထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ဂုဏ်သရေမည်းနွမ်းစေရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့တာသင်္ကြန်ပွဲတော်ကို အမျိုးသားရေးလက္ခဏာတစ်ရပ်အနေဖြင့် ရိုးရာမပျက် မှန်မှန်ကန်ကန် ဆင်နွဲကြရန်လိုသည်။ ရေတွင် မင်ဂလာနိမိတ်သုံးပါးရှိသည်။ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းစေနိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်းတည်ရှိနေခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် ထိုရေနိမိတ်သုံးပါးနှင့်အညီ တိုင်းမြန်ပြည် ငြိမ်းအေးစေရန် သွန်းသည့်အတာရေဖြစ်ရန်လိုကြောင်း ရေးသားလိုက်ရပေသည်။

ရွှေပါတော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတစ်ရပ်လုံးကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်

နေပြည်တော် ဧပြီ ၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမန်းအောင်တင်မြင့်က **"လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်မည့် လွှတ်တော်အိမ်ရာ အဆောက်အအုံများကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကာလမတိုင်မီ အပြီးတည်ဆောက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ဦးမန်းအောင်တင်မြင့်က အဆိုတင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်မှ စီမံပေးသည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်ခဲ့ကြရပါကြောင်း၊ စည်ပင်ဧည့်ရိပ်သာသည် နိုင်ငံပိုင် အဆောက်အအုံဖြစ်သည့်အတွက် ပါတီနိုင်ငံရေးဆိုင်ရာ လုပ်ဆောင်မှုများ ဆောင်ရွက်ရန် မသင့်ဟု အကြောင်းကြားလာပါကြောင်း၊ စည်ပင်ဧည့်ရိပ်သာသည် နိုင်ငံပိုင် အဆောက်အအုံဖြစ်သဖြင့် ပါတီနိုင်ငံရေးဆိုင်ရာဆောင်ရွက်မှုများ လုပ်ဆောင်ရန်မသင့်ဟု ကန့်သတ်ခြင်းသည် နိုင်ငံရေးပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် အခက်အခဲဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တည်းခိုဆောင်များကို သီးသန့်တည်ဆောက်နိုင်မှသာ ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်စည်ပင်ရိပ်သာတွင် တည်းခိုရသည်မှာ များစွာအခက်အခဲရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် လွှတ်တော်အဆောက်အအုံအိမ်ရာများအတွက် ရရှိသည့်ဘတ်ဂျက်ကို ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်ရန် ပြန်လည်ပေးအပ်ရန် စီစဉ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စဖြစ်သည့်အတွက် ခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် သဘောတူခဲ့ပါကြောင်း၊ ယခုလိုအပ်နေသည့် လွှတ်တော်ကိုယ်စားလှယ် အိမ်ရာများအတွက် ဘတ်ဂျက်လွှဲပြောင်းသုံးစွဲရန် အဆင်ပြေနိုင်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက လွှတ်တော်အိမ်ရာများကို လွှတ်တော်နှင့် အနီးဆုံးနေရာတွင် ဆောက်လုပ်စေလိုပါကြောင်း၊ သို့မှသာ ပြည်သူ့အတွက် ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းများ များပြားသည့်အတွက် အချိန်ချို့နိုင်လျှင် ကော်မတီလုပ်ငန်း၊ လွှတ်တော်လုပ်ငန်းများကို ပိုမိုအချိန်ပေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ဖြင့် တင်သွင်းသည်။

ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်စည်ပင်ရိပ်သာတွင် တည်းခိုရသည်မှာ များစွာအခက်အခဲရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် လွှတ်တော်အဆောက်အအုံအိမ်ရာများအတွက် ရရှိသည့်ဘတ်ဂျက်ကို ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်ရန် ပြန်လည်ပေးအပ်ရန် စီစဉ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စဖြစ်သည့်အတွက် ခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် သဘောတူခဲ့ပါကြောင်း၊ ယခုလိုအပ်နေသည့် လွှတ်တော်ကိုယ်စားလှယ် အိမ်ရာများအတွက် ဘတ်ဂျက်လွှဲပြောင်းသုံးစွဲရန် အဆင်ပြေနိုင်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတစ်ရပ်လုံးကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအဆိုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာဥပဒေ၊ အကောက်အခွန်ဆိုင်ရာဥပဒေများကို အတည်ပြု ပြဋ္ဌာန်းပြီးသည့်အချိန်တွင် တင်ပြခြင်းဖြစ်၍ အမျိုးသားစီမံကိန်းဥပဒေနှင့် လုပ်ငန်းစဉ်များအပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ရန် အဆိုပြုခြင်းသဘောဖြစ်ပါသဖြင့် မသင့်လျော်ပါကြောင်း၊ ဥပဒေအနေဖြင့်လည်း ချက်ချင်းပြင်ဆင်ဖြည့်စွက်ရန် သင့်တော်ခြင်းရှိ၊ မရှိ အလေးအနက်စဉ်းစားရန် လိုအပ်ပါကြောင်း။

ပါတီအသီးသီးကို ကိုယ်စားပြုလျက်ရှိသည့် ကိုယ်စားလှယ်များ၏ အမျိုးသားစီမံကိန်းတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ပေးရေး၊ စီမံကိန်းကိုအခြေပြု၍ ဘဏ္ဍာငွေဖြည့်စွက်ပေးရန် အဆိုပြုခြင်းကိစ္စနှင့် နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွင် ခေါင်းစဉ်သစ်အဖြစ် ထပ်မံထည့်သွင်းရန်အဆိုပြုခြင်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်၏ ဦးစားပေးအစီအစဉ်၊ ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဆီလျော်ကိုက်ညီမှု မရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကလည်း လွှတ်တော်ကိုယ်စားလှယ်များ တာဝန်အရ ခရီးသွားလာသည့် အချိန်တွင် နိုင်ငံတော်က အခမဲ့တည်းခိုနိုင်ရန် စီစဉ်ပေးနိုင်က စီစဉ်ပေးရန်ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်သည့်အချိန်တွင် ယင်းတို့တည်းခိုနေထိုင်သည့် တည်းခိုနေထိုင်စရိတ်အတွက် သက်ဆိုင်ရာဥပဒေများအရ ခံစားခွင့်ပြုပြီး ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုဆောင်များကို နိုင်ငံတော်မှ သီးသန့်တည်ဆောက်ပေးရန် ကိစ္စသည် ဥပဒေပြဋ္ဌာန်းချက်များတွင် ပါဝင်ခြင်းမရှိဟု သဘောရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်အများစုသည် သက်ဆိုင်ရာပါတီများကို ကိုယ်စားပြု၍ ရွေးကောက်ခံရသူများ ဖြစ်သည့်အလျောက် ပါတီလုပ်ငန်းတာဝန်များကိုလည်း ပူးတွဲထမ်းဆောင်ကြရသဖြင့် နိုင်ငံရေးပါတီနှင့် သက်ဆိုင်သည့် အစည်းအဝေးများ ကျင်းပခြင်းနှင့် ပါတီ၏သဘောထားရယူဆောင်ရွက်ရခြင်းများကို နိုင်ငံပိုင် အဆောက်အအုံများတွင် ဆောင်ရွက်ခြင်းပြုပါက နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် နိုင်ငံပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရယူသုံးစွဲခြင်း ပြုရာရောက်နိုင်သဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)ပါ "နိုင်ငံပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့်အဖွဲ့အစည်းကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားခွင့်မရှိစေရ"ဟူသည့် ပြဋ္ဌာန်းချက်နှင့် ငြိစွန်းနိုင်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ လွှတ်တော်တွင် ရပ်ဆိုင်းထားမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ အမြန်လမ်းမကြီးများ ဥပဒေကြမ်း၊ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း** တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းများကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကလေးသူငယ်များအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ အဓမ္မစေခိုင်းခြင်းများအား ထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်

နေပြည်တော် ဧပြီ ၈

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အလုပ်မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းသည့် **"အရွယ်မရောက်သေးသော ကလေးသူငယ်များအား အဓမ္မစေခိုင်းမှုများ၊ စွန့်ပစ်ခံရမှုများ၊ ရောင်းစားမှုများ ပဗျောက်စေရန်နှင့် တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရန်၊ အသက်မပြည့်သည့် ကလေးများအား စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်း၊ တပ်သားစုဆောင်းရာတွင် အရွယ်မရောက်သေးသူနှင့် အုပ်ထိန်းသူမပါသော ကလေးများအား ခွင့်မပြုခြင်းကို စည်းကမ်းသတ်မှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထိုသို့ဖြေကြားရာတွင် ဒုတိယဝန်ကြီးက ကလေးသူငယ်များ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အန္တရာယ်ရှိ လုပ်ငန်းခွင်များတွင် ခိုင်းစေခြင်း၊ လုပ်ငန်းခွင်၌အနိုင်ကျင့်ခြင်း၊ အကျင့်စာရိတ္တထိခိုက်စေမည့် ယစ်မျိုးဆိုင်များတွင် ခိုင်းစေခြင်း၊ မီးပွိုင့်များ၊ လမ်းဆုံလမ်းခွများ၊ စျေးများ၊ ရပ်ကွက်များတွင် တောင်းရမ်းလုပ်ကိုင်ရန် ခိုင်းစေခြင်း၊ ကလေးသူငယ်များစွန့်ပစ်ခြင်း၊ ရောင်းစားခြင်းများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေ၊ ယစ်မျိုးဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်များဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

ကလေးသူငယ်များ စွန့်ပစ်မှု၊ ခိုးယူရောင်းစားမှုများ ပပျောက်ရေးအတွက် သီးခြားစီမံချက်ချမှတ်ဆောင်ရွက်ခြင်းမရှိသော်လည်း ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးပြီး တည်ဆဲဥပဒေများဖြင့် အရေးယူအပြစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိဘကသော်လည်းကောင်း၊ ထိန်းသိမ်းသူကသော်လည်းကောင်း အသက် ၁၂ နှစ်အောက်ကလေးကို စွန့်ပစ်ခြင်းကျူးလွန်ပါက ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်နိုင်ပါကြောင်း၊ ကလေး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်အတည်ပြု

နေပြည်တော် ဧပြီ ၈

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေး

ပြည်သူ့ ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဒေါ်ရီရီမြင့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

တင်ပြသည်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က ချင်းပြည်နယ် အတွင်းရှိ လမ်းတံတားကဏ္ဍများနှင့် ပတ်သက်၍ ကော်မတီအစီရင်ခံစာ စာမျက်နှာ (၁၇/၁၈)တွင် ပြီးစီး

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ခြင်းမရှိသေးသည့် လုပ်ငန်းများနှင့် ငွေထုတ်ပေးရန် ကျန်ရှိမှုများ၏ ခေါင်းစဉ်ဖော်ပြချက်နှင့်စပ်လျဉ်း၍ အမှန်တကယ်မြေပြင်တွင် ဖြစ်ပျက်နေသည့် ပကတိအခြေအနေများကို ဝေဖန်ထောက်ပြလိုပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ် ၂၄ ရက်ထိ ချင်းပြည်နယ် လမ်းတံတားကဏ္ဍတွင် ကျပ်သန်း ၁၀၈ ဒသမ ၅၂၅ ကျန်ရှိနေသည်ကို ဖော်ပြထားပါကြောင်း၊ ရက်လွန်ကြေးကိုလည်း တင်ဒါစည်းကမ်းနှင့်အညီ ကောက်ခံမှု အားနည်းနေသည်ကိုလည်း အစီရင်ခံစာတွင် တင်ပြထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သူနှင့် လုပ်ငန်းကြီးကြပ်သူ နှစ်ဖက်စလုံး၏ တာဝန်ယူမှု တာဝန်ခံမှု အားနည်းနေသည်မှာ သိသာပါကြောင်းဖြင့် ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးသိန်းလှိုင်က နိုင်ငံတော်ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ဆည်ကြီးချောင်းကူး သံကူကွန်ကရစ်တံတား မိုးရာသီကာလတွင် အသုံးပြုမရနိုင်ပါကြောင်း၊ အလားတူ မြောက်တွန်လှော်ကျေးရွာရှိကျောင်းဆောင်သည်လည်း ရေရှည်တည်တံ့ခိုင်ခံ့မှု မရှိနိုင်ပါကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးကြပ်မှု

စာမျက်နှာ ၁၀ ကော်လံ ၆ သို့

ပြည်တွင်းသတင်း

တူညီတဲ့ပန်းတိုင်ကို ချီတက်ကြတဲ့နေရာမှာ အချင်းချင်းနားလည်မှုရှိရှိနဲ့ အတူလက်တွဲချီတက်ကြဖို့တိုက်တွန်းလို

နိုင်ငံတော်သမ္မတဦးသိန်းစိန်

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲကိုယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ၎င်းရှေ့ဝါခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးဘဏ်ထွန်း၊ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဒုတိယဥက္ကဋ္ဌ ဦးဌေးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးသန်းတင်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)မှ ဦးခင်မောင်ဆွေ၊ ညီနောင်တိုင်းရင်းသားများပါတီဖက်ဒရေးရှင်း (NBF) မှ ဦးစိုင်းအိုက်ပေါင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားပါတီများမှ ခေါင်းဆောင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများစုစုပေါင်း ၄၃ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် အသွင်ကူးပြောင်းရေးကာလ၏ အလွန်အရေးပါသည့် အလှည့်အပြောင်းကာလကို ရောက်ရှိနေသည့်အတွက် မိမိအနေဖြင့် နိုင်ငံရေးအင်အားစုများ အကြားတွေ့ဆုံမှုတွေကို ပုံစံမျိုးစုံဖြင့် ပြုလုပ်သွားမည်ဆိုသည်ကို ထပ်လောင်းပြောချင်ပါကြောင်း၊ မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်မှအဆိုပြုထားသည့် နိုင်ငံရေးခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးရေးဆိုသည့် ကိစ္စကိုလည်း မကြာမီအချိန်အတွင်းမှာ ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်းကို လည်း အသိပေးလိုပါကြောင်း။

မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုက်ရိုက်ဆက်စပ်နေခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ကြီးမားသည့် တက်လှမ်းမှုတစ်ခုဖြစ်သည့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် NCA မူကြမ်းကို ညှိနှိုင်းပြီးစီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ NCA မူကြမ်းရရှိလာခြင်းသည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကာလနောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးအစဉ်တစိုက် တောင်းဆိုခဲ့ကြသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အရေးကြီးဆုံးသဘောတူညီချက်တစ်ခုကိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြားကျယ်ပြန့်သည့် သဘောတူညီမှုတစ်ခုရရှိခဲ့ခြင်း ဖြစ်ပါကြောင်း။

ဤစာချုပ်မူကြမ်း သဘောတူညီချက်ရရှိခြင်းကို နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြပါကြောင်း၊ ပြည်တွင်းမှလည်း နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကြိုဆိုမှုများရရှိနေသည်ကို အားလုံးသိပြီဖြစ်ပါကြောင်း။

ယင်းမှာငြိမ်းချမ်းရေးဖြစ်စဉ်တွင် အလွန်အရေးကြီးသည့် တက်လှမ်းမှုတစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် NCCT တို့၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း မိမိတို့အနေဖြင့် ချီးကျူးဂုဏ်ပြုရမည်ဖြစ်ပါကြောင်း။

NCA ကိုအပြီးသတ် လက်မှတ်ရေးထိုးရန် အလျင်အမြန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာနောက်တစ်ဆင့်တက်လှမ်းရမည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများမှာ Stake-holders များအားလုံးသည် မိမိတို့ကိုယ်စားပြုမှုအတိုင်း ပါဝင်ဆွေးနွေးခွင့်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများမတိုင်မီတွင် နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်လည်း အရေးကြီးပါကြောင်း၊ သို့မှသာမည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအစမှနေ၍ ပြန်စစရာမလိုဘဲ အပစ်အခတ်ရပ်စဲရေးမှရှေ့ဆက်သွားရမည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုကို ကိုင်ပြီးဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ NCA ကို အောင်မြင်စွာ အပြီးသတ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အားလုံးပိုင်းဝန်းကြိုးပမ်းပေးကြပါဟု တိုက်တွန်းလိုပါကြောင်း။

ထပ်လောင်းရှင်းပြလိုသည်မှာ NCA မှာ ပါဝင်သည့်အချက်အားလုံးလိုလိုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အဆိုပြုခြင်းဖြစ်ပြီး မိမိတို့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသည် ငြိမ်းချမ်းရေးရလိုသည့် ဆန္ဒဖြင့်ညှိနှိုင်းခဲ့ခြင်းဖြစ်ပါကြောင်း။

အထွေထွေ ရွေးကောက်ပွဲများသည်လည်းနိုင်ငံရေးပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ရွေးကောက်ပွဲအဖြစ် သမိုင်းဝင်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အစိုးရအနေဖြင့်လည်းအုပ်ချုပ်ရေးနည်းလမ်းများကို အသုံးပြုပြီး ရွေးကောက်ပွဲများကိုပွင့်လင်းလွတ်လပ်ပြီး မျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် အစွမ်းကုန် ကြိုးပမ်းပေးမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ ကြားကာလနိုင်ငံရေးတည်ငြိမ်မှုသည် အလွန်အရေးကြီးပါကြောင်း။

ရွေးကောက်ပွဲကာလများတွင် ဖြစ်ပေါ်လာတတ်သည့် အငြင်းပွားမှုများ၊ လူမျိုးရေး၊ ဘာသာရေး အသွင်ဆောင်သည့် အဓိကရုဏ်းများ၊ မြင့်မားသည့်မျှော်လင့်ချက်များကိုအခြေခံပြီး ဆန္ဒဖော်ထုတ်မှုနိုဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ တစ်တွေသည် မတူကွဲပြားသည့် အယူအဆများရှိကြမည်ဖြစ်သကဲ့သို့ တူညီသည့်အချက်များလည်းများစွာရှိကြပါကြောင်း၊ တူညီသည့် အချက်များကို တိုင်းပြည်အတွက် လက်တွဲလုပ်ကြမည်၊ မတူကွဲပြားသည့်သဘောထားများကို ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးအဖြေရှာ သွားကြမည်ဆိုသည့်နိုင်ငံရေးယဉ်ကျေးမှုအသစ်ကိုမိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ငြင်းခုံမှုများ၊ ပဋိပက္ခဖြစ်မှုများ၊ များစွာ လျော့နည်းသွားစေခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

စနစ်သစ်တစ်ခုမှ စနစ်သစ်တစ်ခုသို့ ပြောင်းလဲတည်ဆောက်ကြရာတွင် အတွေ့အကြုံနည်းပါးမှု၊ အလေ့အကျင့်နည်းပါးမှုတို့ကြောင့် ဆန္ဒလောဘများမှတစ်ဆင့် ဆန္ဒဒေါသများ ဖြစ်ပေါ်လာပြီးအားမလိုအားမရဖြစ်မှုများ၊ မကျေမနပ်ဖြစ်မှုများ ရှိနေကြသည်ကို မိမိတို့ နားလည်သိရှိပါကြောင်း၊ ပြဿနာအားလုံးသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကြောင့် အဖွဲ့အစည်းတစ်ခုကြောင့်ဟု မယူဆဘဲ အားလုံးကတာဝန်ရှိသည်ဟု နားလည်စာနာပြီးအသီးသီး မျှဝေစာနာကြမည်၊ မျှဝေတာဝန်ယူကြမည်ဆိုလျှင် ဖြစ်ပေါ်လာသည့် ပြဿနာများသည် လျော့နည်းပျောက်သွားမည် ဖြစ်ပါကြောင်း။

ယနေ့တွင် တိုင်းရင်းသားအားလုံး ငြိမ်းချမ်းရေးရလိုသောတူညီသည့် ဆန္ဒကိုအခြေခံပြီး အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် Dialogue ဆက်သွားနိုင်အောင် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များ သာမကအခြားသောတိုင်းရင်းသားခေါင်းဆောင်များ၊ ပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များလည်း ပါဝင်ကြရမည်ဖြစ်ပါကြောင်း။

ဒုတိယအရေးကြီးသည့် ကိစ္စတစ်ရပ်မှာယခုနှစ် အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးဖြစ်ပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံအများအပြားကတိုက်တွန်း ပြောကြားနေသကဲ့သို့ တစ်ဖက်ကလည်း စောင့်ကြည့်နေကြပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲတစ်ရပ်၏ လုပ်သင့်လုပ်ထိုက်သည်များကို အစွမ်းကုန်ကြိုးပမ်းပြင်ဆင်လျက်ရှိပါကြောင်း။

ယခုရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်နေသကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲဖြစ်အောင် နိုင်ငံသားအားလုံးကလည်း တာဝန်သိသိဖြင့်ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်ပါကြောင်း၊အစိုးရအဖွဲ့အနေဖြင့်လည်း ကျရာတာဝန်ကိုအစွမ်းကုန် ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့အားလုံးသည် ဒီမိုကရေစီပန်းတိုင်ကို အတူလျှောက်လှမ်းနေကြသူများဖြစ်ပါကြောင်း၊ လမ်းကြောင်းအသီးသီး ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် သွားနေကြသော်လည်း ရည်မှန်းချက်ပန်းတိုင်သည် တစ်ခုတည်းပင်ဖြစ်ပါကြောင်း၊ တူညီသည့် ပန်းတိုင်ကိုချီတက်ကြသည့်နေရာတွင် အချင်းချင်းနားလည်မှု ရှိရှိဖြင့် အတူလက်တွဲချီတက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ယခုရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်နေသကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် နိုင်ငံသားအားလုံးကလည်း တာဝန်သိသိဖြင့် ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် လည်း ကျရာတာဝန်ကို အစွမ်းကုန် ကူညီဆောင်ရွက်သွားမည်။

ထေ့ွဆုံဖေးမြန်း

အရေးကြီးတာက စစ်မှန်တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့၊ တန်းတူတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့လိုတယ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧပြီ ၈ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥရွေဝါခန်းမ၌ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများ၏ သုံးသပ်ဆွေးနွေးချက်များကို မြန်မာ့သတင်းစဉ်(ပြည်တွင်း)သတင်းအဖွဲ့က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မြန်မာ့သတင်းစဉ်
(သတင်းအဖွဲ့)

ဒေါ်အောင်ဆန်းစုကြည်

ဦးခင်မောင်ဆွေ

ဦးဇိုဇမ်း

ဦးစောထွန်းအောင်မြင့်

ဒေါက်တာမင်းနွယ်စိုး

ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ

ဆွေးနွေးပွဲကတော့ ဒါမျိုးတွေ နောက်ထပ်လုပ်ဖို့ စဉ်းစားတယ်လို့ နားလည်ပါတယ်။ ဖြစ်နိုင်ရင်တော့ အမြဲပဲ မျှော်လင့်ကြတာပဲလေ။ ဒါပေမယ့် မျှော်လင့်တယ်ဆိုတာ အလုပ်လုပ်မှ၊ ကြိုးစားမှ မျှော်လင့်ပိုင်ခွင့်ရှိတယ်။

ဦးခင်မောင်ဆွေ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)

ဆွေးနွေးပွဲကတော့ ဒီသတ်မှတ်ထားတဲ့ အချက်(၃)ချက်ကို ဆွေးနွေးတာ။ အားလုံးလိုလိုရဲ့ သဘောထားကနီးနေကြတာ တွေ့ရတယ်လေ။ ရွေးကောက်ပွဲ ဖြစ်မြောက်ဖို့ကလည်းပဲ ကတိကဝတ် သဘောမျိုး ဖြစ်သွားတာပေါ့။ ဒါပေမယ့် ပြန်လှန်မေးကြတဲ့အခါ ရွေးကောက်ပွဲက အပြင်မှာမဖြစ်ဘူးလိုလိုထင်နေတာတွေကို ဖြစ်မယ်ဆိုတဲ့ သဘောရောက်သွားတာပေါ့။ နောက်တစ်ခါ အပစ်အခတ်ရပ်စဲရေးမှာလည်း ရှေ့ဆက်သွားဖို့ဘယ်လိုမူဘောင်တွေ ချပြီးတော့ သွားမလဲဆိုတဲ့ ဆွေးနွေးပွဲတွေ ဖြစ်အောင် လုပ်ဖို့အတွက်လည်း အားလုံး သဘောတူကြတယ်။ ဒီကနေ့ ခြောက်ပွင့်ဆိုင်ကလည်း ပဲဖြစ်မယ်လို့ သမ္မတကိုယ်တိုင် ပြောသွားပြီဆိုတော့ နိုင်ငံရေး ပြေလည်မှု တစ်ခုဆီ ဦးတည်သွားနေတယ်လို့ ယူဆနိုင်ပါတယ်။ တချို့ဟာတွေလည်း ပြောလို့ မရတာလည်းပါတာပေါ့။ အဓိကအကျဆုံးအချက်ကတော့ ဒါပါပဲ။ နိုင်ငံအတွက် ဆောင်ရွက်တဲ့အခါမှာ စိတ်ရင်းစေတနာ ကောင်းကောင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ တက်ရောက်ပြီးတော့ ငြိမ်းချမ်းရေး ရအောင်လုပ်ဖို့ကအားလုံးက သဘော တစ်ခုတည်းဖြစ်နေတော့ အဲဒါပဲ အဓိကကျတယ်လို့ ပြောရမှာပေါ့။ ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲကလည်း သမ္မတပြောသွားတဲ့အခါကျတော့ မျှော်လင့်နေကြတာတွေ ဖြစ်လာစရာ အကြောင်းရှိနေပြီလို့လည်း မှတ်ချက်ပေးနိုင်တာပေါ့။

ဦးဇိုဇမ်း(ဥက္ကဋ္ဌ) ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ

ဒီနေ့မှာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းနဲ့ကို ဆွေးနွေးဖြစ်ပါတယ်။ အားလည်းအားရပါတယ်။ အားလုံးက ပွင့်ပွင့်လင်းလင်းနဲ့ အပြုသဘောဆောင်ပြီး ဆွေးနွေးဖြစ်တာ ဒီတစ်ခါပဲ ကြုံဖူးပါတယ်။ အောင်မြင်တယ်လို့လည်း ပြောချင်ပါတယ်။ ကျွန်တော့် အနေနဲ့လည်း အခြေခံဥပဒေပြင်ဆင်တဲ့ကိစ္စမှာ နောင်လာနောက်သားတွေအတွက် ကောင်းတဲ့အရာတစ်ခု ကျန်ခဲ့ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။ ဥပမာအနေနဲ့ ဘယ်အစိုးရပဲ တက်တက် ဒီအစိုးရလုပ်တာကိုင်တာ အဆင်မပြေဘူးဆိုရင် မဲခွဲဆုံးဖြတ်ပြီးမှ အစိုးရကို အယုံအကြည်မရှိ အဆိုတင်သွင်းခွင့်ဆိုတာမျိုးကို လုပ်ဖို့၊ နောက်ပြီး ရွေးကောက်ပွဲမတိုင်ခင်မှာ ပြည်နယ်ဝန်ကြီးချုပ်ကို ကိုယ့်ရဲ့ ပြည်နယ်ကနေ ရွေးချယ်နိုင်တဲ့ အခြေအနေမျိုး ရောက်ဖို့တို့ကို ဆွေးနွေးခဲ့ပါတယ်။ ခါတိုင်းဆိုရင်တော့ သမ္မတကနေ ရွေးချယ်ပေးတဲ့ ကိစ္စမျိုးဖြစ်တဲ့အတွက် ၂၀၁၅ မတိုင်ခင်မှာ ကိုယ်ရဲ့ပြည်နယ်ဝန်ကြီးချုပ်ကို ကိုယ့်ရဲ့လွှတ်တော်ထဲကနေ ရွေးချယ်ချင်တယ်ဆိုတာမျိုးကို ဆွေးနွေးနိုင်ခဲ့တယ်။

ဦးစောထွန်းအောင်မြင့်(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့) ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

ဒီနေ့သမ္မတကြီးရဲ့ ဖိတ်ခေါ်ဆွေးနွေးချက်တွေကတော့ ငြိမ်းချမ်းရေးကိစ္စ၊ ၂၀၁၅ ရွေးကောက်ပွဲနဲ့ ကော်မရှင်ကိစ္စ ရွေးကောက်ပွဲမတိုင်မီ ကြားကာလ တည်ငြိမ်ရေးကိစ္စတွေပါပဲ။ ငြိမ်းချမ်းရေးကိစ္စအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်မှုအပေါ်မှာ ထောက်ခံတာပေါ့။ ရွေးကောက်ပွဲအတွက်ကတော့ ပွင့်လင်းလွတ်လပ်ပြီး တရားမျှတစွာ လုပ်ပေးမယ်ဆိုတော့ ဝမ်းသာရတာပေါ့။ ကြားကာလ တည်ငြိမ်ရေးကိစ္စကတော့ တိုင်းရင်းသားရေးရာဝန်ကြီးတွေရယ်၊ နိုင်ငံရေးပါတီအားလုံးရယ် ပူးပေါင်းပြီး ဆောင်ရွက်နိုင်ရင် ပိုမိုကောင်းမွန်မယ်။ ဆိုလိုတာက နိုင်ငံရေးပါတီတွေကိုလည်း လမ်းကြောင်းတွေ ပိုဖွင့်ပေးဖို့ပေါ့။ ဒါမှလည်း ပါတီတွေ ပိုလှုပ်ရှားနိုင်မယ်။ ပါတီတွေက လူထုနဲ့ ပိုမိုထိတွေ့ရတယ်။ လူထုကလည်း ပါတီတွေထဲကပဲ ရွေးချယ်ပေးတာကိုး။ တိုတိုရှင်းရှင်းပဲ သမ္မတက ပြောပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA မူကြမ်းလက်မှတ်ရေးထိုးတာကတော့ ပြောရမယ်ဆိုရင် သမ္မတကြီးက ဇောက်ချလုပ်တယ်။ Myanmar Peace Center (MPC)ကလည်း စိတ်ရှည်တယ်။ NCCT အနေနဲ့ကလည်း တကယ်ပဲလိုချင်တယ်။ ဒါကြောင့်မို့လည်း အောင်မြင်လာတာပေါ့။ ၃ နှစ်လောက်လုပ်လာခဲ့တာ ဒီအထိ ရောက်ဖို့က မလွယ်ဘူးလေ။ ရှေ့လျှောက်အလားအလာက ကောင်းမယ်လို့ ယုံကြည်တယ်။ သူတို့ကလည်း(NCCT)ကို ပြန်တင်ပြမယ်။ ပြန်တင်ပြပြီးရင် လက်မှတ်ထိုးဖို့ လာကြမှာပေါ့။ ငြိမ်းချမ်းရေးက လိုအပ်တယ်။ တိုင်းပြည်အေးချမ်းမှ တိုးတက်မယ်။ တိုင်းသူပြည်သားတွေလည်း စားဝတ်နေရေးပြေလည်မယ်။ ငြိမ်းချမ်းရေးကို တစိုက်မတ်မတ် လုပ်ရမယ်။ အရေးကြီးတာက စစ်မှန်တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့၊ တန်းတူတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့လိုတယ်။ တိုင်းရင်းသားတွေ လိုအပ်တဲ့ ဖက်ဒရယ်၊ ဒီမိုကရေစီကို အလေးထားဖို့လိုတယ်။

ဒေါက်တာမင်းနွယ်စိုး၊ အထွေထွေအတွင်းရေးမှူး မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

ဒီနေ့ဆွေးနွေးပွဲမှာ အဓိက အချက်သုံးချက်ကို ဆွေးနွေးခဲ့ပါတယ်။ ပထမအချက်ကတော့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ပေါ့။ နောက်တစ်ခုကတော့ အထွေထွေရွေးကောက်ပွဲနဲ့ အသွင်ကူးပြောင်းရေးပါ။ နောက်တစ်ခုကတော့ ရွေးကောက်ပွဲမတိုင်ခင်မှာ တည်ငြိမ်အေးချမ်းရေးပါ၊ ဒီသုံးခုကို အဓိကဆွေးနွေးခဲ့ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ အမျိုးစုဆွေးနွေးကြတာကတော့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အားလုံးက ကြိုဆိုထောက်ခံတဲ့ အနေအထားပါ။ တချို့ကလည်း ဆက်သွားရမယ့် ကိစ္စတွေဖြစ်တဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတို့၊ Road map တို့ ဒါတွေကို အောင်မြင်အောင် ဆက်သွားကြဖို့ကို တိုင်းရင်းသားအားလုံးက ဆန္ဒပြုကြပါတယ်။ အထွေထွေရွေးကောက်ပွဲကတော့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် လုပ်ပေးဖို့ကို ဆွေးနွေးခဲ့ကြပါတယ်။

နောက်တစ်ချက်ကတော့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးတည်ငြိမ်မှုမရှိရင် ရှုပ်ထွေးမှုတွေဖြစ်လာမှာပါ၊ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းအောင် နည်းလမ်းတွေရှာပြီး အားလုံးက ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ဖို့ကိုလည်း အဓိက ဆွေးနွေးခဲ့ကြပါတယ်။

မိမိတို့ပါတီအနေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကြိုဆိုထောက်ခံတယ်။ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေကို ဆက်လုပ်ဖို့၊ ပြည်ထောင်စုညီလာခံလိုမျိုးလုပ်ဖို့၊ နောက်ပြီးတော့ နှစ်ဖက်စလုံးက ပြည်သူ့တွေကိုကြည့်ပြီးတော့ လုပ်ငန်းစဉ်တွေကို အောင်မြင်အောင် ဆောင်ရွက်ပေးဖို့ကို ဆွေးနွေးခဲ့ပါတယ်။

လွတ်လပ်တဲ့ ရွေးကောက်ပွဲကိစ္စရပ်နဲ့ ပတ်သက်လို့ကတော့ ကော်မရှင် ဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ လုပ်ပေးမယ်လို့ ပြောတာကို ကျွန်တော်တို့ လက်ခံတယ်၊ တကယ်ဖြစ်လာအောင် လုပ်ပေးခဲ့ရင်လည်း အသွင်ကူးပြောင်းရေးကို အထောက်အကူဖြစ်မယ်။ ရွေးကောက်ပွဲမတိုင်မီ တည်ငြိမ်အေးချမ်းဖို့နဲ့ ပတ်သက်လို့ကတော့ အချက်နှစ်ချက်ကို အကျဉ်းချုပ် ဆွေးနွေးခဲ့ပါတယ်။ ။

သတင်းထုတ်ပြန်ကြေညာချက်

၁။ အမျိုးသားလွှတ်တော်တွင် (၈-၄-၂၀၁၅)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘတ်ဂျက်အစည်းအဝေးတွင်ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ပလက်ဝမြို့နယ်မှ တံတားတစ်စင်းနှင့် ကလေးဝမြို့နယ်မှ တံတားတစ်စင်းတို့အား အမှန်တကယ်ပြီးစီးမှုမရှိကြောင်း ဓာတ်ပုံမှတ်တမ်းများကို Projector ဖြင့် မှားယွင်းစွာ ဖော်ပြဆွေးနွေးခဲ့ပါသည်။

၂။ အဆိုပါလုပ်ငန်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများမဟုတ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

အေဒီဘီမှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဆောင်ရွက်ရန် လျာထားသည့်အစီအမံနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၈

ပြည်သူ့လွှတ်တော်အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စီစစ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသာသည် Asian Development Bank (ADB) မှ Mr. Winfried Wicklein ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စီစစ်ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသာနှင့်အတူ အတွင်းရေးမှူး ဦးအေးမောက်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးကြည်ပြိုး၊ ဦးကျန်ထွန်း၊ ဦးဉာဏ်ဆွေဝင်းတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေး၊ စွမ်းအင်၊ လျှပ်စစ်၊ ပညာရေးကဏ္ဍများအပေါ် ADB မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဆောင်ရွက်ရန် လျာထားသည့်အစီအမံနှင့် နောင်ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

နေပြည်တော် ဧပြီ ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူတို့ဆိပ်အုပ်စု ဝဲကြီးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဧပြီ ၇ ရက်က မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်းက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်းက မိုးပွင့်အထူးစီမံချက် ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများကို တစ်ဦးချင်းပေးအပ်ခဲ့ပြီး ကူတို့ဆိပ်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးဆွေက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်း-မျိုးဇေယျာ(ပျဉ်းမနား)
ဓာတ်ပုံ-သီရိခေတ်

ပြည်တွင်းသတင်း

ပြည်သူ့လွတ်တော်မှ

သူငယ်များအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ အဓမ္မစေခိုင်းခြင်းများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူအပြစ်ပေးနိုင်ပြီး အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်ပါကြောင်း။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မွေးဖွားသည့်ကလေးတိုင်းကို မှတ်ပုံတင်ပေးနိုင်ရန်နှင့် မွေးစာရင်းလက်မှတ်ရရှိစေရန် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်သူ့ဆေးရုံများတွင် မွေးဖွားသည့် ကလေးများအတွက် မွေးစာရင်းလက်မှတ် (Birth Certificate)ကို ဆေးရုံဆင်းသည့် အချိန်တွင် ထုတ်ပေးရန်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲရှိ သားဖွားခန်းများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်း နေအိမ်များတွင် မွေးဖွားသည့် ကလေးများအတွက်

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

မွေးစာရင်းလက်မှတ်ကို တစ်လအတွင်းထုတ်ပေးရန်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လစဉ်ပေးပို့သော မွေးဖွားမှုမှတ်ပုံတင်သည့် ကလေးအရေအတွက်အတိုင်း မွေးစာရင်းလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့တပ်မတော်မှ တပ်သားသစ်များစုဆောင်းရာတွင် အရွယ်မရောက်သေးသော အသက်(၁၈)နှစ်မပြည့်သေးသူများ တပ်မတော်သို့ ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ် ဧပြီ ၈ ရက်စွဲဖြင့်ထုတ်ပြန်သည့် တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်း၊ ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ် (၁၃/၇၃)တွင် တပ်မတော်သားတစ်ဦးအတွက် လိုအပ်သော အရည်အချင်းများကို သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသား/သူဖြစ်ရမည်၊ အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ၊ စစ်မှုထမ်းများအတွက် သတ်မှတ်ထားသည့် ကျန်းမာရေးအဆင့်အတန်းရှိရမည်၊ တပ်ဖွဲ့အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်စုံရမည်စသည့်အရည်အချင်းများ သတ်မှတ်ထားပါကြောင်း။

အသက် မပြည့်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းရန်

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းစဉ်။ (သတင်းစဉ်)

တရားဝင်ငြင်းပယ်ခြင်းနှင့် ပတ်သက်၍ အသက်(၁၈)နှစ်မပြည့်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် စစ်သည်(၅၉၄)ဦးအား တပ်မတော်မှ နုတ်ထွက်ခွင့်ပြုပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပြီးဖြစ်သည့်အပြင် စုဆောင်းခဲ့သည့် အရာရှိ ၅၀ ဦးနှင့် အခြားဆင့် ၂၇၇ ဦးတို့အား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

စုဆောင်းရရှိသည့် တပ်သားသစ်များအား တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်း၊ ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ် (၁၃/၇၃)နှင့်အညီ ဆောင်ရွက်ရန်နှင့် ကိုယ်တိုင်ဆန္ဒပြုသူ၊ မိဘသဘောတူညီသူဖြစ်ရမည်ဟု အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

အားနည်းခြင်းအပေါ် အရေးတယူပြုပြင် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဒေါ်ရီရီမြင့်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

(သတင်းစဉ်)

စာပေမြင့်မှ
လူမျိုးတင့်မည်

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရွေးချယ်ရေးဆိုင်ရာ ကွင်းဆင်းအကဲဖြတ်

နေပြည်တော် ဧပြီ ၈

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁ ရက်မှ ဧပြီ ၆ ရက်အထိ သံလျင်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်ချက်အခြေအနေများကိုလည်းကောင်း၊ မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်ချက်အခြေအနေများကိုလည်းကောင်း၊ တွံတေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ ဆောင်ရွက်ချက်အခြေအနေများကိုလည်းကောင်း၊ ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်ချက်အခြေအနေများကိုလည်းကောင်း ကွင်းဆင်းစိစစ်အကဲဖြတ်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဆုနှင့် စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် စည်ပင်သာယာရေးကော်မတီဆု) ရွေးချယ်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက သတ်မှတ် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ရွေးချယ်၍ ဆပ်ကော်မတီသို့ ပေးပို့လာသည့် မြို့နယ်အသီးသီးများသို့ ကွင်းဆင်းစိစစ်ရေးအဖွဲ့ဝင်များ အနေဖြင့် သွားရောက်စိစစ်ခဲ့ကြသည်။

စိစစ်တွေ့ရှိချက်များကို ဆပ်ကော်မတီသို့ တင်ပြလာမှုအပေါ် သတ်မှတ်အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အသေးစိတ် စိစစ်သုံးသပ်၍ ဆန်ခါတင်မြို့နယ်များသို့ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထပ်မံသွားရောက်စိစစ်ခဲ့ကြပြီး စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဆုနှင့် စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် စည်ပင်သာယာရေးကော်မတီဆုများကို ရွေးချယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝမြေသြဇာထုတ်လုပ်မှု လက်တွေ့သင်တန်းကို ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမ၌ မတ် ၂၃ရက်က ကျင်းပရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုများမှ တောင်သူဦးကြီးများအား သဘာဝမြေသြဇာ လက်တွေ့ပြုလုပ်နည်း သရုပ်ပြပွဲကို ကြည့်ရှုလေ့လာစဉ်။
မောင်မောင်

❖ ကျောဖုံးမှ

တစ်ဦးဖြစ်သည့် ကိုဖြိုးမင်းသုတက မြန်မာ့အလင်းသို့ပြောကြားသည်။

အဆိုပါ အလှမယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ အလှမယ် ၅၀ ရှိပြီး ၄င်းတို့အနက်မှ ၃၁ ဦးကို ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ အလှမယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ အလှမယ်တိုင်းအား ဒိုင်အဖွဲ့ကသင့်တော်ရာ မေးခွန်းနှစ်ခုစီကို မေးမြန်းခဲ့သည်။

Miss Goldenland Myanmar အနေဖြင့် ၂၀၁၃ ခုနှစ်မှစပြီး အလှမယ်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင်လည်းကောင်း အောင်မြင်မှုမျိုးဆက်တိုက်ရရှိနေကြောင်း သိရသည်။

အဆိုပါ ဆန်ခါတင်ရွေးချယ်ပွဲကြီးတွင် ရွေးချယ်ခံရသည့် အလှမယ်များအနေဖြင့် Miss Goldenland Myanmar မှ သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းချက်ပေါင်း ၃၀ ကို လိုက်နာကြပါမည်ဟု ဝန်ခံကတိလက်မှတ်ထိုးကြသည်။ စည်းကမ်းချက် တစ်စုံတစ်ရာ ဖောက်ဖျက်ခဲ့ပါက သင်တန်းအတွက် ကုန်ကျစရိတ်အဖြစ် ငွေကျပ် ၂၅ သိန်းပေးလျော်ရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေနန်းတော် ငွေဆောင်၊ ချောင်းသာ (တားတည်းငြိမ်း) ဂ၅၀၀၆/-
ရွှေစက်တော် (၃) ရက်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပုဗ္ဗိ၊ (၃/၆) ရက်၊ အလောင်းတော်ကသေ (၃/၆) ရက်၊ ပန္ဓလေး မြင်ညီလှည်း ပုံတူ၊ ပိုးကုတ် (၆/၇) ရက်၊ တောင်ကြီး အင်းလေး ပင်းတယ၊ လျှိုင်ကော် (၄/၆/၇) ရက် အာလုံးပါ ဘုရားနံ (၁၀/၁၂) ရက်၊ (လာရှိ၊ မူဆယ်၊ ရွှေလီ)၊ (မြတ်၊ မဲဆောက်)၊ ထားဝယ်ရွင်ကိုရိုင်း ဟင်းမက်မုံ၊ မျှော်ရမ်း ပြိတ်၊ ကန်သူးကုမ်း ကျိုက္ကမီ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငယလီ၊ (အင်းတော်ကြီး၊ ပေခ၊ ပလီခမြစ်ဆုံ ပြစ်ကြီးနား)၊ အကောက်တောင်၊ ကျိုက်ထီးရိုး၊ ရေလွန်း ကားစီးလုံးဘားသည်း အိမ်အရောက် လက်မှတ်ပိုသည်။ သမ်ကြန်ခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီး April 3/10/11/12/13/17/30 အမှတ် (၄၄၄/၁)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09253366299, 0930362112, 377921

တိုက်ခန်းကျယ်ရောင်းမည်
ရန်ကင်းမြို့နယ်၊
MBR 1, BR 2 အဆင့်မြင့်
ပြင်ဆင်ပြီး (1200 sqft)
ဖုန်း-၀၉-၅၀၄၄၉၂၆

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်သီဟထွန်း(၁၂/ဗတထ(နိုင်)၀၃၄၄၄၆)၏ PP No 498796 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၈၀၄၀၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၉က/၈၇၇၅၊ Nissan Laurel FC 33 S/L (4x2) RHD ယဉ်လက်ဝယ်ရှိသူ ဦးသိန်းဆွေဦး ၁၂ /သဃက(နိုင်)၁၄၀၅၈၅၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့တောင်ပိုင်း)

ဖိတ်ကြားလွှာ

တောင်ကြီးဂေါက်ကလပ်မှ ဦးစီးကျင်းပသော အကြိမ်(၅၀)မြောက် မဟာသင်္ကြန်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၉-၄-၂၀၁၅ ရက်မှ ၁၂-၄-၂၀၁၅ ရက်အထိ တောင်ကြီးဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေး၊ရပ်နီးမှ အသင်းသူ/အသင်းသားများအား ဖိတ်ကြားအပ်ပါသည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာများထည့်လိုပါက တောင်ကြီး ဂေါက်ကလပ်၊ အတွင်းရေးမှူး ဦးစိုင်းကျော်ကျော်လှိုင် ဖုန်း-၀၉-၅၂၁၂၂၂၅ (သို့မဟုတ်) တောင်ကြီးဂေါက်ကလပ်၊ အုပ်ချုပ်ရေးရုံးခန်း ဖုန်း-၀၈၁-၂၀၀၁၁သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

နိုင်ငံတကာသတင်း

ရုရှားသမ္မတနှင့်ဆွေးနွေးရန် ဂရိဝန်ကြီးချုပ် မော်စကိုသို့ရောက်ရှိ

မော်စကို ဧပြီ ၈

ဂရိဝန်ကြီးချုပ် အလက်ဆစ်ဆီပရက်စ်သည် ပြည်သူများ၏ အကျပ်အတည်းကာလ၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်ဆွေးနွေးရန် မော်စကိုသို့ ရောက်ရှိခဲ့သည်။

မစ္စတာဆီပရက်စ် အစိုးရသည် ငွေကြေးကူညီထောက်ပံ့မှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲ၌ ပါဝင်ပတ်သက်လာပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ရန်ပုံငွေပြတ်တောက်တော့မည့် အခြေအနေရှိသည်။

ယူကရိန်းပဋိပက္ခကြောင့် တင်းမာနေသည့် ဥရောပသမဂ္ဂနှင့် ရုရှား၏ဆက်ဆံမှုကို နှစ်ဦးနှစ်ဖက်ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ သို့သော် ရုရှားသည် ဂရိ၏အကျပ်အတည်းကို ကယ်ဆယ်ပေးနိုင်မည့် အခြေအနေမရှိဘဲ စီးပွားရေးပြဿနာများစွာ ကြုံတွေ့နေရသည်ဟု သိရသည်။

ခရိုင်းမီးယားကို သိမ်းပိုက်မှုအတွက် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့၏ ပိတ်ဆို့အရေးယူမှုများသည် ရုရှားကို ထွက်ပေါက်မရှိဖြစ်စေသည်ဟု မစ္စတာဆီပရက်စ်က ဆိုသည်။

ရုရှားက လက်တုံ့ပြန်သည့်အနေဖြင့် အနောက်နိုင်ငံများမှ စားသောက်ကုန်များ တင်သွင်းမှုကို တားမြစ်ခဲ့သည်။

(ဘီဘီစီ)

အစ္စရေးစစ်သားကို တိုက်ခိုက်ပြီးနောက် ပါလက်စတိုင်းတစ်ဦး အသတ်ခံရ

ရာမလ ဧပြီ ၈

အနောက်ဘက်ကမ်း ဒေသမြို့တော် နက်ဘ်လက်စ်တွင် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဓားနဲ့ထိုးပြီး ဒဏ်ရာရရှိစေခဲ့သော ပါလက်စတိုင်းလူမျိုးတစ်ဦးကို ဗုဒ္ဓဟူးနေ့နံနက်က သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း အစ္စရေးပါလက်စတိုင်းသတင်းရင်းမြစ်များက ပြောကြားသည်။

အနောက်ဘက်ကမ်းဒေသ မြို့တော်နက်ဘ်လက်စ်နှင့် ရာမာလာတို့ကြား အစ္စရေးအခြေစိုက်စခန်းရှိလိုတွင် ပါလက်စတိုင်း လူငယ် တစ်ဦးသည် အစ္စရေးစစ်သားကို ဓားဖြင့်တိုက်ခိုက်ခဲ့ရာ လည်ပင်းတွင်ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးရဲဌာနက ဆင်ဟွာသို့ပြောသည်။ အခြားအစ္စရေးစစ်သားတစ်ဦးလည်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ကာ၊ ၎င်းစစ်သားက အဆိုပါ ပါလက်စတိုင်းလူငယ်ကို သေနတ်ဖြင့် အသေပစ်သတ်ခဲ့သည်။ ယခုနှစ်အစောပိုင်းက အနောက်ဘက်ကမ်းဒေသ၌ အသတ်ခံရသည့် ပါလက်စတိုင်းလူမျိုးများတွင် လေးဦးမြောက်ပုဂ္ဂိုလ်ဖြစ်သည်။ (ဆင်ဟွာ)

မီးခိုးငွေ့ထုတ်လွှတ်မှု စံသတ်မှတ်ချက်နှင့် မကိုက်ညီသည့်ယာဉ်များကို ပေကျင်းတားမြစ်

ပေကျင်း ဧပြီ ၈

လာမည့်နှစ်တွင် လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် အမျိုးသားဓာတ်ငွေ့ထုတ်လွှတ်မှု စံနှုန်းသတ်မှတ်ချက် အဆင့် ၂ နှင့်ကိုက်ညီမှုမရှိသည့် ဓာတ်ဆီသုံးယာဉ်များကို ပိတ်ပင်တားဆီးတော့မည်ဖြစ်သည်ဟု ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအာဏာပိုင်များက ပြောသည်။

အဆိုပါယာဉ်များ မြို့တွင်းဝင်ရောက်သွားလာခွင့်ကို ပိတ်ပင်တားဆီးသွားမည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးဗျူရိုက ပြောသည်။

ပေကျင်းသည် ဓာတ်ငွေ့ထုတ်လွှတ်မှု အဆင့်သတ်မှတ်ချက် ၅ ရှိသည့်ယာဉ်များကို ပြစ်ဒဏ်သတ်မှတ်ခဲ့သည်။ ၁၉၉၉ ခုနှစ် တွင် ဓာတ်ငွေ့ထုတ်လွှတ်မှုအဆင့် ၁ နှင့် ၂၀၀၄ ခုနှစ်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှု အဆင့် ၂ ရှိယာဉ်များကို ပြစ်ဒဏ်သတ်မှတ်ခဲ့သည်။ စံနှုန်းအသစ်သတ်မှတ်ချက်များနှင့်အတူ ညစ်ညမ်းမှုပမာဏသည် ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း လျော့ကျသွားသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်အကုန် ယာဉ်အိုယာဉ်ဟောင်း ကားများကို ဖယ်ရှားခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၄ ခုနှစ်ကြားတွင် ယာဉ်ဟောင်း ၁ ဒသမ ၄၄ သန်းကို ဖျက်ပစ်ခဲ့ သည်။ ပေကျင်း၌ ယခုလက်ရှိတွင် ယာဉ်အစီးရေပေါင်း ၅ ဒသမ ၅၇ သန်းရှိပြီး နှစ်စဉ်မီးခိုးငွေ့တန်ပေါင်း ခုနစ်သိန်း ထုတ်လွှတ်ပေးနေသည်။

(ဘီဘီစီ)

ဂျာလစ်စကိုဋ္ဌ ချုံခိုတိုက်ခိုက်မှုကြောင့် မက်ဆီကန်ရဲများ သေဆုံး

မက္ကဆီကို ဧပြီ ၈

မက္ကဆီကိုရှိ ဂျာလစ်စကို ပြည်နယ်၌ ချုံခိုတိုက်ခိုက်ခံရမှုကြောင့် ရဲအရာရှိ ၁၅ ဦး သေဆုံးခဲ့ပြီး ၎င်းဦးဒဏ်ရာရရှိခဲ့သည်ဟု ရှေ့နေများက ပြောသည်။

သေနတ်သမားများသည် တနလ်ာနေ့က ဂူရာဒါလာဂျာရာပြည်နယ် မြို့တော်ဆီသို့ အဝေးပြေးလမ်းတစ်လျှောက် ထွက်ခွာလာသော ရဲအရာရှိ ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

အခင်းဖြစ်ပွားခဲ့သည့် နယ်မြေသည် Jalisco New Generation ဟု လူသိများသော မူးယစ်ရာဇာတစ်ဦး၏ ဇာတိဖြစ်သည်။ မက္ကဆီကိုရှိ အင်အားအကြီးဆုံးသော မူးယစ်ဆေးဝါးမှောင်ခိုယူဆရပြီး ပစ်ဖိတ်ကမ်းခြေတစ်လျှောက် မူးယစ်ဆေးဝါးတရားမဝင်ကုန်သွယ်မှုတွင် အကြီးအကျယ် ပါဝင်ပတ်သက်လျက်ရှိသည်ဟု ဆိုသည်။

တိုက်ခိုက်မှု၌ သေနတ်သမားများစွာပါဝင်ခဲ့သည်။ ရဲများအား အဝေးပြေးလမ်းကို ပိတ်ဆို့လျက် ဝန်းရံခဲ့ကြပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု မက္ကဆီကိုရှိ အမျိုးသားတက္ကသိုလ်မှ လုံခြုံရေးအရာရှိရော်လ် ဘီနီတက်ဇ်က ဆိုသည်။

(ဘီဘီစီ)

စိတ်ကြွဆေးနှိမ်နင်းရေး အထူးတပ်ဖွဲ့ ဩစတြေးလျနိုင်ငံတွင် ဖွဲ့စည်း

ဆစ်ဒနီ ဧပြီ ၈

ဩစတြေးလျအစိုးရသည် စိတ်ကြွဆေးသုံးစွဲမှုမြင့်မားလာမှုကို အရေးယူဖြေရှင်းနိုင်ရေးအတွက် အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း လိုက်သည်။ တရားမဝင် စိတ်ကြွဆေးများကို အမြစ်ပြတ်ဖယ်ရှားနိုင် ရေးနှင့် ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် အသုံးပြုနိုင်သည့်နည်းလမ်းများ တိုးတက်စေရေးအတွက် တစ်နိုင်ငံလုံးအဆင့် လုပ်ဆောင်မှုများကို အဆိုပါအဖွဲ့က စစ်ဆေးသွားမည်ဖြစ်သည်။

စိတ်ကြွဆေးသည် လူ့အဖွဲ့အစည်းကို အဆိုးရွားဆုံးထိခိုက်စေနိုင်ကြောင်း ဩစတြေးလျရာဇဝတ်မှုကော်မရှင်က မတ်လ၌ အစီရင်ခံစာတင်ပြပြီးသည့်နောက် အဆိုပါလှုပ်ရှားမှုကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ဩစတြေးလျနိုင်ငံတစ်ဝန်းလုံး၌ ကြီးထွားနေသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဝန်ကြီးချုပ် တိုနီ အက်ဘော့ဘ်က ပြောသည်။ နိုင်ငံသားတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ မိဘတစ်ဦးအနေဖြင့်သော်လည်းကောင်း ယခုကဲ့သို့ ဖြစ်ပျက်နေမှုများကို စိုးရိမ်မိကြောင်း ဗုဒ္ဓဟူးနေ့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ်က ပြောခဲ့သည်။

စိတ်ကြွဆေးသည် အခြားသော တရားမဝင်သောဆေးဝါးများထက် စွဲလမ်းမှုပိုမိုမြန်ဆန်ကြောင်းနှင့် တခြားသော မူးယစ်ဆေးဝါးများထက် လူကိုပိုမိုအန္တရာယ်ဖြစ်စေကြောင်း ၎င်းက ပြောသည်။ ၂၀၁၃ ခုနှစ် တစ်မျိုးသားလုံးဆိုင်ရာ မူးယစ်ဆေးသုံးစွဲမှုစစ်တမ်းများအရ အသက် ၁၄ နှစ်နှင့် ၁၄ နှစ်အထက် ဩစတြေးလျပြည်သူ ၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ ဘဝသက်တမ်းတစ်လျှောက်၌ အနည်းဆုံးတစ်ကြိမ် စိတ်ကြွဆေးသုံးစွဲဖူးသည်ဟု ဖော်ပြထားသည်။

(ဘီဘီစီ)

တောင်ကာရိုလိုင်းနားရဲအရာရှိကို လူပစ်သတ်မှုဖြင့်တရားစွဲ

ကာရိုလိုင်းနား ဧပြီ ၈

တောင်ကာရိုလိုင်းနားမှ လူဖြူရဲအရာရှိတစ်ဦးအား အင်္ဂါနေ့က အသက် ၅၀ အရွယ် လူမည်းတစ်ဦးကို သေနတ်ဖြင့် ရှစ်ချက်ပစ်သတ်မှုဖြင့် ဖမ်းဆီးတရားစွဲဆိုခဲ့သည်။

အက်ဖ်ဘီအိုင်နှင့် အမေရိကန်တရားရေးဌာနက အဆိုပါ ပစ်ခတ်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် နိုင်ငံတစ်ဝန်း ရဲလုပ်ငန်းနှင့် လူမျိုးရေးဆက်စပ်မှုကို မေးခွန်းထုတ်ခဲ့ကြသည်။

ပြည်သူ့အခွင့်အရေးလုပ်ရှားမှု ခေါင်းဆောင်များ ကဆူပူအုံကြွမှုမရှိဘဲအေးချမ်းမှုရှိရန် တိုက်တွန်းပြောကြားလိုက်သည်။ အရာရှိများ၏ တုံ့ပြန်ပြောကြားမှုသည် ပြည်သူတစ်ဦးက အခင်းဖြစ်ပွားသောနေ့ကမှတ်တမ်းတင်ခဲ့သောရုပ်သံဖိုင်နှင့် ကွဲလွဲမှုရှိကြောင်း မီဒီယာများက ပြောကြားခဲ့သည်။ အဆိုပါရုပ်သံဖိုင်သည် သေဆုံးသူ မိသားစုလက်ထဲသို့ နောက်ပိုင်းတွင်ရောက်ရှိခဲ့သည်။

အဆိုပါရုပ်သံဖိုင်သည် ရဲအရာရှိ၏ အမှုကိုစစ်ဆေးရာတွင် အဓိကသက်သေဖြစ်ကြောင်း၊ အမှားလုပ်လျှင် အမှားပဲဖြစ်ကြောင်း မြောက်ချာလက်စတန်မြို့တော်ဝန် ကိတ်ဆန်မေးက သတင်းထောက်များကို ပြောကြားခဲ့သည်။

အကယ်၍ဆုံးဖြတ်ချက်အမှားကိုလုပ်ခဲ့လျှင် အဆိုပါ ရဲအရာရှိနောက်တွင် မည်သည့်အကာအကွယ်ပင် ရှိစေကာမူ ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းမြို့တော်ဝန်က ပြောခဲ့သည်။

အဆိုပါပစ်ခတ်မှုသည် စနေနေ့မနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲအရာရှိ မိုက်ကယ်ဆလက်ဂါက အသက် ၅၀ နှစ်ရှိ လူမည်းဝက်တာစကော့ကို ဘရိတ်မီးပျက်နေသည့်ကိစ္စဖြင့် ခေတ္တခဏစစ်ဆေးပြီးနောက် ယင်းပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါရုပ်သံဖိုင်တွင် ရဲအရာရှိနှင့်လူမည်းအမျိုးသားတို့ စကားအချေအတင်ပြောဆိုနေပုံကို မှတ်တမ်းတင်

ထားသည်။ ထို့နောက် ရဲအရာရှိသည် လူမည်းအမျိုးသားထွက်သွားပြီးနောက် ၄င်းကို အနောက်မှသေနတ်ဖြင့် ရှစ်ချက်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး လူမည်းအမျိုးသားမှာ ၎င်းနေရာ၌ပင် သေဆုံးခဲ့သည်။ ဤအမှုနဲ့ပတ်သက်ပြီး ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောခဲ့သည်။

(ရိုက်တာ)

ပြည်တွင်းသတင်း

ကျွန်းစုမြို့နယ် မော်တုံးကြီးကျွန်းအနီးပင်လယ်ပြင်၌ ကင်းမွန်မီးထွန်းလှေတစ်စင်းနစ်မြုပ်

မြိတ် ဧပြီ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မော်တုံးကြီး ကျွန်းအနီး ပင်လယ်ပြင်၌ ဧပြီ ၇ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် ကင်းမွန်မီးထွန်းလှေတစ်စင်းသည် လှိုင်းကြီးသဖြင့် ရေကန်ပြင်ပွင့်ပြီး လှေနစ်မြုပ်ခဲ့ရာ လှေပေါ် ပါရေလုပ်သား ခုနစ်ဦးတို့အား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ ရေပုန်းနယ်မြေ ငြိမ်းချမ်းရေးရပ်(၇)လမ်းနေ ဦးတင်အောင် (၅၂ နှစ်) ပိုင်ဆိုင်သော အလျား ၅၄ ပေ၊ အနံ ကိုးပေ၊ ရေစူး လေးပေခန့်ရှိသော (သစ်သားကိုယ်ထည်) ကင်းမွန်မီးထွန်းလှေသည် ပဲ့နင်း ဦးဇော်လွင်(၃၈ နှစ်) ငြိမ်းချမ်းရေး(၁)လမ်း ရေပုန်းနယ်မြေ မြိတ်မြို့နေသူ မောင်းနှင်ပြီး လှေလုပ်သား ခြောက်ဦး စုစုပေါင်း ခုနစ်ဦး လိုက်ပါလျက် ဧပြီ ၇ ရက်နံနက် ၁၁ နာရီခွဲက မြိတ်မြို့ အေးစန္ဒာရေခဲစက်တံတားမှ စတင်ထွက်ခွာလာရာ ဧပြီ ၇ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် ကျွန်းစုမြို့နယ် မော်တုံးကြီးကျွန်းမြောက်ဘက် ၂ ဒသမ ၄ မိုင်အရောက်၌ လှိုင်းကြီးသဖြင့် ရေကန်ပြင်ပွင့်ပြီး လှေနစ်မြုပ်သွားခဲ့ရာ တနင်္သာရီရေတပ်စခန်း ဌာနချုပ်မှ ရန်နိုင်(၅၁၀)စစ်ရေယာဉ်မှ တာဝန်ခံအရာရှိ ပိုလ်ကြီး သက်ထွဋ်အောင် ဦးစီးတပ်ဖွဲ့ဝင်များက တွေ့ရှိကယ်ဆယ်ခဲ့မှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် လှေ/ စက်ပစ္စည်းဆုံးရှုံးမှုတန်ဖိုးမှာ သိန်း ၁၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကင်းမွန်မီးထွန်းလှေမှ ဇော်လွင်(၂၇ နှစ်) နှင့် နိုင်နိုင်ထွန်း(၁၇ နှစ်)၊ ဦးအောင်နိုင် (၄၀ နှစ်)၊ ဇော်ဝင်းဦး(၁၅ နှစ်)၊ အောင်ဇင်မျိုး(၁၇ နှစ်) ငြိမ်းချမ်းရေး(၁)လမ်း ရေပုန်းနယ်မြေ မြိတ်မြို့နေသူနှင့် ဦးလှဝင်း(၅၉ နှစ်)အဏ္ဏာဝါရပ် ရေပုန်းနယ်မြေ မြိတ်မြို့နေသူတို့ ခုနစ်ဦးအား တပ်မတော်ရေယာဉ်ဖြင့် ညနေ ၅ နာရီခွဲတွင် ကယ်ဆယ်ပြီး ထွက်ခွာလာရာ ည ၈ နာရီခန့်တွင် မြိတ်မြို့ ဆိပ်ငယ်ဗောတံတားသို့ ရောက်ရှိလာခဲ့ရာ ဆိပ်ငယ်ဗောတံတား၌ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ရွှေညာမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းနိုင်၊ မြိတ်မြို့ မရဲစခန်းမှူး ဒုရဲမှူး နေလင်း၊ ရေပုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် လှေသားများ၏ မိသားစုဝင်များက လာရောက်ကြိုဆိုခဲ့ကြပြီး စစ်ရေယာဉ် ရန်နိုင်(၅၁၀) တာဝန်ခံအရာရှိ ပိုလ်ကြီး သက်ထွဋ်အောင် ဦးစီးတပ်ဖွဲ့ဝင်များက ပဲ့နင်း ဦးဇော်လွင်ပါ ခုနစ်ဦးတို့ကို ရေပုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် လှေသားများ၏ မိသားစုဝင်များထံသို့ ကောင်းမွန်စွာ အပ်နှံပေးခဲ့ကြောင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

သေဆုံးသွားသည့် နွားအသားစားသုံးမိသူ အမျိုးသား ၁၁ ဦး အဖုအပိမ့်နှင့် အနာများပေါက် တစ်ဦးသေ၁၀ ဦး ဆေးကုသမှုခံယူရ

မကွေး ဧပြီ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ရှိ ကဒွန်းမကျေးရွာနေ ဦးမြင့်ဝင်း(၃၇ နှစ်)သည် ဧပြီ ၆ ရက် ည ၈ နာရီခန့်က ခါးတွင် အနာပေါက်၍ ဆိပ်ဖြူဆေးရုံမှတစ်ဆင့် ညောင်ဦးဆေးရုံသို့တက်ရောက် ဆေးကုသခဲ့ရာမှ သေဆုံးသွားခဲ့သဖြင့် ကဒွန်းမကျေးရွာသို့ ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်လည်သယ်ယူရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုအမျိုးသားသေဆုံးမှုနှင့်ပတ်သက်၍ ကျေးရွာနေ ပြည်သူများနှင့် တာဝန်ရှိသူများ စစ်ဆေးခဲ့ရာတွင် မတ် ၂၇ ရက် ညနေ ၅ နာရီက ကဒွန်းမကျေးရွာနေ ဦးကြီးစိန်၏ နွားငါးကောင်အနက်မှ နွားမတစ်ကောင်သည် သေဆုံးခဲ့သဖြင့် သေဆုံးသူဦးဝင်းမြင့်နှင့် အဆိုပါကျေးရွာနေသူ အမျိုးသား ၁၀ ဦးတို့ သေဆုံးနွားသားများကို စားသောက်ခဲ့ပြီးနောက် ခုနစ်ရက်ခန့်အကြာတွင် ထိုနွားသားစားသုံးသူတချို့၏ ကိုယ်ခန္ဓာတွင် အဖုအပိမ့်နှင့်အနာများ ပေါက်လာခဲ့သောကြောင့် ကဒွန်းမဆေးရုံနှင့် ညောင်ဦးဆေးရုံများသို့ တက်ရောက်ဆေးကုသခဲ့ကြကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဆိပ်ဖြူမြို့နယ် တိမွေးကုဦးစီး ဒေါက်တာအေးမင်းဇော်နှင့် ကဒွန်းမတိုက်နယ် ဆရာဝန် ဒေါက်တာ ထက်ဝေလင်းတို့ထံ မေးမြန်းခဲ့ရာတွင် သေဆုံးခဲ့သည့်နွားကို လှီးဖြတ်ရာမှ ထိခိုက်ပြတ်ရှ ဒဏ်ရာများမှလည်းကောင်း၊ လှီးဖျက်စဉ် နဂိုရှိရင်းဒဏ်ရာများမှတစ်ဆင့် ကူးစက်သော ဒေါင့်သန်းရောဂါ(အသားမာရောဂါ)ဖြင့်လည်းကောင်း၊ အဆိပ်ပြင်းသော တိရစ္ဆာန်တစ်ကောင်ကောင်ကိုက်မှုကြောင့် သေဆုံးသွားသောနွား၏ အသားကိုစားသောက်ရာမှလည်းကောင်း၊ လူကိုသေဆုံးခြင်းဖြစ်နိုင်ကြောင်း၊ ရောဂါကို အသေးစိတ်သိရှိနိုင်ရန်အတွက် အဆိုပါလူနာများအား ရောဂါရှာဖွေစစ်ဆေးရန်အတွက် ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်စစ်ဆေးခံယူနေကြကြောင်းသိရသည်။

ကျော်ဗေယျ(မကွေး)

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

စစ်ကိုင်း ဧပြီ ၈

အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(စစ်ကိုင်း)၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းကို ဒုတိယရဲမှူးကြီး မျိုးမင်းလွင် ဦးစီး၍ သင်တန်းသားအရာရှိ/အခြားအဆင့် ၃၈၅ ဦးဖြင့် မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် တပ်ဖွဲ့ခွဲမှူးက အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရဲထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်တို့ တက်ရောက်ကာ ရွေးကောက်ပွဲဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပို့ချမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မောင်နန္ဒ(မြစ်ကြီးနား)

ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

အမ်း ဧပြီ ၈

ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၅၉ ဒသမ ၈၂၅ သန်းဖြင့် အမ်းရွှေသဇင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သည့် မွှား-ရှောက်ခြုံ ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ နောက်ဆုံးအပတ်က အဆိုပါလမ်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **သန်းမောင်(အမ်း)**

ကျေးဇူးဆပ်ပါမည်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ ပက(၁၇)နေ ဒေါ်ခင်အုန်းမြင့် ၁/ဗမန(နိုင်)၀၂၇၅၆၄ ၏ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ သစ်တောဦးစီးဌာနမှ ဗန်းမော်မြို့နယ်၊ စင်းခန့်အပတောမှ ထုတ်ယူခွင့်ရရှိထားသော ကြိမ်သေး(၅၀၀၀၀)လုံး၊ ဘီလင်ပြေစာအမှတ်(၄၂၂၅/၁၆)စာရွက်စာတမ်းကို ၆-၄-၂၀၁၅ရက်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်သစ်တောရုံးမှ သီရိမန္တလာကားကြီးကွင်းသို့ ယူဆောင်လာစဉ်လမ်း၌ ကျပျောက်သွားပါသဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ပေးပို့ဆက်သွယ်ပေးပါရန်နှင့် ထိုကိတ်စန္ဓာကျေးဇူးဆပ်ပါမည်။

ဒေါ်ခင်အုန်းမြင့်
ဖုန်း-၀၉-၄၇၀၁၉၇၉၂၊ ၀၉-၂၅၅၀၇၉၅၂
ဟာဝိုနီခန်း၊ ၄၁ လမ်း၊ ၈၃×၈၄ လမ်းကြား၊
မဟာအောင်မြေအနောက်ရပ်ကွက်၊ မန္တလေးမြို့

ရွှေထူးလွင် ခရီးသွား (စားသောက်ယာဉ်ပြိုင်) ၃၀၀၈၆/-၁ (ဇော်တင်နွန်း) (ဌေးဘောင်)

ခရီးသွားခရီးစဉ်များ
ကြိုတင်လက်မှတ်ရောင်းပြီး

ရွှေဇော်တော် (၃) ရက်၊ ပုဂံ (ဒွယ်တော်လေးဆူ)၊ ပုပ္ပါး (၃/၅) ရက်၊ အလောင်းတော်ကဿပ (၃/၆) ရက်၊ မန္တလေး ပြင်ဦးလွင်၊ မုံရွာ ဗီးကုတ် (၅/၇) ရက်၊ တောင်ကြီး၊ အင်းလေး ပင်းတယ၊ လှိုင်ကော် (၄/၅/၇) ရက် အားလုံးပါ ဘုရားစုံ (၁၀/၁၂) ရက်၊ ရခိုင်၊ ပြောက်ဦး စစ်တွေ၊ ပေလီ (အင်းတော်ကြီး ပေခ၊ မလိခြမ်းဆုံ၊ ပြမ်ကြီးနား) (ထားနီ၊ မူဆယ်၊ လွယ်လီ)၊ ထားဝယ်ရွှင်ကိုရွှင်၊ ပေင်းမကန်၊ ပျဉ်ထရမ်၊ မြိတ်၊ ကန်ချုံးပူမီ၊ ကျိုက်ထီးရိုး (မြဝတီ ပဲခေါက်)၊ အကောက်တောင်း ဧလွန်း ကားစီးလုံးငှားသည်။ အိပ်အရောက် ပို့/ကြို။ April 3/10/11/12/13/17/30
အမှတ်(၄၄၄/၇)၊ဖြည်ထပ်၊ ရွှေဘုံသားအထက်လမ်း Ph : 09450044494, 09450044496, 389920

GOLDEN STAR Travels & Tours

☆ ရွှေဇော်တော်-ပုဂံ-ပုပ္ပါး-ပခုက္ကူ	Apr-12
☆ ပုဂံ(ဒွယ်တော်လေးဆူ)-ပုပ္ပါး	Apr-12,13,17,30
☆ မုံရွာ-အလောင်းတော်ကဿပ	Apr-11
☆ တောင်ကြီး-အင်းလေး-ပင်းတယ	Apr-12,13,17,30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း	Apr-12,17,30
☆ ပုဂံ-ပုပ္ပါ-တောင်ကြီး-အင်းလေး	Apr-11,12
☆ ထားဝယ်(ရွှင်ကိုးရွှင်)-မော်လမြိုင်-စက်ခ	Apr-11

ကျိုက်ထီးရိုး-ရောင်းသာ-ရွှေဆောင် (နေ့စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580

NEW MOTION Travels & Tours Co.,Ltd.

New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
သင်္ကြန်ခိုက်ဘွင်း ပင်လယ်ကမ်းခြေ ဝရိုးဝဉ်
ရွှေဆောင်ခရီးစဉ် - April - 13~15 / April - 15~17
(Myanmar Treasure Resort , Aureum Resort & Spa)
16 - ကျွန်းတောလမ်း၊ စမ်းချောင်း၊ Ph ; 527 922, 538 811, 09 731 48922, 731 48848

POST မှူလတန်းပြဆရာမဝင်ခွင့် (PPTT) 09420129333

- စနေ၊တနင်္ဂနွေ (၁၁.၄.၂၀၁၅) ၈:၀၀-၁၁:၀၀/၁၁:၃၀-၂:၃၀
- စာမေးပွဲအနီးကပ် (၆) ရက်တက်တန်းခွဲများ သင်္ကြန်ပြီးစမည်။
- ၁၈.၄.၂၀၁၅စမည်။ - စာအုပ်ရပြီ ၆၀၀၀။

၁၆၅၊ဆိပ်မကမ်းသာလမ်း(လယ်)၊ကျောက်တံတားမြို့နယ်။ ပန်းဆိုးတန်းမှတ်တိုင်

ကယားပြည်နယ်၊ မီးသတ်ဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှုများရုံး၏ ကယားပြည်နယ်အတွင်း ဆောင်ရွက်မည့် မြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ ခြံစည်းရိုက်ကာရံခြင်း၊ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ဆိုင်ကယ်၊ မီးသတ်ပစ္စည်းကိရိယာတို့အား ဝယ်ယူရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများကို ၉-၄-၂၀၁၅ ရက်မှစတင်ပြီး အောက်ပါအတိုင်း ဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါစတင်ရောင်းချ တင်သွင်းရမည့်ရက်** - ၉-၄-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၈-၅-၂၀၁၅ ရက်
(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ လွှိုင်ကော်မြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှုများရုံး၊ ဖုန်း-၀၈၃-၂၄၀၀၃၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

7Stars (ရာထူးဝင်သင်တန်းကြီး) PPTT (၂/၂၀၁၅)

မှူလတန်းပြ ဆရာ/ဆရာမဝင်ခွင့်
(ပဲမှန်တန်းခွဲ / အနီးကပ်တန်းခွဲများစပြီ။)
(အပြည်နှစ်ဆုံးမှတ်စုများခရောင်းစျေးပေးသည် ။ နယ်သို့ပို့စေးသည် ။)
တိုက်(18 / 38) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155

ဇမ္ဗူဂြေကျော် သင်္ကြန်ခရီးစဉ်

ရွှေဇော်တော်၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ၊ တောင်ကြီး၊အင်းလေး၊လွှိုင်ကော်
ကားလေးနှင့်ကြီးမော်ကျွန်း၊အလောင်းတော်ကဿပ
ထား၊ဝယ်(ရွှင်ကိုးရွှင်)၊မျှော်ရစ်၊ဘီတီ
ဘိပ်အရောတက်လက်မှတ်ဖို့ (Apr12)ထွက်မည်။
095194608-09252899887-0973177727

RUBY ကားစီးလုံးငှားသည်

519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅)၊ ၃၃)၊ ၂၄)၊ ၁၈)၊ ၁၄)၊ ၁၀)၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစျပ်ကားမျိုးနှင့်ငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကျေးဇူးဆပ်ပါမည်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ ပက(၁၇)နေ ဒေါ်ခင်အုန်းမြင့် ၁/ဗမန(နိုင်)၀၂၇၅၆၄ ၏ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ သစ်တောဦးစီးဌာနမှ ဗန်းမော်မြို့နယ်၊ စင်းခန့်အပတောမှ ထုတ်ယူခွင့်ရရှိထားသော ကြိမ်သေး(၅၀၀၀၀)လုံး၊ ဘီလင်ပြေစာအမှတ်(၄၂၂၅/၁၆)စာရွက်စာတမ်းကို ၆-၄-၂၀၁၅ရက်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်သစ်တောရုံးမှ သီရိမန္တလာကားကြီးကွင်းသို့ ယူဆောင်လာစဉ်လမ်း၌ ကျပျောက်သွားပါသဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ပေးပို့ဆက်သွယ်ပေးပါရန်နှင့် ထိုကိတ်စန္ဓာကျေးဇူးဆပ်ပါမည်။

ဒေါ်ခင်အုန်းမြင့်
ဖုန်း-၀၉-၄၇၀၁၉၇၉၂၊ ၀၉-၂၅၅၀၇၉၅၂
ဟာဝိုနီခန်း၊ ၄၁ လမ်း၊ ၈၃×၈၄ လမ်းကြား၊
မဟာအောင်မြေအနောက်ရပ်ကွက်၊ မန္တလေးမြို့

ကျပျောက်ဆုံးကြောင်း

၇-၄-၂၀၁၅ ရက် အင်္ဂါနေ့ ည ၉ နာရီခန့်က Taxi ကားပေါ်၌ တင်ထားသော အရေးကြီးစာရွက်စာတမ်းများထည့်သည့် ဖိုင်မှာ ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၄၈၀၁၆၆၂၀၊ ၀၉-၄၃၀၈၂၄၀၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၇၇၅၀၃၊ New Anbo 125 M/C ယဉ်လက်ဝယ်ရှိသူ ဦးကျော်မန်း ၉/မရမ(နိုင်)၀၈၆၂၃၉၈ (ကမ-၃) ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်း

သင်္ကြန်ပွဲတော်ကာလနှင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သတင်းထုတ်ပြန်

နေပြည်တော် ဧပြီ ၈

ယခုအချိန်ကာလသည် နွေရာသီကျောင်းပိတ်ရက်ဖြစ်ပြီး ခရီးသွားရာသီဖြစ်သဖြင့် မိသားစုလိုက်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ခရီးသွားခြင်း၊ ဘုရားဖူးထွက်ခြင်းတို့ကြောင့် ခရီးသွားယာဉ်များ များပြားလာပြီး ယာဉ်မတော်တဆမှုများလည်း သာမန်အချိန်များထက် ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ ခရီးသွားရာသီဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ ၃ လတာကာလအတွင်း ၂၀၁၃ ခုနှစ်၌ ယာဉ်မတော်တဆမှု ၆၈ မှု၊ ၂၀၁၄ ခုနှစ်၌ ၁၄၄ မှု ဖြစ်ပွားခဲ့သဖြင့် သာမန်ကာလများထက် ၃၃ ရာခိုင်နှုန်း ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အတူ လိုက်ထရပ်ယာဉ်နှင့် ခရီးသည်တင်မှန်လုံယာဉ်မတော်တဆမှုများလည်း ယခင်နှစ်ထက် ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေးအတွက် လမ်းအသုံးပြုသူ ယာဉ်မောင်းများ အနေဖြင့် အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ အရှိန်နှုန်းမြင့် မောင်းနှင်ခြင်း၊ အိပ်ငိုက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ခြင်းများ မရှိဘဲ သတ်မှတ်ထားသည့်စည်းကမ်းအတိုင်းသာ စနစ်တကျ အန္တရာယ်ကင်းစွာ မောင်းနှင်ခြင်းဖြင့် ကူညီဆောင်ရွက်ရန် လိုအပ်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား အသုံးပြုသွားလာလျက်ရှိသော ခရီးသွားပြည်သူများအနေဖြင့် အရေးပေါ်အကူအညီများ ရယူရန်လိုအပ်ပါက အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ Hot Lines ဖုန်း-၀၉-၄၂၀စစစစ၀၁ မှ ၀၉-၄၂၀စစစစ၇၀ အထိနှင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရုံးဖုန်း ၀၆၇-စ၁၀၀၀စ၇ တို့သို့ဆက်သွယ်၍ လိုအပ်သည့်အကူအညီများကို ၂၄ နာရီကာလပတ်လုံး တောင်းခံနိုင်သည်။

သင်္ကြန်ပွဲတော်ကာလနှင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာမည့် ယာဉ်များအား အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်း၊ အပြိုင်မောင်းနှင်ခြင်း၊ အရှိန်နှုန်းမြင့် မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားမှုမရှိစေရေးအတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့များဖြင့် အမြန်လမ်းတိုးဂိတ်များမှနေ၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ရွှေ့လျားအရှိန်နှုန်းတိုင်း ကိရိယာများဖြင့်လည်း မြန်နှုန်းမြင့်မောင်းနှင်သည့် ယာဉ်များကိုစစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သင်္ကြန်အကြိုကာလ အသိပညာပေးဟောပြော

ရန်ကုန်

မြန်မာနှစ်သစ်ကူးပွဲတော် သင်္ကြန်ကာလအတွင်း လူငယ်အချို့၏စိတ်ကြွရှူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယဆွဲနှောက်စီးမှုများ၊ သေဆုံးမှုများမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် လသာမြို့နယ် အုပ်ချုပ်ရေးမှူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လသာမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက လင်စိတ်နိုးကြွဆေးအန္တရာယ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မူးယစ်တပ်ဖွဲ့စု (၄၂)တပ်ဖွဲ့စုမှူး ရဲမှူး ခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သည့်မှုခင်းများအခြေအနေ၊ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဟိုပင်

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ သင်္ကြန်ကာလအတွင်း တားမြစ်ဆေးဝါးများနှင့် လင်စိတ်ကြွဆေးဝါးများ ရောင်းချခြင်းမရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဟိုပင်မြို့ဆေးဆိုင်များကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက ခေတ္တစခန်းမှူး ဒုရဲအုပ်ဆန်းပိုလ်နှင့်အဖွဲ့၊ ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု ဒေါ်တင်မိုးယုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တိုးတိုးမေ**

ရွှေကူ

မြန်မာနှစ်ကူး အတာသင်္ကြန်ကာလအတွင်း အများပြည်သူအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရေးအတွက် မှူခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးအစီအစဉ်ဖြင့် ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်နှင့်အဖွဲ့သည် မှူခင်းများကျဆင်းစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အသိပညာပေးဟောပြောပွဲများကို မတ် ၂၈ ရက် ဧပြီ ၂ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်သို့ လှည့်လည်ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၄ ရက်က လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီက အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၆၀၀၀နှုန်းဖြင့် ထောက်ပံ့ချီးမြှင့်ပွဲကို မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြတ်ကို (ဗိုလ်ကြီး-ဇြမ်း)က မြို့နယ်နှင့် ရပ်ကွက်စည်းရုံးရေး ကော်မတီဝင်များ၊ စိတ်မှူးများနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်စဉ်။ မီးမီး-လှိုင်

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်တွန်းမည်။

မင်္ဂလာညှိုခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နေ
ဦးမောင်မောင်သန့်, (J.A.T၊ ပညာရေးဌာန)-ဒေါ်တင်တင်မြင့်(သူနာပြုဆရာမကြီး၊ ကျန်းမာရေးဌာန)တို့၏ သားငယ်

ဗိုလ်ကြီးဒေါက်တာဝေဖြိုးကို

M.B.,B.S (D.S.M.A), M.Med.Sc (Anaesthesia)
အမှတ်(၁)တပ်မတော်ဆေးရုံ၊ ခုတင်(၇၀၀)၊ ပြင်ဦးလွင်မြို့

နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးတင်မြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ရွယ်ဂျာ(တနိုင်းခစတိုး)တို့၏ သမီးကြီး

မမေဇွန်တင်မြင့်

B.B.M (National Management College),
M.B.A (Yangon Institute of Economics)
ဒုတိယဦးစီးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

တို့၏ ၅-၄-၂၀၁၅ရက် (တနင်္ဂနေ့)တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC 2) နေပြည်တော်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး ဒေါက်တာနန္ဒာမွန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အမျိုးသားလွတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြည်မိန်းနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှ သူငယ်ချင်းမိသားစုများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂီဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့သည့် ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်မြမြဝင်း၊ ကိုအောင်နိုင်နှင့် တေးဂီတအဖွဲ့သားများ၊ မင်္ဂလာပန်းများ ဖြန့်ကြဲပေးပါသော မဂျာနန်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မစံပယ်မြတ်နိုးထွန်း၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မလှိုင်းလီလီလွင်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးဒေါက်တာအာကာလွင်နှင့် ဗိုလ်ကြီးဒေါက်တာဇင်မင်းဦး၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော မမြတ်စံပယ်တင်မြင့်နှင့် မန္ဒယ်နီဆွေတို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော အန်ဂီလုလု(Rich Gems၊ နေပြည်တော်)နှင့် ကိုအောင်(စကြာရွှေရည် စိန်ရွှေရတနာဆိုင်)၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာပြည်စိုးအောင်၊ မိတ်ကပ်အလှပြင်ပေးပါသော မိတ်ကပ်ယျာယျာ(ခင်စန်းဝင်း)၊ မင်္ဂလာဓာတ်ပုံ၊ ဗီဒီယိုများရိုက်ကူးပေးပါသော Foreverတို့အားလည်းကောင်း၊ ပန်းအလှဆင်ခြင်း၊ အခမ်းအနားပြင်ဆင်ခြင်းနှင့် ကျွေးမွေးဧည့်ခံပေးပါသော ဘောဂသိဒ္ဓိမှ ဝန်ထမ်းများ၊ အခမ်းအနားအတွက် ကူညီပေးပါသော MICC 2 မှ ဌာနမှူး ဦးထွန်းနိုင်နှင့် ဝန်ထမ်းများ၊ ကြိုဆိုနေရာချကူညီဆောင်ရွက်ပေးသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ၅-၄-၂၀၁၅ရက် ညနေတွင် Western Park Restaurant ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂီဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းကူညီပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂီဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဒေါက်တာဝေဖြိုးကို-မမေဇွန်တင်မြင့်

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့အား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်

မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီလ ၁၃ ရက် (အကြိုနေ့)မှ ၁၆ ရက်(အတက်နေ့)အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါလမ်းများအား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်ဖြစ်သည်-

(က) ကမ္ဘာအေးစေတီလမ်း။ ပါရမီလမ်းဆုံမှ ကုက္ကိုင်းလမ်းဆုံအထိ မြောက်မှတောင်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ခ) စက်မှု(၁)လမ်း။ ဆရာစံလမ်းဆုံမှ ကမ္ဘာအေးစေတီလမ်းဆုံအထိ အရှေ့မှအနောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ဂ) ဆရာစံလမ်း။ ကမ္ဘာအေးစေတီလမ်းဆုံမှ စက်မှု(၁)လမ်းဆုံအထိ အနောက်မှအရှေ့သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ဃ) မဟာဗန္ဓုလလမ်း။ ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းထိ အရှေ့မှအနောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(င) ကန်တော်ကြီးပတ်လမ်း။ ဦးထောင်ဘိုအဝိုင်း။ တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၄င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိသည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်သည်။ (ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့် အထက်ပန်းဆိုးတန်းလမ်းမှ ယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှ လည်းကောင်း၊ သိမ်ဖြူလမ်းမှ ယာဉ်များသည် သိမ်ဖြူ(၅)ခွဆုံမှလည်းကောင်း၊ လမ်းလွဲအတိုင်းသွားရမည် ဖြစ်သည်)

ဖော်ပြပါ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များ ရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့်လမ်းများမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကြော်ငြာ

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အမှူးပြုသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဒီမိုကရေစီနိုင်ငံရေး တည်ဆောက်နိုင်ရန် ငြိမ်းချမ်းရေးသည် အဓိကအခန်းကဏ္ဍဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ၂၀၁၅ ခုနှစ် မတ် ၃၁ရက်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား နှစ်ပေါင်း ၆၀ ကျော် သမိုင်းကြောင်းရှည်လျားစွာ တိုက်ခိုက်မှုများ အဆုံးသတ်မည့်ခြေလှမ်းသစ်ဖြစ်သည့် သမိုင်းဝင်ဆောင်ရွက်ချက်အဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့တို့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တို့၏ ဇွဲ၊ လုံ့လ တိုင်းပြည်အပေါ်ထားရှိသော စိတ်စေတနာကောင်းများကို ဂုဏ်ယူလေးစားမိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူလူထုများ မှလည်း ၂၀၁၅ခုနှစ် မတ် ၄ ရက်၊ ၅ ရက်နှင့် ဖေရက်များတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း (၅)ခုနှင့် ခရိုင် (၁၃)ခရိုင်ရှိ တိုင်းရင်းသားပြည်သူလူထုများမှ လှိုက်လှဲစွာ ကြိုဆိုထောက်ခံခဲ့ပါသည်။ ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံပြည်သူများအတွက် မျှော်လင့်ထားသော သတင်းကောင်းတစ်ရပ်ဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်မှ ပြည်သူလူထုအားလုံးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုထောက်ခံအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်မှပြည်သူပြည်သားများ

အမြန်ပြန်လာပါ

ကျွန်တော် ဦးရင်သိန်း ၁၂/ဒဂတ(နိုင်)၀ဖဇ၇၂၄ ၏ သား မောင်သီဟထက်ဇော် အသက်(၁၆)နှစ်သည် ၃၁-၃-၂၀၁၅ ရက် မွန်းလွဲ ၁၂ နာရီကျော်တွင် အမှတ် ၆၆၈၊ ဦးဖိုးလှိုင်လမ်း၊ ၁၀၈ ရပ်ကွက်ရှိ ရွှေဆင်စတိုးဆိုင်မှ ကျူရှင်သို့အသွား ကျူရှင်ဆရာမှ ကျောင်းလာမတက်ကြောင်းသိရပါသည်။ ယနေ့ထိပြန်မလာပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။ လက်ခံထားသူအား ဥပဒေအရအရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၃၄၀၂၇၄၊ ၀၉-၂၅၄၃၂၁၁၇

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို နှစ်သစ်ကူး ရုံးပိတ်ရက်များဖြစ်သော ၂၀၁၅ ခုနှစ် ဧပြီလ(၁၂)ရက်မှ ၂၀၁၅ ခုနှစ် ဧပြီလ(၂၁)ရက်အထိ ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆောင်းပါး

ပြိုင်ကူတွန်းလို့ ရွှေ့နိုင်ခဲ့ပြီ

မေသံလွင်

ဖေဖော်ဝါရီလရဲ့ ချမ်းအေးလှတဲ့ ဆောင်းနံနက်ခင်းတစ်ခုမှာ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မယ်ဇလီတောရွာလေးကို တတိယအကြိမ် ရောက်ခဲ့ရပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက် ကျဲပါးပါးနှင်းမှုန်ကြားက အညာဒေသရဲ့ ပတ်ဝန်းကျင်ရှုခင်းတွေက ပြောင်းလဲနေသလို ကျွန်မရဲ့စိတ်အစဉ်ခံစားမှုကလည်း တစ်ခေါက်နဲ့တစ်ခေါက်မတူတာကို သတိရနေမိပါတယ်။

အခုအခေါက်ကတော့ မင်းလှမြို့နယ်ထဲမှာ ကျင်းပတဲ့ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနရဲ့ စီစဉ်မှုနဲ့ အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး) က တာဝန်ယူဖွင့်လှစ်တဲ့ သံဂဟေဆက်နည်းပညာဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက်ဖို့ရောက်ခဲ့တာပါ။

အခမ်းအနားကျင်းပတဲ့နေရာကိုရောက်တော့ ဝတ်စုံ၊ ဦးထုပ်နဲ့ဖိနပ်ဆင်ထူဝတ်ဆင်ထားတဲ့ သင်တန်းသားတွေ၊ စက်မှုပန်ကြီးဌာနဝတ်စုံဝတ်ထားတဲ့သင်တန်းဆရာတွေနဲ့ တာဝန်ရှိသူတွေရဲ့ ကျေနပ်အားရတဲ့အပြုံးတွေကို တွေ့ရပြီး ဝမ်းသာဂုဏ်ယူတဲ့ စိတ်အတွေးတွေဖြစ်ပေါ်နေခဲ့ပါတယ်။ သင်တန်းကာလ ၁၁ ရက် (၈၈ နာရီ) ကြာ သင်ကြားလေ့ကျင့်ပေးခဲ့တဲ့ သင်တန်းအောင်မြင်စွာပြီးမြောက်ခဲ့ခြင်းဖြစ်ပါတယ်။

ပထမဆုံးရောက်ခဲ့တုန်းက ၂၀၁၄ ခုနှစ် နိုဝင်ဘာလထဲမှာပါ။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရဲ့ စီစဉ်မှုအရ မင်းလှမြို့နယ်မှာရှိတဲ့ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) လုပ်ငန်းရှင်တွေကို အသိပညာပေးဆွေးနွေးဖို့သွားခဲ့ခြင်းဖြစ်ပါတယ်။

မြို့ငယ်လေးတစ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ခံယူချက်တွေဟာ ဘယ်လိုများရှိနေလေမလဲဆိုတဲ့ အတွေး များနဲ့ သွားခဲ့ရပေမယ့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမထဲမှာ တက်ရောက်လာတဲ့ လုပ်ငန်းရှင် ၈၀ ကျော်လောက်ကို မြင်တွေ့ရတဲ့အခါမှာတော့ မင်းလှမြို့သေးသေးလေးရဲ့ စည်းလုံးမှုအင်အားကို နားလည်ရတာမို့ ကျေနပ်အားရမိသလို သူတို့ကို ရှင်းပြဆွေးနွေးတဲ့ ကျွန်မရဲ့အသံတွေကလည်း တက်ကြွလို့နေပါတော့တယ်။

အဲဒီဆွေးနွေးပွဲမှာ စက်မှုလုပ်ငန်းတွေသာမက သီးနှံစုံရောင်းဝယ်ရေး၊ မော်တော်ယာဉ်လိုင်း၊ ပန်းတိမ်၊ အိုးစည်၊ ကိုယ်ပိုင်စာသင်ကျောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ အခြားလုပ်ငန်းတွေပါဝင်ကြပြီး တက်ရောက်လာတဲ့ လုပ်ငန်းရှင်များက စိတ်ပါဝင်စားစွာ ပြန်လည်ဆွေးနွေးမေးမြန်းကြပါတယ်။ ဒီတွေ့ဆုံပွဲရဲ့ ရလဒ်ကနေ မင်းလှမြို့နယ်အတွင်း SME အစုအဖွဲ့တွေကို ဖွဲ့စည်းနိုင်ခဲ့သလို ရှေးမြန်မာဘုရင်လက်ထက်က မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ အိုးစည်လုပ်ငန်းကို သွားရောက်လေ့လာပြီး SME ရှုထောင့်ကနေ ဖော်ထုတ်တင်ပြနိုင်ခဲ့ပါတယ်။

မင်းလှမြို့နယ် မယ်ဇလီတောလမ်းဆုံဟာ လွန်ခဲ့တဲ့ ၁၅နှစ်လောက်က လူပြတ်လပ်တဲ့နေရာတစ်ခု ဖြစ်ခဲ့ပြီး ယခုစဖွဲ့ခဲ့တဲ့ သံဂဟေလုပ်ငန်းရှင်များအစုအဖွဲ့ ခေါင်းဆောင် ဦးဌေးဝင်းရဲ့ စွန့်ဦးတီထွင်စိတ်ဓာတ်နဲ့ ကြိုးစားမှုကြောင့် အိမ်ခြေ ၅၀ခန့် ဖြစ်လာခဲ့ပြီး စီးပွားရေးလုပ်ငန်းတွေနဲ့ စည်ကားနေတဲ့၊ ဒေသခံတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တဲ့ နေရာလေးဖြစ်လာခဲ့တာဖြစ်ပါတယ်။

ရွာငယ်လေးတစ်ရွာက အသက် ၄၀ လောက်အရွယ် လူငယ်တစ်ယောက်ထံမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ရဲ့ အရည်အသွေးတွေကို တွေ့မြင်ရတဲ့အခါ နေရာဒေသအနှံ့အပြားမှာ ဒီလိုရွက်ပုန်းသီး လူတော်လူကောင်းတွေ ဘယ်လောက်များရှိနေမလဲဆိုတဲ့ အတွေးနဲ့ အတူကျွန်မတို့နိုင်ငံမှာ သယံဇာတရင်းမြစ်သာမက လူသားအရင်းအမြစ်တွေအထိ ကြွယ်ဝပုံနဲ့ ရှာဖွေဖော်ထုတ်ပြီး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ရင်ဆိုတဲ့ အတွေးတွေ ကပ်ငြိလို့လာပြန်ပါရော၊ မြို့ပြ SME သာမက ကျေးလက် SME အထိ အားလုံးလည်းပါဝင်နိုင်ရပါမယ်။ ကျွန်မတို့မှာ တာဝန်တွေ အများကြီးရှိနေတယ်လို့လည်း ခံယူမိပါတယ်။

အစုအဖွဲ့ရဲ့ လိုအပ်ချက်တွေ တင်ပြတဲ့အခါမှာတော့ အဲဒီသံဂဟေလုပ်ငန်းရှင် အစုအဖွဲ့ဟာ ငွေကြေးချမ်းသာသူများ မဟုတ်ကြတာတောင် ငွေအရင်းအနှီးရရှိဖို့ကို အဓိကမထားဘဲ ကျွမ်းကျင်လုပ်သားများရရှိဖို့က အဓိကဖြစ်နေပါတယ်။ လက်ရှိလုပ်ငန်းတွေမှာ ထိုက်သင့်တဲ့ အောင်မြင်မှုတွေရနေပေမယ့် စနစ်တကျ သင်ကြားတတ်မြောက်ထားကြတာ မဟုတ်တဲ့အတွက် “ သူတို့ရဲ့ ထုတ်ကုန်အရည်အသွေးတွေ ပိုကောင်းဖို့၊ စနစ်တကျ လုပ်ကိုင်နိုင်ဖို့၊ စျေးကွက်မှာ အရည်အသွေးမီမီ ထုတ်နိုင်ဖို့” သင်တန်းတက်ရောက်လိုကြောင်းကိုပဲ တောင်းဆိုခဲ့တာပါ။ ကျွမ်းကျင်လုပ်သားပြည့်စုံရင် အရည်အသွေးကောင်းတဲ့ ထုတ်ကုန်တွေထုတ်ပြီး စျေးကွက်မှာ နေရာရလာမယ်။ အဲဒီအခါကျမှ ငွေကြေးအရင်းအနှီးရယူတဲ့အခါ ပိုမိုအောင်မြင်မယ်လို့ ခံယူထားကြသူတွေ ဖြစ်ပါတယ်။

“ တစ်ယောက်အားဖြင့် ယူသော်မရ” ဆိုသလို တစ်ဦးချင်းတောင်းဆိုရင် ဆောင်ရွက်ပေးဖို့ မလွယ်ကူပေမယ့် အစုအဖွဲ့ရဲ့ လိုအပ်ချက်အသွင် တင်ပြနိုင်ခဲ့တဲ့အတွက် ကျွန်မတို့ကလည်း ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်မှ တစ်ဆင့် စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ညှိနှိုင်းစီစဉ်ပြီး သင်တန်းလေးဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီလိုနဲ့ပဲ မင်းလှမြို့နယ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလထဲမှာ ဒုတိယအကြိမ် ရောက်ခဲ့ရပြန်ပါတယ်။ တက်ရောက်လိုတဲ့ သင်တန်းသားတွေမှာ လက်ရှိ သံဂဟေလုပ်ငန်းလုပ်ကိုင်ဆဲ လူတွေပါဝင်နေတဲ့အတွက် သင်ခန်းစာများ ကြိုတင်ပြင်ဆင်တဲ့အခါ သူတို့ရဲ့ တတ်မြောက်မှုအဆင့်ကို သိဖို့ လိုအပ်လာပါတယ်။ သင်ကြားရမယ့် သင်ခန်းစာတွေ၊ သင်ထောက်ကူပစ္စည်းတွေ၊ သင်တန်းဆရာတွေ၊ အဆောက်အအုံနေရာ၊ ရေ၊ လျှပ်စစ်စတာတွေ ကြိုတင်စီစဉ်ရပါတယ်။ သင်တန်းဖွင့်မယ့်နေရာ ရွေးချယ်ဖို့နဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးဖို့အတွက် အမှတ်(၅)စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနဲ့ ကျွန်မတို့ သွားခဲ့ကြတာပါ။

မယ်ဇလီတောရွာမှာ ကျွန်မတို့အဖွဲ့နဲ့ လုပ်ငန်းရှင်တွေ တွေ့ဆုံဆွေးနွေးတဲ့အခါ အမှတ်(၃၈) အကြီးစားစက်ရုံ(မလွန်)က အထွေထွေမန်နေဂျာဦးအောင်စိုးဝင်းလည်း လာရောက်ခဲ့ပြီး သူ့ဒေသ၊ သူ့အရပ်၊ သူ့ဝန်းကျင်က စက်မှုလုပ်ငန်းရှင်တွေရဲ့ စုစည်းညီညွတ်မှု၊ ပညာကို တန်ဖိုးထားမှုအတွက် ဂုဏ်ယူလို့နေပါတယ်။

သင်တန်းသားတွေကိုသင်တဲ့အခါ လိုအပ်မယ့် MAG၊ MIG၊ TIG Gas Welding Machine သုံးစုံအပြင် သင်တန်းဆရာပါ စေလွှတ်ပြီး အကူအညီပေးမယ် လို့ GM ကြီးကပြောပါတယ်။ ကျွန်မတို့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေအတွက် အကြံဉာဏ် တွေလည်း ရခဲ့ပါတယ်။ အဲဒီခရီးရဲ့ အပြန်လမ်းမှာတော့ တက်ကြွခြင်းနဲ့ ကျေနပ်ခြင်း စိတ်အစဉ်တွေနဲ့ပါ။

လူငယ်တစ်ယောက်ထံမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ရဲ့ အရည်အသွေးတွေကို တွေ့မြင်ရတဲ့အခါ နေရာဒေသအနှံ့အပြားမှာ ဒီလိုရွက်ပုန်းသီး လူတော်လူကောင်းတွေ ဘယ်လောက်များရှိနေမလဲဆိုတဲ့ အတွေးနဲ့

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ လူစွမ်းအားအရင်းအမြစ်ဌာန ကြီးကြပ်မှုအောက်မှာရှိတဲ့ စက်မှုသင်တန်းကျောင်းတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် (Mobile Vocational Training School) “စက်မှုနဲ့ သက်မွေးပညာရွှေ့လျားသင်တန်းကျောင်း”အစီအစဉ်နဲ့ ကျေးလက်ဒေသတွေ အရောက် စက်မှုနှင့်သက်မွေးပညာ ရက်တိုသင်တန်းများအား သင်ကြားပို့ချပေးရန်နှင့် စက်မှုထုတ်ကုန် အရည်အသွေးကောင်းမွန်စေရန်၊ လုပ်ငန်းများစနစ်တကျ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရန်၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေထားရှိပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုသင်တန်းမှာ ကျွန်မတို့ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) က သင်ထောက်ကူ Raw Material သုံးစွဲမှုနဲ့ အုပ်ချုပ်မှုဆိုင်ရာ အထွေထွေကိစ္စရပ်များသုံးစွဲမှု အားလုံးအတွက် ကုန်ကျစရိတ်ကို တာဝန်ယူပြီး အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး) ကတော့ လုပ်ငန်းရှင်တွေရှိရာအရောက် ရွှေ့လျားသင်တန်းအဖြစ် သွားရောက်သင်ကြားပေးမှာဖြစ်ပါတယ်။ သင်တန်းသားတွေကလည်း အစစအရာရာတက်ညီလက်ညီ ရှိလှပါတယ်။ သင်တန်းသားများရဲ့ တူညီဝတ်စုံစရိတ်ကို သင်တန်းသားများမှ စရိတ်မျှပေးကျခံခဲ့ကြပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်ရင်းနဲ့ပဲ မခမ်းနားလှပေမယ့် သေသပ်ကျနတဲ့ သင်တန်းဖွင့်ပွဲအခမ်းအနားလေးကို ဦးဌေးဝင်း (ထနောင်းရိပ်)ရဲ့ အိမ်ရှေ့မှာကျင်းပနိုင်ခဲ့ပါတယ်။ ဦးဌေးဝင်း ရဲ့အိမ်နဲ့ (ထနောင်းရိပ်) အလုပ်ရုံအပြင် (မဟော်)အလုပ်ရုံတို့မှာ သင်တန်းအဖြစ် သင်ကြားနိုင်ခဲ့ပါတယ်။

သင်တန်းသားတွေဟာ အစကတည်းက ခံယူချက်မှန်မှန်၊ ရည်ရွယ်ချက်ကောင်းကောင်းရှိသူတွေပီပီ ပညာရဲ့ တန်ဖိုးကိုနှားလည်ပြီး သင်တန်းကာလတစ်လျှောက်မှာလည်း ကြိုးကြိုးစားစား သင်ယူကြပါတယ်။ စာတွေ့၊ လက်တွေ့ကျွမ်းကျင်ပိုင်နိုင်တဲ့ စက်မှုသင်တန်းကျောင်း (မကွေး) နဲ့ က. စ. စ(မလွန်) က သင်တန်းဆရာများ၊ စက်မှုညွှန်ကြားရေးဦးစီးဌာန (ရုံးချုပ်) ကလာရောက်ပို့ချတဲ့ ဆရာတို့ကလည်း ဆရာဝတ္တရားနှင့်အညီ သင်ကြား ပြသပေးကြပါတယ်။ ဆရာတွေက ဝမ်းသာပီတိဖြစ်ရသလို ကျွန်မတို့မှာလည်း SME အစုအဖွဲ့ရဲ့ ပေါင်းစည်းမှုကို လက်တွေ့အောင်မြင်ကြောင်းပြတဲ့ ရလဒ်တစ်ခုမို့ ပြောမပြတတ်အောင် ကျေနပ်မိပါတယ်။

ကျွန်မနဲ့အတူ (SME) ဌာနက ဝန်ထမ်းတွေကလည်း ရသမျှ အချိန်လေးမှာပဲမြို့နယ်ဖွံ့ဖြိုးရေးနဲ့ အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့တွေ့ဆုံပြီး ဒေသရဲ့ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသေးတယ်။ ကျွန်မတို့ဌာနအတွက်ကတော့ မြင်မြင်သမျှ ကိုယ်နဲ့ဆိုင်တဲ့ အလုပ်လို့ သဘောထားနေကြရမယ်လို့ ခံယူထားကြရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၉ ရာခိုင်နှုန်းက SME တွေပဲ ဖြစ်နေလို့ပါ။

ကျွန်မတို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကလည်း ပုံသေနည်းမရှိဘဲ ဆက်ဆံရတဲ့လုပ်ငန်းရှင်ရဲ့ ခံယူချက်၊ ဗဟုသုတ၊ စိတ်နေသဘောထားနဲ့ သူတို့ရဲ့ လုပ်ငန်းသဘာဝအပေါ်မှာ မူတည်ပြီး အသိပညာပေးရတာ၊ သူတို့လုပ်ငန်းတွေ တိုးတက်အောင် အဌားခံစားပြီး တွေးတောပေးရတာဖြစ်ပါတယ်။

သေချာတဲ့အချက်ကတော့ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးနဲ့ စေတနာထားပြီး ကူညီစိတ်ထားရှိရတာပဲဖြစ်ပါတယ်။ ဒါမှလည်း အပြန်အလှန် ယုံကြည်မှုတွေ ရရှိပြီး လုပ်ငန်း အောင်မြင်နိုင်မှာပါ။ SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ငွေကြေးမပြည့်စုံသူကို သာမက အသိပညာအားနည်းသူကိုပါ အားပေးမြှင့်တင်ပေးနိုင်ရမှာ ဖြစ်ပါတယ်။

နောက်ပြီး ဒီအလုပ်က ပရဟိတနဲ့ယှဉ်တဲ့ လုပ်ငန်းဆောင်ရွက်မှုဖြစ်လို့ ဝန်ထမ်းတွေရဲ့ စိတ်စေတနာ၊ ကြိုးစားအားထုတ်မှုတွေ လိုအပ်သလို ဆက်သွယ်ဆောင်ရွက်တဲ့ ဌာနဆိုင်ရာတွေရဲ့ ကူညီအားပေးမှုတွေလည်း အများကြီးပါဝင်နေပြန်ပါတယ်။ မကွေးတိုင်းဒေသကြီးကိုပဲ ကြည့်မယ်ဆိုရင် အစိုးရအဖွဲ့နဲ့ စက်မှုလက်မှုဝန်ကြီးက ကျွန်မတို့ဌာနကို ယုံယုံကြည်ကြည်နဲ့ အားပေးခဲ့ပါတယ်။

မြို့နယ်များ၊ စက်မှုဇုန်များနဲ့ ကျေးလက်ဒေသအချို့ကို သွားရောက်ပြီး လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးကာ တတ်နိုင်သမျှ လုပ်ငန်းခွင်ထိအရောက်သွားခဲ့ပါတယ်။ မြို့နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ ကလည်း ကျွန်မတို့ဌာနထက် စီနီယာကျတဲ့ဌာနများဖြစ်လို့ စာရင်းဇယားတွေ၊ အချက်အလက်တွေ၊ အကြံဉာဏ်တွေနဲ့ ပူးပေါင်းကူညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်စရာကောင်းလှပါတယ်။

စာမျက်နှာ ၁၆ သို့

ညောင်တုန်း၌ ကျေးရွာချင်းဆက် တံတားဖွင့်

ညောင်တုန်း ဧပြီ ၈

ယခင်က ဝါးတံတားဖြင့် ခက်ခက်ခဲခဲ ကူးသန်းသွားလာခဲ့ရသော ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂုံမင်းဆိပ် ကျေးရွာအုပ်စုရှိ ပါလှဲ့ကျေးရွာနှင့် တူးမြောင်း ကျေးရွာဆက်သွယ်သော အားမာန်မေတ္တာ တံတားအသစ်ဖွင့်ပွဲကို ဧပြီ ၆ ရက်က ကျင်းပသည်။

အားမာန်မေတ္တာ ကွန်ကရစ်တိုင် သံထည်တံတားမှာ အကျယ် ၆ ပေ၊ အရှည် ပေ ၁၅၀ ရှည်ပြီး ရဟန်းရှင်လူပြည်သူ အများသွားလာမှုအဆင်ပြေလွယ်ကူချောမောစေရေး၊ ကုန်ပစ္စည်းများအလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရေးတို့အတွက် ဆရာတော်သံယာတော်များပါ ပါဝင်လျှုဒါန်းငွေများအပါအဝင် ဒေသခံပြည်သူများ၊ အလျှုရှင်များပါဝင် လျှုဒါန်း ငွေကျပ်သိန်း ၁၁၀ ကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဖွံ့ဖြိုးရေးရန်ပုံ ငွေမှ ငွေကျပ် ၁၀သိန်းကျော်၊ စည်ပင် သာယာရန်ပုံငွေမှ ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၂၇ သိန်းကျော် အကုန်အကျခံ တည် ဆောက်ခဲ့သော ကွန်ကရစ်တိုင် သံထည်တံတားဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်တုန်း)

နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျ

နေပြည်တော် ဧပြီ ၈

ဧပြီ ၄ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် (၃၁၆/၃-၄)ကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်နေ အေးကျော် (၄၀ နှစ်) မောင်းနှင်လာသည့် AA/-----Probox အဖြူရောင်ယာဉ်သည် ဝဘက် နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် မြေသား လမ်းဘေးရှိ ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း အေးကျော်၊ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် တစ်ရပ်တည်းနေ ဒေါ်ခင်မာလွင် (၃စနှစ်)ပါ ဝေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် အေးကျော်ကို သီးကုန်းအမြန် လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ပြည်တွင်းသတင်း

စာမျက်နှာ ၁၅ မှ

ဒီလိုနဲ့ပဲ သင်တန်းဆင်းပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ သင်တန်းကာလမှာ သင်ယူခဲ့သမျှကို စာမေးပွဲစစ်ပြီး ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်လို့ ဆုပေးခဲ့ပါသေးတယ်။ သင်တန်းဆင်းပွဲကို တက်ရောက်လာတဲ့ သင်တန်းသားတွေရဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ကျေနပ်မှု အပြီးမျက်နှာတွေ မြင်ရတဲ့အခါ ကျွန်မတို့ရှေ့ဆက်ရမယ့် ခရီးအတွက် အားမာန်တွေဖြစ်ပါတယ်။ သင်တန်းရဲ့ရလဒ်ကြောင့် မင်းလှမြို့နယ်က သာမက တခြားဒေသများကပါ စိတ်ပါဝင်စားပြီး SME အစုအဖွဲ့တွေစုဖွဲ့လို့ ပူးပေါင်းဆောင်ရွက်ရင် သူတို့ရဲ့ လုပ်ငန်းတွေ ပိုမိုအောင်မြင်နိုင်တယ်ဆိုတာကိုပါလက်တွေ့ကျကျ ပြသပေးနိုင်ခဲ့ပါတယ်။

ဒီသင်တန်းလေး အောင်မြင်စွာ ဖြစ်ပေါ်လာခဲ့ရတဲ့ အကြောင်းတွေကို တွေးမိတဲ့အခါ ကျွန်မရဲ့အတွေးတွေက ဟိုရောက်၊ ဒီရောက်ဖြစ်နေပေမယ့် ရက်ကန်းရက်သလို အကွက်ကျကျ ဟိုဒီပြေးလွှားနေတာ ဖြစ်ပါလိမ့်မယ်။ လှပတဲ့ အဆင်ဒီဇိုင်းလေးပေါ်လာမယ်ဆိုတဲ့ ယုံကြည်ချက်၊ မျှော်လင့်ချက်၊ ကျေနပ်စိတ်၊ ဂုဏ်ယူစိတ်၊ ကောင်းမွန်တဲ့ စိတ်တွေအကုန်လုံး ကျွန်မရဲ့ရင်ထဲအတွေးထဲမှာ ရှိနေလို့ပဲဖြစ်ပါတယ်။

တကယ်တော့ စက်မှုဝန်ကြီးဌာနက တစ်အုပ်ထုံ့ဆင်းညီအစ်ကိုမောင်နှမများရဲ့ ပေါင်းစည်းမှုကို ဒေသခံတွေရဲ့ ညီညွတ်မှုနဲ့ အားဖြည့်လိုက်တဲ့အခါ စည်းလုံးခြင်းအတွက် တေးတစ်ပုဒ်ကို သီဆိုနိုင်ခဲ့ကြပါပြီ။ ဒီတေးသီချင်းသံတွေ မိုးယံသို့ပျံ့လွင့်လို့ "ကမ္ဘာမြေရဲ့တေး" အဖြစ် ဟစ်ကြွေးနိုင်ဖို့လည်း ကျွန်မတို့အားလုံးမှာပဲ တာဝန်တွေ ကိုယ်စီရှိနေကြတာမဟုတ်ပါလား။

ကျွန်မတို့အားလုံးပြိုင်တူတွန်းရင် ရွှေ့နိုင်မှာပါ။

ရွာမ-လှော်ကား-သာကေတ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း

နေပြည်တော် ဧပြီ ၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပင်မသဘာဝဓာတ်ငွေ့ထိန်းသိမ်းဖြန့်ဖြူးရေးစခန်း (ရွာမ) ဝင်းအတွင်း Nitrogen Removal Unit တည်ဆောက်နေသည့် လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည်ရွာမ-လှော်ကား-သာကေတ ၃၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ၃၅ မိုင် ပိုက်လိုင်းဆက်သွယ်ခြင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အင်းစိန်မြို့နယ် ရွာမ ဘုရင့်နောင် လမ်းမကြီးဘေး၊ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးဘေးနှင့် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာတို့ရှိ ပိုက်လိုင်းဆက်သွယ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးရေး၊ ပိုက်လိုင်းဆက်သွယ်မှုကို စံချိန်စံညွှန်းများနှင့် အညီစစ်ဆေးပြီး အပြီးသတ်လုပ်ငန်းများ စနစ်တကျ တိကျစွာ ဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းစီမံကိန်းပြီးစီးပါက ပိုမိုတိုးတက်ရရှိလာမည့် သဘာဝဓာတ်ငွေ့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်စက်မှုလက်မှုလုပ်ငန်းများသို့ တိုးတက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာသာရပ်ငါးခုပေါင်း၍ နမ့်ဖားအင်းကို သုတေသနပြု

ရန်ကုန် ဧပြီ ၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ရှိ ဗန်းမော်တက္ကသိုလ်တွင် ဘာသာရပ် ငါးခုပေါင်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဗန်းမော်မြို့၏ အထင်ကရအင်းတစ်ခုဖြစ်သော နမ့်ဖားအင်းကို သုတေသန ပြုလုပ်လျက်ရှိရာ သုတေသန၏ ရလဒ်ကို ဖော်ထုတ်နိုင်ပါက ဘာသာရပ်အလိုက် သင်ကြားမှုအပိုင်းကို အထောက်အကူဖြစ်စေမည့်အပြင် ဒေသအတွက် ဂုဏ်တက်၍ လက်ရှိ နိုင်ငံခြားခရီးသွားများ ဝင်ရောက်မှုထက်ပိုမိုလမ်းပွင့်သွားမည်ဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးဝင်ငွေတိုးလာနိုင်ရာ အဆိုပါ သုတေသနပြုမှုကို ဒေသခံပြည်သူများလည်း အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

မြို့မှ ငါးမိုင်ကွာဝေးသော တက္ကသိုလ်အနီးရှိ နမ့်ဖားရေအိုင်မှာ ရေးရေအိုင်တစ်ခုဖြစ်ပြီး ဒေသစားသုံးရန် ငါးကို တာပိန်မြစ်၊ ဧရာဝတီမြစ်နှင့်အတူ နေ့စဉ်ထုတ်လုပ်ပေးနေသော အင်းဖြစ်၍ ရှားပါးငှက်မျိုးစိတ်များ၊ ရေသတ္တဝါများနှင့် ရေမှော်များရှိနေသောကြောင့် ရရှိလာသော သုတေသန၏ ရလဒ်ပေါ် မူတည်ကာ အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ပထဝီနှင့် ဓာတုဗေဒဘာသာရပ်ဆိုင်ရာ ကျောင်းသားများစုပေါင်းကာ ပညာရပ်ဆိုင်ရာ အထောက်အကူပြုသော အကျိုးကျေးဇူးဖြင့် အမိတက္ကသိုလ်အတွက် သမိုင်းမှတ်တိုင်တစ်ခုကျန်ရစ်စေရန်၊ အင်းမှထွက်ပေါ်လာသောရလဒ်ကောင်းများမှ ဒေသဖွံ့ဖြိုးရေးအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိစေရန်၊ နိုင်ငံခြားသားခရီးသွားများကို စွဲဆောင်နိုင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးဝင်ငွေတိုးတက်စေရန်ဟူသော ရည်ရွယ်ချက်များထားရှိကြောင်း သိရသည်။

တာပိန်မြစ်အနီးတွင်ရှိသော နမ့်ဖားအင်းမှာမြေဩဇာကောင်းမွန်သောကြောင့် ဖရဲ၊ ပြောင်းနှစ်စဉ်အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ထူးခြားသော မြေအမျိုးအစားဖြစ်၍ သုတေသနရလဒ်ကောင်းများနှင့်အတူ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒဘာသာရပ် တို့အတွက် ရလဒ်များ ပေါ်ထွက်လာနိုင်ကြောင်း၊ လက်ရှိကျောင်းသား ၂၈၀၀ ခန့် ပညာသင်ကြားလျက်ရှိရာ နှစ်စဉ်ကျောင်းသားဦးရေတိုးလာ၍ ယခုကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိပြီး အဆိုပါ ကျောင်းသားများလည်း ယခုဘာသာရပ်ငါးခုမှ သုတေသနပြုနေသော အကျိုးဆက်တို့ကို ရရှိစေမည်ဖြစ်ကြောင်း ဗန်းမော်တက္ကသိုလ်မှ ဒေါက်တာသက်အုန်းမြင့်က ပြောသည်။

သန်းထိုက်(လှိုင်သာယာ)

အခြေခံမွန်စကားပြော သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူးဖွင့်လှစ်ခဲ့သည့် မွန်စာပေ၊ မွန်စကားနှင့် အခြေခံမွန်စကားပြောသင်တန်းများ ဆင်းပွဲနှင့် သင်တန်းထူးချွန်ဆုချီးမြှင့်ပွဲကို ဧပြီ ၆ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေ့ဝုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၁၉ မြို့နယ်ရှိ သင်တန်းဌာန ၂၂ နေရာတို့၌ မတ် ၃ ရက်မှ ဧပြီ ၄ ရက်အထိ သင်တန်းသား သင်တန်းသူ ၅၂၅ ဦးဖြင့် တစ်လကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကိုချစ်

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်

ပျဉ်းမနား ဧပြီ ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု ဆင်သေကျေးရွာ အလယ်တန်းကျောင်း (ခွဲ)၌ ဧပြီ ၇ ရက်က အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဘုန်းဇော်ဟန်က ၂၀၁၅ ခုနှစ်မှာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စု ကျေးရွာ ၄၉ ရွာမှာ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုဆောင်ရွက်ရန် လျာထားတင်ပြချက်အရ စာသင်သား ၆၅၇ ဦးကို စာသင်ဝိုင်း ဖွဲ့စည်းပြီး သင်ကြားပေးမည်ဖြစ်ကြောင်း စေတနာလုပ်အားရှင်များအဖြစ် မိတ္ထီလာတက္ကသိုလ်မှဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်အားထက်သန်စွာ ပံ့ပိုးပေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ပျဉ်းမနား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ ပျဉ်းမနား မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် ပညာရေးမှူး ဦးသန်းလင်းနှင့် ပညာရေးဝန်ထမ်းဆရာ ဆရာမများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

မျိုးဇေယျာ (ပျဉ်းမနား)

အနော်ရထာတံတားမှ စက်ဘီး၊ မြင်းလှည်း၊ ဆိုင်ကယ်များ တံတားအသုံးပြုခ ကောက်ခံခြင်း မပြုတော့

ဆိပ်ဖြူ ဧပြီ ၈

အနော်ရထာတံတားသည် ချောက်မြို့နှင့် ဆိပ်ဖြူမြို့ကို ဆက်သွယ်ရာတွင် အဓိကကျသောလမ်းတစ်လမ်းဖြစ်ကာ ဧရာဝတီမြစ်ကိုဖြတ်သန်းဖောက်လုပ်ထားသော တံတားတစ်စင်းဖြစ်ကာ တံတားအသုံးပြုခကို နှင်းသဇင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ (၂၀၀၉-၂၀၁၀) ဘဏ္ဍာနှစ်မှ လေလံစနစ်ဖြင့်ရယူ၍ စတင်ကောက်ခံခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ မတ် ၆ ရက်က ညွှန်ကြားချက်ဖြင့် စက်ဘီး၊ မြင်းလှည်း၊ ဆိုင်ကယ်များကို ဧပြီ ၁ ရက်မှစတင်၍ တံတားအသုံးပြုခအား ကောက်ခံခြင်းမရှိတော့ပါကြောင်း၊ အဆိုပါတံတားအသုံးပြု၍ သွားလာသော အများပြည်သူများသိရှိစေရန် ဆိပ်ဖြူမြို့ တံတားချဉ်းကပ်လမ်းနှင့်ချောက်မြို့ တံတားချဉ်းကပ်လမ်းများတွင် ပြည်သူများသိရှိစေရန် ဆိုင်းဘုတ်များဖြင့် အသိပေးကြေညာထားကြောင်း နှင်းသဇင်ဆောက်လုပ်ရေးကော်မတီလီမိတက် အနော်ရထာတံတားဂိတ်မှ တာဝန်ရှိသူက ပြောကြားသည်။

စိုးလင်းနိုင် (iprd)

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန်ပညာပေး

ပဲခူး ဧပြီ ၈

ပဲခူးမြို့၏ အဓိက အချက်အချာကျသော မဇင်း(၁)လမ်းထိပ်၊ စျေးကြီးထိပ်၊ ရွှေမော်ဓောဘုရား လမ်းထိပ်၊ ဗန္ဓုလ လမ်းမထိပ်နှင့်ဆံတော်တွင်းလမ်းမထိပ်တို့တွင် ဧပြီ ၇ ရက် နံနက်ပိုင်းက ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကြီးလှဦး၊ အမှတ်(၃)ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးထိန်ဝင်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့်ရဲတပ်ဖွဲ့ ၆၅ ဦးတို့သည် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်းလမ်း၊ စည်းကမ်းများ လိုက်နာရန်အတွက် ပညာပေးဆောင်ရွက်မှုများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်များစောင်းပေးကာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက် လက်ကမ်းစာရွက်များ အားပေးဝေခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွှန့်မြို့နယ် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်၍ စာအောင်လက်မှတ် ဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်မြို့နယ် ဩဝါဒစရိယဆရာတော်များ၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် စာအောင်သံဃာတော်များ၊ ကြွရောက်တော်မူပြီး အရှေ့ပိုင်းခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးတို့ တက်ရောက်ကြည်ညိုပူဇော်ကြစဉ်။ အောင်သန်း (မင်္ဂလာတောင်ညွှန့်)

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ပြင်ဦးလွင်မြို့၏ အထင်ကရနေရာများ၌ အဝင်အထွက်လမ်းများ သင်္ကြန်အမီပြင်ဆင်

ပြင်ဦးလွင် ဧပြီ ၈

မြန်မာနှစ်သစ်ကူးပွဲတော် ဖြစ်သည့် သင်္ကြန်ကာလတွင် ပြင်ဦးလွင်မြို့သည် ဧည့်သည်အဝင်အထွက် အများဆုံးနှင့် အစည်ကားဆုံးမြို့ကြီးများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ လာရောက် လည်ပတ်ကြသူများမှာလည်း အထင်ကရနေရာများ ဖြစ်သော မဟာအုံ့ထူးကံသာ (ပြည်ချစ်)ဘုရား၊ ရေတံခွန်များ၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်စသည့်နေရာများသို့ မဖြစ်မနေသွားရောက်ကြသောအခါ များပြားလှသော လူနှင့်ကား၊ ဆိုင်ကယ်များကြောင့် နှစ်စဉ် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပြီး မလိုလားအပ်သော အချိန်စောင့်ဆိုင်းနှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

နှစ်ဆန်းတစ်ရက်ကဲ့သို့ အလွန်လူစည်ကားသော ရက်မျိုးတွင် လမ်းကျဉ်းသော နေရာများ၌ အချိန်သုံးလေးနာရီကျော်သည်အထိပင် ယာဉ်ကြောပိတ်ဆို့၍ စောင့်ဆိုင်းရသည်များ ဖြစ်ခဲ့ရသည်။ ဤသို့ဖြစ်ခဲ့ရခြင်းကြောင့် လာရောက်လည်ပတ်သူများအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပေါ်ရကာ အချိန်များစွာ နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည်။

ထိုအခက်အခဲများကို ပပျောက်သွားစေရန်အတွက် မဟာအုံ့ထူးကံသာ (ပြည်ချစ်) ဘုရားကြီး၏ မုခ်ဦးကို တိုးချဲ့ကာ အဝင်လမ်း၊ အထွက်လမ်းအဖြစ်လည်းကောင်း၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့သွားသည့် လမ်းဖြစ်သော နန္ဒာလမ်းကိုအဆင့်မြင့်တိုးချဲ့ခြင်း စသည့်လုပ်ငန်းများကို သင်္ကြန်မတိုင်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ သင်္ကြန်မတိုင်မီ ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်သွားပါက သင်္ကြန်ကာလအတွင်း နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသော ယာဉ်ကြောပိတ်ဆို့၍ အချိန်စောင့်ဆိုင်းရမှုများ နည်းပါးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

အဇာနယာဉ်ရပ်စခန်း ပြုလုပ်မည့်နေရာများကိုလေ့လာ

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့တွင်း လမ်းအသုံးပြုကြသော တက္ကစီအဇာနယာဉ်မောင်းများနှင့် တက္ကစီစီးနင်းခရီးသည်များ အဆင်ပြေစေရေးအတွက် ယာဉ်ရပ်စခန်းပြုလုပ်မည့် နေရာများကို မြို့နယ်အလိုက် လေ့လာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း တက္ကစီကြီးကြပ်ရေးဆပ်ကော်မတီမှ သိရသည်။

မထသ(ဗဟို)မှဥက္ကဋ္ဌ ဦးလှအောင်က "အဓိကကတော့ အဲဒီယာဉ်ရပ်စခန်းပြုလုပ်မည့် နေရာကခရီးသွား ပြည်သူစီးနိုင်တဲ့နေရာဖြစ်ရမယ်၊ တက္ကစီအဇာနယာဉ်မောင်းတွေအတွက်လည်း အသုံးပြုနိုင်တဲ့နေရာဖြစ်ရမယ်၊ ပြီးတော့ နေရာကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ ယာဉ်ကြောမရှုပ်ထွေးတဲ့ နေရာဖြစ်ရမယ်ဆိုပြီး လက်ရှိမြို့နယ်အလိုက် နေရာလေ့လာမှုတွေ ပြုလုပ်နေပါတယ်၊ ဒါပေမယ့် ပြည်ပြည်စုံစုံတော့ မရသေးပါဘူး၊ ပြီးခဲ့တဲ့အပတ်က နေရာ ၁၇ ခုရထားတယ်၊ ပုံကြမ်းထုတ်ကြည့်ပြီး အဲ့ဒါကို ဘယ်လိုလုပ်ပေးရင် ဖြစ်မလဲဆိုပြီးပေါ့၊ ပြည်သူအတွက် ယာဉ်ရပ်စခန်းတွေကလည်း အမှန်တကယ်လိုအပ်နေပါတယ်၊ တစ်ဖက်က ပြည်သူကလည်း ဒီနားမှာ ဌားရရင်အဆင်ပြေတယ်၊ တက္ကစီယာဉ်ကလည်း ဒီနားမှာနေမယ်၊ အဆင်ပြေတယ်ဆိုရင်တော့ ဒီလုပ်ငန်းကို ကျွန်တော်တို့ကလုပ်ဆောင်သွားမှာပါ။ ခရီးသွားပြည်သူကလည်း ဟိုတားလိုက် ဒီတားလိုက် လုပ်စရာမလိုတော့ဘဲ ယာဉ်ရပ်စခန်းမှာ ဌားရတာနဲ့ တင်အဆင်ပြေမှာပါ"ဟု ပြောသည်။

ယာဉ်ရပ်စခန်းများဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ မထသ(ဗဟို)မှ တင်ပြသွားမည်ဖြစ်ပြီး လက်ရှိ မီဒီယာများမှလည်း ပြည်သူအားလုံး အသုံးပြုနိုင်မည့် နေရာများအား အကြံပြုတင်ပြထားကြောင်းသိရကာ မထသ(ဗဟို)မှ တတ်နိုင်သလောက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ဌင်းက"မတ် ၃၁ ရက်ကမြေနီကုန်း ခုံးကျော်တံတားအောက်ကလမ်းတွေ ဖွင့်ပေးခဲ့ပါတယ်၊ ဒါကြောင့်ကျွန်တော်တို့ ယာဉ်လိုင်းတွေဆက်လက် ပြေးဆွဲနေပါပြီ၊ ဒါပေမယ့် တံတားကြီးဖြစ်ပေါ်လာတဲ့အနေအထားအရ အချို့မှတ်တိုင်အနေအထားတွေ ပြောင်းလဲရမယ့်ပုံရှိနေပါတယ်၊ ရန်ကုန်ဘက်ကဝင်လာရင် ပြည်သူ့ဥယျာဉ်မှတ်တိုင်ပါ၊ အဲဒီမှတ်တိုင်မှာ ယာဉ်ရပ်ရင် ယာဉ်တွေ တံတားကိုကျော်ဖို့ အန္တရာယ်ရှိပါတယ်။ ပြီးတော့ တံတားအဆင်းက မဟာမြိုင်မှတ်တိုင်ပါ၊ အဲဒါလည်း ပြန်စဉ်းစားရမယ့်အပိုင်းလေးတွေရှိနေပါတယ်" ဟုဆိုသည်။

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျဆောင်ရွက်လျက်ရှိနေသော်လည်း ခရီးသွားပြည်သူများမှ စည်းကမ်းလိုက်နာဆောင်ရွက်မှုအားနည်းနေဆဲဖြစ်သောကြောင့် နိုင်ငံတကာနည်းတူ စည်းကမ်းရှိတာဝန်သိပြည်သူများဖြစ်ရန်လိုအပ်ကြောင်း သိရသည်။ **စိုးဝင်း(SP)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အမှတ် (၈) ယာဉ်ထိန်းရဲတပ်စုမှ ရဲအုပ်ဝင်းကျော်နှင့်အဖွဲ့သည် မတ်လစတုတ္ထပတ်က တပ်ကုန်းမြို့အတွင်း ရန်ကုန်-မန္တလေးလမ်း ရှားပင်ဆိပ်မီးပွိုင့်လမ်းဆုံအနီးတွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရန် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးစဉ်။ မောင်မွေး

ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး

ထန်းတပင် ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ဧပြီ ၆ ရက်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ပူးပေါင်းဆောင်ရွက်မှုဆင့်ပွားသင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်ဝေ၊ ဇရပ်ကြီးနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်လွင်နှင့် ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူးရဲအုပ်နိုင်စိုးဦးတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၆ ရက် မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၃ နာရီထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **မောင်ရွှေဝင်း(ပြည်)**

ပြည်တွင်းသတင်း

ဝမ်းနုတ်ဆေးစားသူများ သတိပြုစရာနွေဦး

နွေဦးပေါက်စ တပေါင်းလဟု အဆိုရှိသည်။ ထို့အတူ ကျန်းမာရေးစာဆိုကလည်း တပေါင်း၊ တန်ခူး ဝမ်းမနှုန်းနှင့်လို့ ဆိုပြန်သည်။ ဝမ်းပျက်လွယ်သည့် ဝမ်းလျှောလွယ်သည့် ရာသီရောက်ပြီဟု သိထားရန်လိုသည်။ ကူးစက်ရောဂါကြောင့် မဟုတ်ဘဲ ဥတုကြောင့်ပျက်သော ဝမ်းပျက်ရောဂါကြောင့် လူငယ်လူလတ်ပိုင်းများတွင် အားယုတ်ခြင်း၊ အလုပ်ပျက်ခြင်းမျှသာ ဖြစ်နိုင်သော်လည်း သက်ကြီးရွယ်အို ဘိုးဘွားများတွင် တစ်နေ့တာဝမ်းလျှောရုံ ဖြင့် အသက်ဆုံးရှုံးနိုင်သည်။

လွန်ခဲ့သော နွေဦးက ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ဝမ်းပျက်ဝမ်းလျှောသူများ နေ့စဉ်ရောက်လာရာ အသက် ၇၅ နှစ်အရွယ် အဘိုးအိုတစ်ဦးမှာ အစားမှား၍မဟုတ်ဘဲ မိမိနေ့စဉ်သောက်နေကျ ဝမ်းနုတ်ဆေးစားပြီး ဝမ်းလျှောရာမှ ကြွက်တက် သတိလစ်ပြီး ရောက်လာသည်။ ဝမ်းချုပ်သောဆောင်းရာသီက စားနေကျ ဝမ်းနုတ်ဆေးကို နွေရောက်လျှင် သတိထားပြီး လျှော့စားဖို့ လိုသည်။

တိုင်းရင်းမြန်မာဆေး၊ ဝမ်းနုတ်ဆေးများတွင် အပူနှင့် ဝမ်းသက်စေသောဆေးနှင့် အအေးနှင့် ဝမ်းသက်စေသောဆေးများရှိသည်။ ဥပမာ မင်းကိုကာ၊ ပွေးကိုင်း၊ ကနခိုစေ့ စသည်တို့ပါဝင်သော ဝမ်းနုတ်ဆေးများသည် အပူဝမ်းသက်ဆေးများဖြစ်သည်။ နွေရာသီတွင် သတိထားစားသုံးသင့်သည်။ လွန်ကဲလျှင် အူတွင်းမှ အချဲ့အမြွေးများပါ ပျော်ကျစေနိုင်သည်။ အူလှုပ်ရှားမှုပြင်းထန်ပြီး ဝမ်းဗိုက်ကြွက်တက်၍ အသက်ရှူရပ်ကာ သတိလစ်စေနိုင်သည်။

အအေးနှင့် ဝမ်းသက်စေသော ဆေးအမည်များမှာ ကြက်ဆူဆီ၊ ဆားခါးနှင့် ရှားစောင်းလက်ပတ်ပင်မှ အစေးထုတ်ယူရရှိသည့် မုတ်ခါး ၊ မန်ကျည်းမှည့်အနှစ်၊ လွယ်ကူရွက်ခေါ် ဆေးပုလဲရွက်တို့ဖြစ်သည်။ ထိုဆေးအမည် (အမယ်)များသည် မပြင်းထန်သဖြင့် နွေရာသီပူပြင်းသော ဥတုနှင့် သင့်လျော်သည်။

နွေဦးလေရူးထသည့် ရာသီတွင် သင့်တော်သော အအေးဝမ်းနုတ်ဆေးကိုပင်လွန်ကဲအောင်မစားမိဖို့ သတိပြုသင့်သည်။ တိုင်းရင်းဆေးသုံးစွဲသူများ အများဆုံးသုံးစွဲလေ့ရှိသည့် ဝမ်းနုတ်ဆေးတစ်မျိုးမှာ စက္ခုပါလ ဝမ်းပုပ်ချဆေးဖြစ်သည်။ မျက်စိကြည်လင်ပြီး အကြောတက်ညောင်းကိုက်သက်သာစေသောဆေးအဖြစ် သုံးစွဲသူအတော်များသောဆေးဖြစ်သည်။ ထိုစက္ခုပါလဆေးတွင်ပင် ဖော်စပ်ပုံမတူကြပေ။ ပွေးကိုင်းကို အဓိကထားဖော်စပ်သောဆေးနှင့် မုတ်ခါးကို အဓိကထား၍ဖော်စပ်သော ဆေးမူကွဲများရှိသည်။ ပွေးကိုင်းများလျှင် ဝမ်းရစ်နာပြီး အူမကြီးကို ရောင်စေနိုင်သည်။ မိမိဝယ်ယူသည့်ပရဆေးဆိုင်တွင်ဖြစ်စေ၊ ရောင်းချသည့်ဆေးဘူးအညွှန်းတွင်ဖြစ်စေ သေချာစွာဖတ်ရှုမေးမြန်းပြီးမှသာ စားသုံးသင့်သည်။

နွေဦးရာသီတွင် ဝမ်းမှန်ဝမ်းပျော့စေရန် သင်္ဘောသီးမှည့်၊ ရှောက်သီးဖျော်ရည်၊ မန်ကျည်းသီးမှည့်နှင့် ထန်းလျက်ဖျော်ရည်၊ ဂရိတ်ဖုဖျော်ရည်၊ နို့ချဉ်(ဒိန်ချဉ်)၊ ငှက်ပျောသီးဖျော်ရည်၊ ကမ္ဘလာသီးဖျော်ရည်များကို ညအိပ်ရာမဝင်မီ သောက်သုံးခြင်းဖြင့် ဝမ်းမှန်စေနိုင်ပါသည်။

ကြည်လွင်မြင့်

အခြေခံပညာ အထက်တန်း၊ အလယ်တန်း ပညာသင်ဆု စာမေးပွဲကျင်းပ

လွှိုင်ကော် ဧပြီ ၈

ပညာရေးဝန်ကြီးဌာနမှ နိုင်ငံတော်အတွက် သားကောင်းသမီးမွန် ပညာတတ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထက်တန်းနှင့်အလယ်တန်းအဆင့် ပညာသင်ဆု စာမေးပွဲကို ဧပြီ ၆ ရက်က တစ်ပြိုင်တည်း ကျင်းပသည်။ ကယားပြည်နယ် လွှိုင်ကော်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဧပြီ ၆ ရက်က လွှိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ စတုတ္ထတန်းနှင့် အဋ္ဌမတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အထက်တန်း ပညာသင်ဆုအတွက် ကျောင်းသားလေးဦး၊ ကျောင်းသူ ၁၇ ဦး စုစုပေါင်း ၂၁ ဦးနှင့် အလယ်တန်းပညာသင်ဆုအတွက် ကျောင်းသား ၃၀၊ ကျောင်းသူ ၅၉ ဦး စုစုပေါင်း ၈၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြရာ နံနက်ပိုင်းတွင် အင်္ဂလိပ်စာနှင့် မွန်းလွဲ ၁ နာရီတွင် အထွေထွေဗဟုသုတ ဖြေဆိုကြပြီး ဧပြီ ၇ ရက်တွင် အထက်တန်းအဆင့် ပညာသင်ဆုအတွက် ကိုယ်ကာယကြံ့ခိုင်ရေးများ ဆက်လက်စစ်ဆေးကြောင်း သိရသည်။ အဆိုပါစာမေးပွဲကို ထူးချွန်စွာအောင်မြင်ပါက ပညာသင်ဆုများထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲနောင် (လွှိုင်ကော်)**

ပြည်တွင်းသတင်း

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘောလုံးအားကစားသမားများ ရွေးချယ်မည်

နေပြည်တော် ဧပြီ ၈

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အသက် ၁၁ နှစ်အောက်နှင့် ၁၃ နှစ်အောက် ဘောလုံးအသင်းများတွင် ဝင်ရောက်ကစားရန် လူငယ်ကစားသမားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘောလုံးအားကစားသမားများအား ဧပြီ ၂၅ ရက်မှ မေ ၁၇ ရက်အထိ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်မည့် သက်တမ်းနှစ်တန်းမှာအသက် ၁၁ နှစ်အောက်အသင်းအတွက် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း မွေးဖွားပြီး အရပ် ၄ ပေ၊ ၄ လက်မထက် မနိမ့်သူဖြစ်ကာ ပညာအရည်အချင်း အနည်းဆုံးပဉ္စမတန်းဖြစ်ရန်နှင့် အသက် ၁၃ နှစ်အောက်အသင်းအတွက် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အတွင်း မွေးဖွားပြီး အရပ် ၄ ပေ၊ ၇ လက်မထက်မနိမ့်သူဖြစ်ကာ ပညာအရည်အချင်းအနည်းဆုံး ပဉ္စမတန်းဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

အရွေးချယ်ခံမည့် ဘောလုံးအားကစားသမားလူငယ်များအနေဖြင့် လျှောက်လွှာနှင့် အတူ ပတ်စ်پို့ဓာတ်ပုံ သုံးပုံ၊ ပြင်ရာဖျက်ရာမပါသော မွေးဖွားစာရင်း(မူရင်း)၊ အိမ်ထောင်စုစာရင်း(မူရင်း)၊ ၁၀ နှစ်ပြည့်နိုင်ငံသားမှတ်ပုံတင်(မူရင်း)တို့ တင်ပြနိုင်ရမည်ဖြစ်သည်။ ခြေထောက်(ဘယ်၊ ညာ ဘောလုံးအတော့)၊ အလိမ်အခေါက်၊ အပေးအယူနှင့် 4 Vs 4 ကစားခြင်းစသည့် ဘောလုံးအခြေခံ နည်းစနစ်များအပေါ် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ကစားသမား၏ ဘောလုံးအရည်အချင်းနှင့်ပတ်သက်၍ စစ်ဆေးရေးအဖွဲ့က စိစစ်ရွေးချယ်မည်ဖြစ်ပြီး နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ခရိုင်/မြို့နယ်များအနေဖြင့် ဘောလုံးအကယ်ဒမီသို့ ဝင်ရောက်ရွေးချယ်ခံနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော လူငယ်ဘောလုံးအားကစားသမားများ ကြိုတင်ရှာဖွေထားရန် လိုအပ်ကြောင်း သိရသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းမှ ကစားသမားရွေးချယ်ခြင်းကို မေ ၅ ရက်နှင့် ၆ ရက်တွင် ပေါင်းလောင်းအားကစားကွင်း၌ ရွေးချယ်မည်ဖြစ်ပြီး သက်တမ်းအလိုက် လျှောက်ထားမည့် ဘောလုံးအားကစားသမားများအနေဖြင့် မိမိတို့မြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနများသို့ ကြိုတင်စာရင်းပေးသွင်းထားကြရန် လိုအပ်ကြောင်း နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

ကာရန်ခ

ကမ်းပါးပြိုရှိ နေအိမ်ပျက်စီးသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

မင်းကင်း ဧပြီ ၈

ကမ်းပါးပြိုကျခဲ့သောနေရာကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လက်ပံဆိပ်ကျေးရွာ၌ မတ်၃၀ ရက် နံနက်ပိုင်းက မြစ်ကမ်းပါးပြိုကျသဖြင့် လူနေအိမ်သုံးလုံးနှင့် မီးဖိုတဲတစ်လုံးပျက်စီးခဲ့ရာ အဆိုပါအိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဧပြီ ၅ ရက်က ပေးအပ်ခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက ကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိုးကာများကို ပေးအပ်ခဲ့ပြီး မြို့နယ်ဌာနဆိုင်ရာများကလည်း တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမှ ဒေသခံတစ်ဦးက မိမိတို့ကျေးရွာမှာ ယခင်က မြေပြိုမှုမရှိခဲ့ကြောင်း၊ မင်းကင်းမြို့ကို ရေလမ်းကြောင်းလွှဲပြောင်းဖောက်လုပ်ခဲ့ရာမှ ရေလမ်းကြောင်းသည် မိမိတို့ရွာခြေတွင် ရေကြောင်းပေါက်သဖြင့် အမြန်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များ ကမ်းပါးတစ်လျှောက်မောင်းနှင်ရာမှ ကမ်းပြိုကျခဲ့ခြင်းဖြစ်သဖြင့် အခြားရေလမ်းကြောင်း လွှဲပြောင်းသတ်မှတ်ပေးရန် တင်ပြခဲ့သည်။

ယခု ထောက်ပံ့ငွေပေးအပ်မှု မတိုင်မီ ကမ်းပါးပြိုမှုဖြစ်ပွားပြီးသည့် အချိန်ကလည်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းခေါင်နှင့် ဌာနဆိုင်ရာများလာရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား(iprd)

ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများ ညှိနှိုင်းစည်းဝေး

ဘားအံ ဧပြီ ၈

ကရင်ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ ရက်၌ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျော့ကျစေရေးအတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက်ညွှန်းကိန်းများ၊ စာရင်းအင်းအချက်အလက်များ ကောက်ယူစုစည်းပြီး နှစ်တို၊ နှစ်ရှည် စီမံကိန်းရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်သူများပူးပေါင်းပါဝင်သော စီမံကိန်းများကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အတွင်း၌လည်း ရေးဆွဲထားပြီးသောစီမံကိန်းလုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှုနှင့် ရည်မှန်းချက်ပြည့်မီရေး စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြရန် အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးကြွယ်က ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ပြီးသောစီမံကိန်းအခြေအနေများကို သုံးသပ်ဆွေးနွေးပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စီမံကိန်းများ၏ အားနည်းချက်၊ အားသာချက်များနှင့် ၂၀၁၄-၂၀၁၅ နှစ်ကုန်ရည်မှန်းချက်ပြည့်မီရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရပ်မိရပ်ဖများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နေမျိုးလွင်(ပြန်/ဆက်)

သတင်းတို

ပန်းတောင်းမြို့မှစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့၌ မြို့မစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၄ ရက်က ကျင်းပခဲ့ရာ ပန်းတောင်းမြို့နယ်အသင်းနာယကဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့က အမှာစကားပြောကြားပြီး စာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီဝင် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဦးက စာကြည့်တိုက် ဆောက်လုပ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပန်းတောင်းမြို့နယ်အသင်း နာယကနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်အတွက် စာအုပ်နှင့် ပစ္စည်းများ ပေးအပ်လျှက်ဒါန်းသည်။ ထို့နောက် စာကြည့်တိုက်သစ်ကို စာကြည့်တိုက်ကော်မတီဝင် ဦးတင်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်နှင့် စာကြည့်တိုက်နာယက ဦးတင်ထွတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(ဝဝစ)

ကလောမြို့အတွက် မီးသတ်ကားသစ်တစ်စီးကို မီးသတ်တပ်ဖွဲ့(ဗဟို)မှ လွှဲပြောင်းပေးအပ်

ကလော ဧပြီ ၈

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့(ဗဟို) နေပြည်တော်မှ ခေတ်မီမီးသတ်ကားအသစ်တစ်စီးကို ဧပြီ ၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ကလောမြို့အတွက်ပေးအပ်သော အဆိုပါ ဒေါင်ဖန်းမီးသတ်ယာဉ်သည် ရေဂါလန် ၈၈၀၀ ဆံ့ပြီး မီးငြိမ်းသတ်ခလုတ်ခုံဘုတ်ပြား ပိုမိုတောင့်တင်းခိုင်မာကြောင်း သိရသည်။ ကလောမြို့နယ်သို့ ယခင်ကပေးအပ်ထားသော မီးသတ်ကားနှစ်စီးရှိပြီးဖြစ်ရာ ယခုအခါ သုံးစီးရှိလာပြီးဖြစ်သဖြင့် ကလောမြို့အတွက်သာမက အနီးဝန်းကျင်ရှိမြို့များဖြစ်သော တောင်ကြီး၊ ရွှေညောင်၊ ညောင်ရွှေ၊ ဟဲဟိုး၊ အောင်ပန်း၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်းမြို့များအထိ အရေးပေါ်သွားရောက်ကူညီပေးနိုင်တော့မည်ဖြစ်ကြောင်း ကလောမြို့ မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးရွှန်ဒွန်းတန်က ပြောသည်။

မီးသတ်ကားသစ်ကို ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကလောမြို့မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးရွှန်ဒွန်းတန်က ကလောမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးစိုးမင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ မီးသတ်ကားသစ် လွှဲပြောင်းပေးအပ်ပွဲသို့ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးထင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးအရာရှိဦးမျိုးမြင့်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမောင်မောင်မြင့်၊ ဆောက်လုပ်ရေးဦးစီးအရာရှိ ဦးစိုင်းစိုးညွန့်၊ အောင်ပန်းမြို့မှ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ကလောမြို့မှ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

စော်သိန်းရည်

တောင်သာတွင် လုယက်မှုများတစ်ပတ်အတွင်း နှစ်ကြိမ်ဖြစ်ပွား

တောင်သာ ဧပြီ ၈

တောင်သာမြို့ CB ဘဏ်အနီး ဂိုးလ်ရှိတ်လက်ဖက်ရည်ဆိုင်ရှေ့တွင် ဧပြီ ၅ ရက် ည ၈ နာရီခန့်က အမျိုးသမီးတစ်ဦး၏စက်ဘီးခြင်းထဲမှ အိတ်ကို ဆိုင်ကယ်စီးလာသူ အမျိုးသားတစ်ဦးက လုယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဆုဝေဖြူးသည် စတိုးဆိုင်မှ အိမ်သို့ပြန်လာစဉ် အဆိုပါနေရာအရောက်၌ ဆိုင်ကယ်တစ်စီး ရုတ်တရက် ရောက်လာခဲ့ကြောင်း၊ ဆိုင်ကယ်သံမကြားရဘဲ ခြင်းထဲရှိအိတ်ကို ညာဘက်လက်ဖြင့် လှမ်းယူသွားရာ မိမိ၏အစ်ကိုများဖြစ်မည်ဟု ထင်မိခဲ့ကြောင်း၊ ဖြစ်ပွားသည့် နေရာမှာ မိမိ၏အိမ်အနီးတွင်ဖြစ်၍ နေအိမ်ရှိလူများကို လှမ်းအော်ခဲ့ပြီး နောက်မှစက်ဘီးဖြင့်လိုက်ခဲ့သော်လည်း မမီတော့ကြောင်း၊ အကျီလက်တိုအစင်း၊ မျက်နှာသွယ်၊ ဆံပင်တိုသည့်ပုံစံဖြင့် လူမြင်လျှင်မှတ်မိကြောင်း၊ ဆင်းကတ်ပါ Samsung ဖုန်းနှစ်လုံး၊ ပိုက်ဆံတစ်သောင်းကျော်၊ သွေးပြီး ကျောက်စိမ်းအချို(တန်ဖိုးမများ) မှတ်ပုံတင်ကတ်များပါသွားကြောင်း၊ တောင်သာမြို့ပေါ်တွင်မတ် ၂၈ ရက် ည ၉ နာရီခွဲကလည်း စည်ပင်ရုံးအနီးတွင် အလားတူဖြစ်စဉ်မျိုး ဖြစ်ခဲ့ရာ ငွေတစ်သိန်းရှစ်သောင်းပါသွားခဲ့ကြောင်း သိရသည်။

တစ်ပတ်အတွင်း နှစ်ကြိမ် ဆက်တိုက်ဖြစ်နေသည့်အတွက် ကျောက်ပန်းတောင်းမြို့နယ်အတွင်း နေထိုင်သူ ဒေသခံအချို့က ဒေသတွင်းလုံခြုံရေး အားနည်းသည့်အနေအထားများကြောင့် စိုးရိမ်မှုများရှိနေပြီး တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခင်ကလည်း တောင်သာမြို့ရပ်ကွက်အချို့တွင် အမှောင်ထုအားကြီးခိုန်၌ စက်ရုံပြန်ဝန်ထမ်းများ၊ ကျူရှင်ပြန် ကျောင်းသူများအား နှောင့်ယှက်ရန် ကြံစည်မှုများ မကြာခဏရှိခဲ့ပြီး မိဘများစိုးရိမ်နေရကြောင်း၊ ယာဉ်တိုက်မှုများ၊ တိမ်မှောက်မှုများ၊ လုယက်မှုများ၊ နှောင့်ယှက်မှုများသည် ပတ်ဝန်းကျင်အခြေအနေပေါ်တွင်လည်း သက်ရောက်မှုရှိနေပါ၍ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများသည် မိမိနယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လမ်းသွားလမ်းလာ၊ လမ်းမီး၊ လမ်းကြောင်း၊ မူးယစ်သောက်စားမှု၊ လောင်းကစားမှု၊ မျက်နှာစိမ်းများ၏ လှုပ်ရှားမှုများကို ဝိုင်းဝန်းအကြံပြု၍ အားနည်းချက်များအား အမြန်ဆုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

အလောင်းတော်ကဿပဥယျာဉ်၌ လေပြင်းတိုက်၍ သစ်ပင်လဲကျမှုကြောင့် ၁၁ ဦး ဒဏ်ရာရပြီး တစ်ဦးသေ

ယင်းမာပင် ဧပြီ ၈

ဧပြီ ၅ ရက်က လေပြင်းတိုက် ခတ်မှုကြောင့် ယင်းမာပင်ခရိုင် အလောင်းတော် ကဿပ သပိတ်ဆေးယာဉ်ရပ်နားစခန်းရှိ လုံးပတ် ၁၁ ပေ၊ အမြင့်ပေ ၇၀ ရှိ အင်ပင်ကြီးလဲကျခဲ့ရာ စားသောက်ဆိုင်နှစ်ဆိုင်နှင့် ယာဉ်သုံးစီးပေါ်ပိမိ ခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိကာ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဧပြီ ၅ ရက် ညဦးပိုင်း ၇ နာရီ ၄၅ မိနစ်ခန့်က အလောင်းတော်ကဿပသပိတ်ဆေးစခန်း၌ မိုးသည်း ထန်စွာရွာသွန်းပြီး ပြင်းထန်သောလေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် အင်ပင်ကြီးလဲကျခဲ့ပြီး စားသောက်ဆိုင်နှစ်ဆိုင်နှင့် ကားသုံးစီးပေါ် ပိမိခဲ့ခြင်း ဖြစ်သည်။ သပိတ်ဆေးစခန်း၌ ဖွင့်လှစ်ထားသော ကျားမင်းအောင် စားသောက်ဆိုင်နှင့် ပွင့်သစ်စ စားသောက်ဆိုင်များပေါ် ပိမိခဲ့ခြင်းဖြစ်ပြီး လိုက်ထရပ်ယာဉ် နှစ်စီးနှင့် ခွေးဘီလူးမီနီထရပ် တစ်စီးလည်း သစ်ပင်ပိမိမှုကြောင့် ပျက်စီးခဲ့သည်။

ဒဏ်ရာရရှိသူများတွင် ဘုရားဖူးခရီးသည်များ ပါဝင်ခြင်းမရှိဘဲ ပုလဲမြို့နယ် စေတီယျံကျေးရွာ၊ ယင်းမာပင်မြို့နယ် ကပြူကျေးရွာနှင့် ကပိုင်ကျေးရွာတို့မှဒေသခံများဖြစ်ကြောင်း၊ စားသောက်ဆိုင်များမှ မိသားစုဝင် ၁၁ ဦး ဒဏ်ရာရရှိပြီး ယင်းမာပင်မြို့နယ် ကပြူကျေးရွာမှ ဦးမောင်ဝင်း (၄၆ နှစ်) မှာ သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကပိုင်ကျေးရွာ အရန်မီးသတ် တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် လူမှုကူညီရေးအသင်းများစုပေါင်း၍ လဲကျနေသော အင်ပင်ကြီးနှင့် ပိမိနေသောအဆောက်အအုံများ၊ ကားများကို ရှင်းလင်းထုတ်ယူရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်များ ၏အားဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိသလို ဒဏ်ရာရရှိသူများအား ကပိုင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ဆုစာမေးပွဲများ ရမည်းသင်း၌ဖြေဆို

ရမည်းသင်း ဧပြီ ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့မှအခြေခံပညာအလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုစာမေးပွဲကို ရမည်းသင်းမြို့ အထက(မြို့မ)ကျောင်း၌ ဧပြီ ၆ ရက်က စစ်ဆေးခဲ့သည်။

ပညာသင်ဆုအတွက် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကြံ့ခိုင်ရေးနှင့် လူတွေ့ဖြေဆိုခြင်းများ ပါဝင်ကြောင်း၊ အလယ်တန်းအဆင့်ကို ဧပြီ ၆ ရက်တစ်ရက်တည်း စစ်ဆေးပြီး အထက်တန်းအဆင့်အတွက် ဧပြီ ၆ နှင့် ၇ ရက်တွင် ဖြေဆိုရမည် ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုစာမေးပွဲသို့ ရမည်းသင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ပြီး အခြေခံပညာ အလယ်တန်းအဆင့်တွင် ကျောင်းသား ၅၄ ဦးနှင့် ကျောင်းသူ ၆၅ ဦး၊ အထက်တန်းအဆင့်တွင် ကျောင်းသားသုံးဦးနှင့် ကျောင်းသူ ၁၀ ဦး ဖြေဆိုကြကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

ပြည်တွင်းသတင်း

အမျိုးသား အမျိုးသမီး ၂၂ ဦးကို တရားမဝင် အလုပ်လုပ်ကိုင်ရန် ခေါ်လာသူနှစ်ဦးအားအရေးယူ

သရက် ဧပြီ ၈

သရက်မြို့နယ် တောင်ဘို့ကြီးကျေးရွာနေ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ကိုးဦးကို ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် တရားမဝင် ခေါ်ဆောင်လာသည့် အမျိုးသမီးနှစ်ဦးအား သရက်မြို့မရဲစခန်းက ဧပြီ ၅ ရက်တွင် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၅ ရက် ည ၇ နာရီခန့်က သရက်မြို့အဝင်ဘီးခွန်ဂိတ်တွင် သရက်မြို့မှ ရန်ကုန်မြို့သို့ထွက်ခွာမည့် ယာဉ်မောင်းရဲနိုင်စိုးမောင်းနှင်လာသော လိုက်ထရပ်အဖြူရောင်ယာဉ်နှင့် ယာဉ်မောင်းအောင်ဇော်ထွန်းမောင်းနှင်လာသည့် လိုက်ထရပ်အပြာရောင်ယာဉ်များကို သရက်ခရိုင်ရဲတပ်ဖွဲ့မှုးရုံးမှ မှူခင်းနှိမ်နင်းရေးဌာနစိတ်တာဝန်ခံ ရဲအုပ်တင့်နိုင်နှင့် သရက်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မင်းအောင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သတင်းအရ ရပ်တန့်စစ်ဆေးခဲ့ရာ သရက်မြို့နေသူ ဒေါ်ညို(ခေါ်)အေးအေးခိုင်နှင့် တောင်ဘို့ကြီးကျေးရွာမှ မင်းမောင်တို့နှစ်ဦးက တောင်ဘို့ကြီးကျေးရွာမှ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ကိုးဦးကို ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကိုင်ရန် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ အေးလင်းလတ်ထွဋ် ပြည်ပအလုပ်အကိုင်အကျိုးဆောင် ကုမ္ပဏီသို့ ပတ်စ်ပို့ပြုလုပ်ရန်အတွက် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ပအလုပ်အကိုင်ဆိုင်ရာခွင့်ပြုမိန့်တစ်စုံတစ်ရာ မရှိဘဲ ခေါ်ဆောင်လာသူဒေါ်ညိုနှင့် မင်းမောင်တို့အား ရဲအုပ်တင့်နိုင်ကသရက်မြို့မရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းထားပြီး သရက်မြို့မရဲစခန်းက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်စေယျ

လေဘေးသင့်ပြည်သူများအား ထောက်ပံ့

ကလေး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း မတ် ၂၈ ရက်က လေပြင်းတိုက်ခတ်မှုခံခဲ့ရသော လေဘေးသင့်ပြည်သူများအား ကလေးမြို့နယ်စီမံခန့်ခွဲမှုကော်မတီက အသုံးအဆောင်ပစ္စည်းများကို ဧပြီ ၆ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စုရှိ ကျောင်းတိုက်ကျေးရွာနှင့် သဖန်းအိုင်ကျေးရွာ၊ သာစည်ကျေးရွာအုပ်စုရှိ ရှားတောကျေးရွာတို့တွင် မတ် ၂၈ ရက် ညနေ ၄ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၁၀၅ စုမှ လူဦးရေ ၅၆၂ ဦး လေဘေးဒဏ်ခံခဲ့ရသဖြင့် ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် အဖွဲ့ဝင်များက အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းတိုက်ကျေးရွာတွင် စာသင်ကျောင်းနှင့် ဆရာမနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်၊ ကားဂိုဒေါင်နှင့် လူနေအိမ် ၅၅ လုံး အမိုးသွပ်များလန်ကျခဲ့ပြီး လူနေအိမ်သုံးလုံးပြိုကျခဲ့သည်။ သဖန်းအိုင်ကျေးရွာတွင် စာသင်ကျောင်းနှင့် လူနေအိမ် ၃၂ လုံး အမိုးသွပ်များ လန်ကျခဲ့ပြီး လူနေအိမ်တစ်လုံး ပြိုကျကာ ရှားတောကျေးရွာတွင် စာသင်ကျောင်းနှင့် လူနေအိမ် ၁၄ လုံး သွပ်မိုးများလန်ကျ ပျက်စီးခဲ့ကြောင်း သိရသည်။

ဝေ့ရိုင်း

တစ်နှစ်ထက်တစ်နှစ် လူကြိုက်များလျက်ရှိသော ဘီးလင်းမြို့နယ်မှ တောင်ထန်းဖျာများ

မွန်ပြည်နယ်ဘီးလင်းမြို့နယ်အတွင်းရှိကျေးလက်တောရွာများတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက တောင်ထန်းပင်၏ တောင်ထန်းရိုးမှ ဖျာရက်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဘီလင်းမြို့နယ်အတွင်းရှိ အလူးလေးကျေးရွာ၊ အလူးကြီးကျေးရွာ၊ ကြိမ်ဖန်ကျေးရွာ၊ ဝင်းပြန်ကျေးရွာ၊ ဆပ်သွားကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများသည် ဖျာရက်လုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး လုပ်ကိုင်ကြသည်။

တောင်ထန်းဖျာ တစ်ချပ်၏ အရွယ်အစားမှာ အလျားလေးတောင် တစ်ထွာ၊ အနံ သုံးတောင် တစ်ထွာရှိပြီး တန်ဖိုးမှာ ယခု လက်ရှိ ရွာတွင် ပေါက်ဈေး ၁၇၀၀ ကျပ်ခန့်ရှိသည်။ ဖျာရက်ကျွမ်းကျင်သူတစ်ဦးသည် တစ်နေ့လျှင် တောင် ထန်းဖျာ ခြောက်ချပ်ခန့် ရက်လုပ်နိုင်ပြီး ရွာတစ်ရွာ၏ တစ်ရာသီ ထွက်ရှိမှုနှုန်းမှာ တောင်ထန်းဖျာအချပ်ရေ ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ယင်းကျေးရွာများသည် တောင်ထန်းပင်ခြံများ စိုက်ပျိုးထား၍ ရာသီမရွေး ရက်လုပ်ရောင်းချနေရပြီး ပစ္စည်းအရည်အသွေး ခိုင်ခံ့ကောင်းမွန်လှပမှုကြောင့် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ အော်ဒါဝယ်ယူမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ၍ ရောင်းအားနှင့် စေးနှုန်းပါ တိုးတက်လာသဖြင့် ဒေသခံများသည် တစ်နိုင်တစ်ပိုင်လုပ်အားနှင့် အပိုဝင်ငွေရရှိနေကြသည်။

တောင်ထန်းဖျာက ရက်လုပ်ရာမှာ စိတ်ရှည်ရတယ်။ ပထမဆုံး တောင်ထန်းခြံတွေမှာ တောင်ထန်းဖက်လုပ်ဖို့အတွက် တောင်ထန်းအလက်တွေကို ခုတ်၊ အရွက်တွေကို တောင်ထန်းဖက်လုပ်တယ်၊ တောင်ထန်းအရိုးတွေ ပေါ်က ဆူးတွေကို ဓားနဲ့ သပ်ချ။ အရှည်အနေတော်ပိုင်းပြီး တောင်ထန်းအကြော(အခွံ)တွေကို ဓားထက်ထက်နဲ့ ညီအောင်သပ်ချရတယ်။ တောင်ထန်းအကြော(အခွံ)ကို ခွာယူပြီး အိမ်ကို ပြန်ယူ၊ ပြီးတော့ ခွာယူလာတဲ့ တောင်တန်းအကြော(အခွံ)တွေကို အစိုဓာတ်ကုန်အောင် နေပူလှန်ပြီး အော်ဒါမှာယူသူရဲ့ ဖျာအတိုင်းအတာအတိုင်း တောင်ထန်းဖျာကို ရက်လုပ်ရပါတယ်။ ငယ်ငယ်ကတည်းက ဆိုပါတော့၊ အိုးမကွာ အိမ်မကွာ အလုပ်လုပ်ရပြီး မကြီးပွားပေမယ့် သမ္မာအာဇီဝကျတဲ့ ဖျာရက်ခန့် စားဝတ်နေရေးကိုတော့ အထောက်အကူရလို့ အဆင်ပြေပါတယ်”ဟု တောင်ထန်းဖျာ ရက်လုပ်သူ အလူးလေးကျေးရွာမှ မဇင်မိစိုးက ပြောသည်။

အဆိုပါ ကျေးရွာများတွင် တောင်ထန်းပင်ခြံများအပြင် ဝါးပင်များ ပေါများစွာ စိုက်ပျိုးထားသောကြောင့် တောင်ထန်းဖျာ၊ တောင်ထန်းဖက်၊ ဝါးဖြင့်ပြုလုပ်ထားသော ဝါးကပ်၊ ဝါးကုလားထိုင်၊ ဝါးပရိဘောဂများကို မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်ရောင်းချပြီး ဝင်ငွေရရဲ့ သာမက မြန်မာ့လက်မှုပညာတစ်ရပ်ကိုလည်း ပြသဖော်ထုတ်သကဲ့သို့ ရှိနေသည်။

သတင်းဆောင်းပါး–ခွန်(ဝင်းပ)

ပြည်တွင်းသတင်း

ရေရှားပါးသောဒေသများသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

မကွေး ဧပြီ ၈

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသည့် မြို့နယ်များ၊ ရပ်ကွက်များ၊ ကျေးရွာများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် သောက်သုံးရေအခမဲ့ဖြန့်ဝေပေးရေးလုပ်ငန်းများကို ဧပြီ ၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်များရှိ မီးသတ်စခန်းမှ တာဝန်ရှိသူများ၊ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယံဇာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကာ သောက်သုံးရေ လိုအပ်နေသော ကျေးရွာများမှလည်း အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်သော နတ်မောက်မြို့နယ်မှ ဝမ်းဘဲအင်းရွာနှင့် တောင်တွင်းကြီးမြို့နယ်မှ အုန်းတော(၁)ရပ်ကွက်နေ ပြည်သူများအတွက် သောက်သုံးရေ စုစုပေါင်း ဂါလန် ၄၀၀၀ ခန့်ကို လည်းကောင်း၊ ပခုက္ကူမြို့နယ်မှ ကြီးရွာ၊ ရေစကြို့မြို့နယ်မှ ငွေးပင်သာရွာ၊ မြိုင်မြို့နယ်မှ ပုတွင်းကျေးရွာ၊ ပေါက်မြို့နယ်မှ သပြေရေရွာနှင့် ဆိပ်ဖြူမြို့နယ်မှ တဲကြီးရွာများတွင် နေထိုင်သည့် ပြည်သူများအတွက် စုစုပေါင်း ရေဂါလန် ၁၂၀၀၀ ခန့်ကို ဧပြီ ၃ ရက်ကဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဧပြီ ၅ ရက်တွင်လည်း ပေါက်မြို့နယ်မှ ညောင်ကိုင်းရွာ၊ မြိုင်မြို့နယ်မှ ကိုင်းကံကျေးရွာ၊ ဂန့်ဂေါမြို့နယ် အမှတ်(၁)ရပ်ကွက်၊ ဆောမြို့နယ် သီရိရပ်ကွက်၊ စေတုတ္တရာမြို့နယ် ခဲပြစ်ရွာမှ ပြည်သူများသို့ စုစုပေါင်း ရေဂါလန် ၈၉၀၀ ခန့်ကို ထပ်မံဖြန့်ဝေပေးခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးခြင်းကို မီးသတ်တပ်ဖွဲ့ပိုင် ရေသယံဇာဉ်များဖြင့် အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် သောက်သုံးရေလိုအပ်နေသော မြို့နယ်ကျေးရွာများအနေဖြင့် ဖုန်းနံပါတ် ၀၆၃-၂၃၂၃၁၊ ၀၆၃-၂၅၀၄၇၂၊ ၀၉-၇၉၉၂၂၃၃၈ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

သန်းနိုင်ဦး(ဝဖေ)

မဲဆန္ဒရှင်စာရင်းများ ကွန်ပျူတာဖြင့် စနစ်တကျမှတ်တမ်းပြုစု

ကျောက်ပန်းတောင်း ဧပြီ ၈

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် မဲစာရင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ဆောင်ရွက်လျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ မြို့ပေါ် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၉ အုပ်စုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၊ အမျိုးသား ၉၉၃၃၅ ဦးနှင့် အမျိုးသမီး ၁၂၀၀၂ ဦး စုစုပေါင်း ၂၁၉၃၅၆ ဦးရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့က ပူးပေါင်းစိစစ်၍ ဆက်လက်တင်ပြလာသည့် မဲဆန္ဒရှင်စာရင်းများ ပါဝင်စေရန်နှင့်စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့်စနစ်တကျပြန်လည်စိစစ်ထည့်သွင်းနေခြင်းဖြစ်ကြောင်းသိရသည်။

ကွန်ပျူတာဖြင့် မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်၏ ကြီးကြပ်မှုဖြင့် မတ် ၃၀ ရက်မှစ၍ ကော်မရှင်အဖွဲ့ဝင်များက မြို့နယ်ခွဲအလိုက်တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး ပညာရေးဌာနမှ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်း ၂၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေအောင်(iprd)

အရာတော်မြို့နယ်၌ စာတတ်မြောက်ရေးလှုပ်ရှားမှုများဆောင်ရွက်

အရာတော် ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်ရှိ ကျေးရွာများမှ စာမတတ်သူများအား ၂၀၁၅ ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မုံရွာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက ဧပြီ ၁ ရက်မှစ၍ စာသင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အရာတော်မြို့နယ်အတွင်း စာမတတ်မှုကို အသက်အပိုင်းအခြားအလိုက် ဖော်ပြချက်အရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူဦးရေ ၁၅၁ ဦး၊ ၂၄ နှစ်မှ ၄၅ နှစ် အတွင်း ၈၉၁ ဦး၊ ၄၅ နှစ်အထက် ၁၀၁၈ ဦး စုစုပေါင်း ၂၀၆၀ ဦးရှိကြောင်း၊ ကျေးလက်ဒေသအတွင်းရှိ စာမတတ်သူများအား စာတတ်မြောက်သူများဖြစ်လာစေရန် မုံရွာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမ စုစုပေါင်း ၂၃၈ ဦးနှင့် မြို့နယ်ပညာရေးမှူးနှင့် ဒေသခံလုပ်အားပေး ဆရာ/ဆရာမ ၁၀၀ တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လုပ်အားပေး စာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အရာတော်မြို့ အခြေခံပညာအထက်တန်းကျောင်းဆရာစံခန်းမ၌ ဧပြီ ၁ ရက်က ကျင်းပသော ၂၀၁၅ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးစောဦးထွန်းက ပြည်သူများအတွင်း စာမတတ်သူ ဦးရေများပြားနေခြင်းသည် နိုင်ငံတော်အတွက် အနုတ်လက္ခဏာဖြစ်ကာ ခေတ်မီ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ကြီးစွာသောအဟန့်အတားသဖွယ်ဖြစ်နေကြောင်း၊ ထို့ကြောင့် စာမတတ်မှုနှင့် ပညာဗဟုသုတခေါင်းပါးမှု၊ ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းဆုံးရှုံးမှုများကို ဖယ်ရှားနိုင်ရေးအတွက်စာမတတ်သူလျှော့ပါးပယောက်ရေးလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ရေးသည် အမျိုးသားရေးတာဝန်ကြီးတစ်ရပ်ပင်ဖြစ်ကြောင်း၊ စာမတတ်သူဦးရေလျော့ပါးပြီး စာတတ်သူ ဦးရေတိုးပွားရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံး တစ်ဦးမကျန် ကျောင်းနေနိုင်ရေးနှင့် စာမတတ်သူလူကြီးလူငယ်များအား စာတတ်မြောက်အောင် ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဝိုင်းဝန်းသင်ကြားပေးကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

အရာတော်မြို့နယ်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုကို မုံရွာတက္ကသိုလ်မှ လုပ်အားပေး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံလုပ်အားပေး ဆရာ ဆရာမများက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ အုပ်စုများခွဲ၍ ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိကွင်းဆင်းကာ စာတတ်မြောက်ရေးသင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သင်္ကြန်ကာလအတွင်း လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်

ဘားအံ ဧပြီ ၈

မဟာသင်္ကြန်ပွဲတော်ကာလတွင် ကရင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် ပြည်နယ်အတွင်းရှိ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မရဲစခန်းများ၊ နယ်မြေရဲစခန်းများနှင့် ရဲကင်းများသို့ အဆင့်ဆင့် ညွှန်ကြားထားပြီး ရဲတပ်ဖွဲ့တာဝန်ရှိသူများက မိမိတို့ဒေသများရှိ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလတွင် ကရင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများ ရောင်းဝယ်သုံးစွဲမှု မရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးတို့အတွက် ပြည်နယ်အဆင့် အစည်းအဝေးကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မတ် ၃၁ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်က သင်္ကြန်ကာလအတွင်း လုံခြုံရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မှုခင်းလျော့နည်းကျဆင်းရေးတို့နှင့် ပတ်သက်၍ ယခင်နှစ်များက တွေ့ကြုံရသည့် အခက်အခဲများနှင့် မှုခင်းဖြစ်ပွားမှုအပေါ် သုံးသပ်ပြီး ယခုနှစ်တွင် ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားရန် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က မှုခင်းလျော့နည်းကျဆင်းရေးအတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့က ကြိုတင်ဆောင် ရွက်နေသည့် ယာဉ်၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်း၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများ ရောင်းဝယ်သုံးစွဲခြင်းမပြုစေရန် ရှာဖွေစစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

သင်္ကြန်ကာလ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ကျွန်းစု ဧပြီ ၈

သင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲကို ကျွန်းစုမြို့နယ် အမှတ်(၂)ရပ်ကွက်၌ ဧပြီ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးထွန်းမြတို့ကဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ယာဉ်နှင့် ဆိုင်ကယ်များကိုလည်း စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့ပြီး ယာဉ်စည်းကမ်းမလိုက်နာသော ဆိုင်ကယ် ၁၅ စီးကို ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာဒေသားကစား

အကြိတ်အနယ်နဲ့ရဉီးမယ့် လာလီဂါပြိုင်ပွဲ

ဗီလာရီးရဲကစားသမားများ အောင်ပွဲခံနေစဉ်။

စပိန်မြေက လာလီဂါပွဲစဉ်တွေကို စဉ်းစားကြည့်တဲ့အခါ ဒီတစ်ပတ်ရဲ့ ဧပြီ ၁၀ ရက်မှာတော့ ဘီလ်ဘာအိုနဲ့ ဗလင်စီယာ၊ အယ်လ်ချီနဲ့ ဂီတာဖေး၊ ဗီလာရီးရဲနဲ့ အက်စ်ပန်ညိုတို့ရဲ့ပွဲတွေ ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်တွေက ပွဲရလဒ်တွေ အပြောင်းအလဲဖြစ်နိုင်တာမို့ အသင်းတိုင်းရဲ့ ခြေကုန်ထုတ်မှုတွေက ပြင်းထန်မယ့် အနေအထားရှိနေတာတော့ အမှန်ပါပဲ။

အက်စ်ပန်ညိုကို ပထမအကျော့မှာ တစ်ဂိုးစီနဲ့ သရေပွဲကြေထားတဲ့အတွက် ဗီလာရီးရဲဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ရီးရဲမက်ဒရစ်ကို တစ်ဂိုးစီသရေကစားပြီး ဆယ်လ်တာဗီရိုကို အဝေးကွင်းမှာ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ထားပါတယ်။ ဒါ့အပြင် အယ်မိရီယာကို ဂိုးမရှိသရေ၊ ဆီဗီလာကိုတော့ နှစ်ဂိုးပြတ်ရှုံးပြီး ဗလင်စီယာကို ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ သရေပွဲတွေများနေတာကြောင့် ဗီလာရီးရဲတို့ ဒီပွဲမှာ တော်ရုံကြိုးစားလို့မရပါဘူး။ ယူရိုပါလီဂ်ဝင်ခွင့်ရဖို့ ကြိုးစားနေတဲ့ ဗီလာရီးရဲတို့အတွက် ပွဲတိုင်းရလဒ်ကောင်းမှဖြစ်မှာမို့ အက်စ်ပန်ညိုကို ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ခံစစ်ပိုင်းအများအယွင်း နည်းလာတဲ့ ဗီလာရီးရဲတို့အတွက် ဒီပွဲဟာ ခြေကုန်ဖွင့်ပြီး နိုင်ပွဲသုံးမှတ်ရအောင် သိမ်းပိုက်မယ့်ပွဲဖြစ်ပါတယ်။

ဘီလ်ဘာအိုနဲ့ ဗလင်စီယာတို့ လည်း ပထမအကျော့ ဗလင်စီယာ ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ အခုပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်ပါတယ်။ ဗလင်စီယာရဲ့ လက်ရှိ ကစားအားက ကောင်းမွန်တဲ့ရလဒ်ကိုပုံဖော်နေသလို ဘီလ်ဘာအိုတို့က လည်း အဝေးကွင်း၊ အိမ်ကွင်းတွေမှာ နိုင်ပွဲတွေချည်းရယူနေတာမို့ လက်ရှိခြေစွမ်းက တက်ရိပ်ပြနေပါတယ်။ ဘီလ်ဘာအိုတို့က တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည် မမြင့်မားပေမယ့် ခံစစ်မှူးတွေက ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားဖို့ ဗလင်စီယာ တိုက်စစ်မှူးတွေအတွက် စိန်ခေါ်မှုဖြစ်နေပါတယ်။ ဒါပေမယ့် ဗလင်စီယာရဲ့ အားထုတ်မှုက ကောင်းမွန်နေတာမို့ အခုပွဲဟာ သရေပွဲအဖြစ် အဆုံးသတ်ဖို့ မျှားနေပါတယ်။

အယ်လ်ချီနဲ့ ဂီတာဖေးရဲ့ပွဲမှာတော့ အဝေးကွင်းခြေစွမ်းကျဆင်းတတ်တဲ့ ဂီတာဖေးကို အယ်လ်ချီတို့ ဘယ်လိုတုံ့ပြန်မလဲ ကြည့်ရမှာပါ။ အယ်လ်ချီရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိပေမယ့် အိမ်ကွင်းမှာ အမှတ်ရအောင်ယူတတ်တဲ့ စွမ်းရည်ကို အသိအမှတ်ပြုရမှာမို့ အိမ်ရှင်ဟာ အနိမ့်ဆုံး တစ်မှတ်ရအောင်တော့ အားထုတ်ပါလိမ့်မယ်။ ပထမအကျော့မှာ ဂိုးမရှိသရေဖြစ်ထားတာမို့ အခုပွဲမှာလည်း သရေပွဲဖြစ်ပြီး အမှတ်ခွဲယူရမယ့်ကိန်းလို့ မြင်ပါတယ်။ ။

မိုးမြင့်လင်းလက်

၁၃၈ ရက်အကြာမှာ အလုပ်ဖြုတ်ခံလိုက်ရတဲ့ ဝီဂန်နည်းပြ

ချန်ပီယံရှစ်မှာ ရုန်းကန်ကြိုးစားနေရတဲ့ ဝီဂန်အသင်းဟာ နည်းပြ မာကီမက်ကေးကို မန်နေဂျာရာထူးမှ အလုပ်ဖြုတ်လိုက်ပါပြီ။ ရက်ပေါင်း ၁၃၈ ရက်ကြာ ကိုင်တွယ်ခဲ့ပြီးနောက် အလုပ်ဖြုတ်ခံလိုက်ရတာ ဖြစ်ပါတယ်။ အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကာဒစ်နည်းပြဟောင်း မက်ကေးကို ဝီဂန်နည်းပြအဖြစ် နိုဝင်ဘာ ၁၉ ရက်က ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ သူ့ကို ဝီဂန်က အိမ်ကွင်းမှာ ဒါဘီကောင်အီအသင်းအား နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ပြီးနောက် နည်းပြအဖြစ်မှ အလုပ်ဖြုတ်လိုက်ပါတယ်။ ဒီဆုံးဖြတ်ချက်က အတော်လေး ခက်ခဲတာပါ။ ဒါပေမယ့်လည်း မဖြစ်မနေ ဆုံးဖြတ်ချက်ချလိုက်ရတာဖြစ်ပါတယ်လို့ ဝီဂန်အသင်းဥက္ကဋ္ဌ ဒေးဗစ်ရှဖ်က ဆိုပါတယ်။ မာကီမက်ကေးဟာ ဝီဂန်အသင်းကို ကိုင်တွယ်ရာမှာ လိုအပ်ချက်တွေရှိနေလို့ ရာထူးမှ ဖယ်ရှားလိုက်ရတာဖြစ်ပါတယ်လို့ ဆိုပါတယ်။

နံပါတ် ၁၀ နေရာရဖို့ ကြိုးစားမယ်ဆိုတဲ့ အလန်ပါဒူး

ခရစ္စတယ်ပဲလေ့စ်မန်နေဂျာ အလန်ပါဒူးက သူ့အသင်းအနေနဲ့ ပရီမီယာလီဂ်မှာ နံပါတ် ၁၀ နေရာကိုရဖို့ မျှော်လင့်ထားတယ်လို့ ချန်ပီယံ မန်စီးတီးကို အနိုင်ရပြီးတဲ့နောက် သူ့ယုံကြည်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ သိမ်းဌက်တွေအမည်ရတဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ မာရေးနဲ့ ပန်ချီယွန်တို့ရဲ့ ဂိုးတွေနဲ့ တတိယအကြိမ်ဆက်တိုက်အနိုင်ရပြီးတဲ့နောက် နံပါတ် ၁၁ နေရာသို့ တက်လာနိုင်ပါပြီ။ အလန်ပါဒူးစတင်တာဝန်ယူချိန်က ခရစ္စတယ်ပဲလေ့စ်အသင်းဟာ တန်းဆင်းဇုန်အတွင်းမှာ ရှိနေခဲ့တာပါ။ ယခုအခါမှာတော့ အလန်ပါဒူးဦးဆောင်မှုနဲ့အတူ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ အောင်မြင်မှုတွေဆက်တိုက်ရခဲ့တဲ့အတွက် နံပါ ၁၁ နေရာကို ရောက်ရှိနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိခြေစွမ်းကတော့ ထိပ်ဆုံးလေးနေရာ ရယူနိုင်တဲ့ခြေစွမ်းဖြစ်ပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ အသင်းရဲ့ ခြေစွမ်းကို ပရီသတ်တွေ ပိုပြီးတွေ့ရပါလိမ့်မယ်လို့လည်း အလန်ပါဒူးက ပြောသည်။

ကျွန်တော်တို့အသင်းဟာ ကျူပီအာနဲ့ ကစားတဲ့ အိမ်ကွင်းပွဲ၊ စတုတ်အသင်းနဲ့ကစားခဲ့တဲ့ အဝေးကွင်းပွဲနဲ့ အခုမန်စီးတီးနဲ့ ကစားတဲ့အိမ်ကွင်းပွဲတွေ ဆက်တိုက်အနိုင်ရထားပါတယ်လို့လည်း သူကဆိုပါတယ်။ အထူးသဖြင့်တော့ မန်စီးတီးကို အနိုင်ရတဲ့ပွဲကတော့ အကြီးမားဆုံး အောင်မြင်မှုပါပဲလို့ အလန်ပါဒူးက ဆိုပါတယ်။ ဆက်လက်ပြီးတော့လည်း ခရစ္စတယ်ပဲလေ့စ်အသင်းကို နိုင်ပွဲတွေရဖို့ ကြိုးစားသွားမယ်လို့ သူက ဆိုပါတယ်။

မန်စီးတီးတို့ရဲ့ ဖလားမျှော်လင့်ချက်အဆုံးသတ်ခဲ့ပြီလား

ပရီမီယာလီဂ်လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ မထင်မှတ်ဘဲ ခရစ္စတယ်ပဲလေ့အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့အတွက် ဖလားမျှော်လင့်ချက်ကတော့ ဝေးသည်ထက်ဝေးသွားပြီလို ဆိုရမှာဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်က အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ဂိုးများသွင်းပြီးမှ ယာယာတိုရေးက မန်စီးတီးအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်စီးတီးရဲ့ လက်ရှိခြေစွမ်းဟာ အတော်လေးကျဆင်းသွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီပွဲမှာ မန်စီးတီးတို့ ရှုံးနိမ့်သွားတဲ့အတွက် ထိပ်ဆုံးရောက်ချယ်လ်ဆီးနောက်မှ ကိုးမှတ်ခွာပြီး လိုက်နေရပါပြီ။ တနင်္ဂနွေနေ့မှာ ကစားကြမယ့် အာဆင်နယ်နဲ့မန်ယူတို့ရဲ့ နောက်ကလည်းလိုက်နေရတာဖြစ်ပါတယ်။ နည်းပြ ပယ်ရီဂရင်းနီကတော့ သူ့ကစားသမားတွေကို ချယ်လ်ဆီးထက် ပိုပြီး ဂိုးတွေသွင်းနိုင်ဖို့လိုပြီလို့ ပြောဆိုလိုက်ပါတယ်။ မန်စီးတီးအသင်းဟာ ဒီပွဲရှုံးနိမ့်သွားတဲ့အတွက် လေးပွဲဆက်တိုက် အဝေးကွင်းရှုံးနိမ့်သွားတာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လန်ဒန်သို့သွားရောက်ကစားခဲ့တဲ့ ယခင်လေးပွဲမှာ အနိုင်ပွဲတစ်ပွဲမှမရခဲ့ပါဘူး။ ဒီအတွက် ဒီနှစ်ပရီမီယာလီဂ်မှာတော့ မန်စီးတီးတို့ ဖလားမျှော်မှန်းချက်ဟာ တဖြည်းဖြည်းမှေးမှိန်သွားပြီ ဖြစ်ပါတယ်။

ကျူပီအာတိုက်စစ်မှူး ရာသီကုန်အထိ နားရမည်

ကျူပီအာတိုက်စစ်မှူး အီဒူယာ ဒိုဗားဂတ်စ်ဟာ ဒူးခေါင်းဒဏ်ရာ ရရှိသွားတဲ့အတွက် ရာသီကုန်အထိ အနားယူရတော့မယ်လို့ ကျူပီအာအသင်းက ပြောပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ ချီလီကစားသမား အီဒူယာဒိုဗားဂတ်စ်ဟာ ဝက်စ်ဘရွန်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ဝဲဘက်ဒူးခေါင်းဒဏ်ရာ ရခဲ့တာဖြစ်ပါတယ်။ ဒီဒဏ်ရာရတဲ့အတွက် ရက်သတ္တ ၁၀ ပတ်ကနေ ၁၂ ပတ်အထိ အနားယူရနိုင်တယ်လို့ ဆိုပါတယ်။ ကျူပီအာအသင်းဟာ အောက်ဆုံး ဒုတိယနေရာမှာရှိနေပြီး သုံးမှတ်သာ စုဆောင်းနိုင်ပါတယ်။

ကောင်းမြတ်သူ ➢ စုစည်းသည်။

ဝေါဟာရပါး

လေကြောင်းအန္တရာယ်နှင့် အာကာသခြိမ်းခြောက်မှုများ

သိပ္ပံစာရေးဆရာ ကိုကိုအောင်

အရေးပေါ်ဖြစ်ရပ်တစ်ခု

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အနီးရှိ လာဂါးဒီးယားလေဆိပ်မှ လေကြောင်းခရီးစဉ် အမှတ် (၁၅၄၉)အဖြစ် ပျံတက်ခဲ့သော ဂျက်လေယာဉ်ကြီးသည် အမြင့်ပေ ၂၇၀၀ အရောက်တွင် ငှက်အုပ်နှင့် ဝင်တိုက်မိပြီး လေယာဉ်၏ အင်ဂျင်နှစ်လုံးစလုံး ပျက်စီးသွားခဲ့သည်။ မူလလေဆိပ်သို့ရောက်အောင် ပြန်လှည့်၍ မရနိုင်တော့သည့်အတွက် လေယာဉ်မှူးဆူလန်ဘာဂျာ၏ ဆုံးဖြတ်ချက်ဖြင့် အနီးရှိ ဟင်ဆန်မြစ်၏ ရေခဲတမျှအေးနေသော ရေပြင်ပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ရေခဲမှတ်နီးပါး အေးနေသော မြစ်ရေ၏သိပ်သည်းဆ အလွန်မြင့်နေချိန်တွင် လေယာဉ်ဦးစိုက်ထိုးဆင်းရခြင်းသည် အလွန်အန္တရာယ်ကြီးလှသော စွန့်စားခန်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် လေယာဉ်မှူး၏ ကျွမ်းကျင်ပိုင်နိုင်မှုကြောင့် လေယာဉ်အရေးပေါ်ဆင်းသက်မှုမှာ ချောချောမောမော အောင်မြင်ခဲ့ပြီး၊ ခရီးသည်နှင့် လေယာဉ်အမှုထမ်းစုစုပေါင်း ၁၅၅ ဦးကိုဘေးမသီရန်မခ ကယ်တင်နိုင်ခဲ့သည်။ အဆိုပါ အဖြစ်အပျက်သည် လေကြောင်းအာဏာပိုင်များအတွက် လေကြောင်းလုံခြုံရေးနှင့် ပတ်သက်သော အန္တရာယ်များကို ပို၍အာရုံစိုက်လာစေခဲ့သည်။

ကမ္ဘာပေါ်တွင် လေယာဉ်တည်ဆောက်မှု နည်းပညာမြင့်မားလာခြင်း၊ ကမ္ဘာ့ဒေသတစ်ခုမှတစ်ခုသို့ လေကြောင်းခရီးဖြင့်သွားလာမှု တစ်ဟုန်ထိုးများပြားလာခြင်း စသည်တို့ကြောင့် နိုင်ငံအသီးသီးရှိ လေကြောင်းလိုင်းများသည် လေယာဉ်အများအပြားကို ထပ်မံဖြည့်တင်းလျက် လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းလျက် ရှိကြသည်။

ယင်းသို့ လေယာဉ်ခရီးစဉ်များ ပိုမိုစိပ်လာလေ၊ လေကြောင်းအန္တရာယ်ကိုသတိထားရန် ပို၍လိုအပ်လာလေဖြစ်ရာ၊ ယနေ့ ကမ္ဘာ့လေကြောင်းပို့ဆောင်ရေးလောကတွင် လေယာဉ်များကို ဒုက္ခအပေးနိုင်ဆုံးသောအရာမှာ ငှက်များနှင့် တောရိုင်းတိရစ္ဆာန်များဖြစ်ကြောင်း သိရှိလာခဲ့ကြသည်။ ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ လေယာဉ်ခရီးစဉ်များ ပို၍စိပ်လာခြင်းနှင့် ငှက်ကောင်ရေ အဆမတန်များပြားလာခြင်းကြောင့်ဖြစ်ရကြောင်း သုတေသီတို့က ဆိုသည်။

ငှက်နှင့် တောရိုင်းတိရစ္ဆာန်များမှာ သဘာဝအလျောက် တိုးပွားလာခြင်းရှိသလို၊ တိရစ္ဆာန်များ၏ မျိုးဗီဇကာကွယ်ရေး အစီအစဉ်များကြောင့်လည်း အကောင်ရေတိုးပွားများပြားလာခြင်း ဖြစ်သည်။ ဥပမာအားဖြင့် မြောက်အမေရိကတိုက်ရှိ ကနေဒါနယ်ရိုင်းအရေအတွက်မှာ ၁၈ နှစ်တာကာလအတွင်း ၃၀၀ ရာခိုင်နှုန်း တိုးပွားလာပြီး လက်ရှိအားဖြင့် အကောင်ရေ လေးသန်းခန့်ရှိနေပြီဖြစ်သည်။ အလားတူပင်လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်က အမေရိကန်ပြည်ထောင်စုသို့အုပ်စုလိုက် ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသော ဥရောပဆက်ရက်များသည် ယနေ့အချိန်တွင် အကောင်ရေသန်း၁၅၀ ရှိနေပြီဖြစ်သည်။

လေယာဉ်နှင့် ငှက်အုပ်တိုက်မိခြင်း

လက်ရှိ လေကြောင်းပို့ဆောင်ရေးလောကတွင် ပျံသန်းနေသည့် လေယာဉ်နှင့်ငှက်အုပ်ကြီး တိုက်မိသည့် ဖြစ်ရပ်သည် ထူးဆန်းသည့် ဖြစ်ရပ်မဟုတ်တော့ပေ။ သုတေသနမှတ်တမ်းများတွင် ၂၀၀၇ ခုနှစ်အတွင်း ပျံသန်းနေသည့် လေယာဉ်များနှင့် ငှက်/တောရိုင်းတိရစ္ဆာန်များ တိုက်မိသည့်ဖြစ်ရပ်ပေါင်း ခုနစ်သိန်းကျော်အထိပင်ရှိခဲ့ကြောင်း ဖော်ပြလျက်ရှိနေသည်။

တစ်ယောက်စီးလေယာဉ်၊ အပျော်စီးလေယာဉ်၊ ကိုယ်ပိုင်လေယာဉ်၊ ကုန်တင်လေယာဉ်၊ ခရီးသည်တင်လေယာဉ် စသည်ဖြင့် အမျိုးမျိုးသော လေယာဉ်များသည် လေယာဉ်ပျံတက်စဉ် သို့မဟုတ် ပျံသန်းနေစဉ် သို့မဟုတ် ဆင်းသက်စဉ်တို့၌ ငှက်အုပ်များ၊ ငန်းရိုင်းများ၊ စင်ရော်များ၊ ကြိုးကြာများ၊ တောရိုင်းတိရစ္ဆာန်များ စသည်တို့နှင့်တိုက်မိသည့် ဖြစ်ရပ်များမှာ ကမ္ဘာ့ဒေသအနှံ့တွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ယင်းသို့ တိုက်မိမှုများကြောင့် လူ့အသက်ဆုံးရှုံးခဲ့ရသည့် အရေအတွက်မှာ ၁၉၉၈ ခုနှစ်မှ ယနေ့အထိ လူပေါင်း ၂၉၀ ရှိခဲ့ပြီဖြစ်သည်။

အဆင့်မြင့်ရေဒါတပ်ဆင်သင့်ပြီ

၂၀၀၉ ခုနှစ် အမေရိကန်ပြည်ထောင်စု၌ လေကြောင်းခရီးစဉ် အမှတ် (၁၅၄၉)၏ ဖြစ်ရပ်ကိုကြည့်လျှင် ငှက်အုပ်ကြောင့် လေယာဉ်၏အရေးပေါ်ကိစ္စဖြစ်ရကြောင်းတွေ့ရှိနိုင်သလို၊ တိုးတက်လာသောနည်းပညာသစ်များကြောင့်လည်းဖြစ်ရကြောင်း တွေ့ရှိရသည်။ အဘယ့်ကြောင့်ဆိုသော် လေယာဉ်တည်ဆောက်မှုနည်းပညာ မတိုးတက်သေးမီက ပို့ဆောင်ရေးလေယာဉ်ကြီးများတွင် အင်ဂျင်လေးလုံးတပ်ဆင်ထားခဲ့သော်လည်း၊ ယနေ့ခေတ် ပို့ဆောင်ရေးလေယာဉ် အများစုတို့တွင် စွမ်းအားမြင့်သော အင်ဂျင်နှစ်လုံးတည်းကိုသာ တပ်ဆင်ထားကြသောကြောင့်ဖြစ်သည်။ အကယ်၍ အင်ဂျင်လေးလုံးတပ်ဆင်ထားခဲ့မည်ဆိုပါက ငှက်အုပ်နှင့်တိုက်မိ၍ အင်ဂျင်နှစ်လုံးချွတ်ယွင်းခဲ့လျှင်၊ ကျန်အင်ဂျင်နှစ်လုံးဖြင့် ထိန်းချုပ်မောင်းနှင်၍ ရနိုင်သေးသည့် အခွင့်အရေးတစ်ရပ်က ရှိနေဦးမည်ဖြစ်သည်။

ဤသို့လေယာဉ်နှင့် ငှက်တိရစ္ဆာန်များတိုက်မိသည့် ဖြစ်ရပ်များပြားလာသည့်အတွက် နိုင်ငံတကာလေကြောင်းလိုင်းများသည် အာကာသအေဂျင်စီများမှာကဲ့သို့ ငှက်အုပ်ကိုရှောင်ရှားနိုင်မည့် အထူးအဆင့်မြင့် ရေဒါများကို ငွေကြေးများစွာအကုန်အကျခံ၍ တပ်ဆင်သုံးစွဲရန် စီစဉ်နေကြပြီဖြစ်သည်။

အာကာသထဲမှာ

မျက်မှောက် ကမ္ဘာ့လေကြောင်းပို့ဆောင်ရေး နယ်ပယ်မှာကဲ့သို့ပင် အာကာသဟင်းလင်းပြင်ထဲ၌လည်း အာကာသလွန်းပြန်ယာဉ်များ၊ ဒုံးပျံများ၊ ဆက်သွယ်ရေးဂြိုဟ်တုများကို ကြီးမားသောအန္တရာယ်ပေးနိုင်သည့် အရာဝတ္ထုကြီး/ငယ် စုစုပေါင်းသုံးသိန်းကျော်သည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀၀၀ အောက်မနိမ့်သော အမြန်နှုန်းဖြင့် ကမ္ဘာပတ်လမ်းကြောင်းတွင် လွင့်မျောရွှေ့လျားလျက်ရှိနေကြသည်။

ယင်းအစိတ်အပိုင်းများသည် အာကာသအတွင်းသို့ လွှတ်တင်ခဲ့သော ဒုံးပျံ၊ အာကာသစခန်း၊ အာကာသလွန်းပြန်ယာဉ်၊ ဆက်သွယ်ရေးဂြိုလ်တု အစရှိသည့်တို့မှ ပြုတ်ထွက်လွင့်စဉ်ခဲ့သော အစိတ်အပိုင်းများဖြစ်ကြပြီး အာကာသလေ့လာရေးအစီအစဉ်များနှင့် အာကာသခရီးစဉ်များကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိနေသည်။ အဆိုပါဝတ္ထုပစ္စည်းများကို လောလောဆယ်အားဖြင့် အာကာသအမှိုက်ဟု အမည်နာမတပ်ထားကြပြီး အာကာသအမှိုက်၏ ပြဿနာကိုဖြေရှင်းနိုင်ရန် သိပ္ပံပညာရှင်များက ကြံဆလျက်ရှိနေကြသည်။

အာကာသအမှိုက်အန္တရာယ်

၂၀၀၉ ခုနှစ် မတ် ၁၂ ရက်က ၁၀ စင်တီမီတာ အရွယ်ပမာဏခန့်ရှိသော လွင့်မျောနေသည့် ဒုံးပျံမော်တာ အဟောင်းတစ်ခုက နိုင်ငံတကာ အာကာသစခန်းကို အန္တရာယ်ပြုလာနိုင်ကြောင်း နာဆာ (NASA)က ထောက်လှမ်းတွေ့ရှိရသည့်အတွက် စခန်းအတွင်း၌ အလုပ်လုပ်နေကြသော အာကာသယာဉ်မှူးများကို သတိပေးခဲ့ရသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်အတွင်းရှိ အမေရိကန်အာကာသယာဉ်မှူး မိုက်ဖင်စကီ (Mike Fincke) နှင့် ဆန်ဒရာမဂ္ဂနပ် (Sandra Magnus)၊ ရုရှားအာကာသယာဉ်မှူး ယူရီလွန်ချာကော့ပ် (Yury Lonchakov) တို့သည် ဆိုယုဇ် အရေးပေါ်လွတ်မြောက်ရေး အာကာသယာဉ်အတွင်းသို့ ၁၁ မိနစ်ကြာမျှ စိုးရိမ်ထိတ်လန့်စွာဖြင့် ဝင်နေခဲ့ကြရသည်။

အဆိုပါ ဒုံးပျံမော်တာဟောင်း အပိုင်းအစသည် အကယ်၍ နိုင်ငံတကာ အာကာသစခန်းကို လာရောက်ထိမှန်ခဲ့လျှင် အကြီးအကျယ်ပျက်စီးနိုင်သော်လည်း၊ ကံကောင်းထောက်မစွာဖြင့် စခန်းယာဉ်ကြီးကို လာရောက်ထိမှန်ခြင်း မရှိခဲ့ပေ။

အလားတူပင် ၂၀၀၉ ခုနှစ် မတ် ၂၂ ရက်ကလည်း Discovery လွန်းပြန်ယာဉ်နှင့် ချိတ်ဆက်အာကာသစခန်းတို့မှ အာကာသယာဉ်မှူးများအား လွင့်မျောနေသည့် ဒုံးပျံအစိတ်အပိုင်းတစ်ခု၏ အန္တရာယ်မှ ရှောင်ရှားရန် နာဆာကသတိပေးခဲ့ရသေးသည်။ ယခင်ကလည်း အာကာသစခန်းယာဉ်ကို သေးငယ်သောအာကာသအမှိုက်တစ်ခု လာရောက်ထိမှန်ခဲ့ဖူးပြီး ထိုစဉ်က နေရောင်ခြည်စွမ်းအင်စုဆောင်းသည့် ကိရိယာ၌သာ အနည်းငယ်ပျက်စီးမှုရှိခဲ့သည်။

အာကာသအမှိုက်နှင့် ဆက်သွယ်ရေးဂြိုဟ်တု

လွင့်မျောနေသော အာကာသအမှိုက်များက ကမ္ဘာပတ်လမ်းကြောင်းတွင် လွှတ်တင်ထားသည့် ဆက်သွယ်ရေးဂြိုဟ်တုကို လာရောက်တိုက်မိသည့် ဖြစ်ရပ်မျိုးလည်း ဖြစ်ပွားခဲ့ဖူးသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က အာကာသအတွင်း၌ လွင့်မျောနေသော ရုရှားစစ်ဘက်ဂြိုဟ်တု အဟောင်းတစ်လုံးက အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသအထက် ကီလိုမီတာ ၈၀၀ အမြင့်ရှိ ကမ္ဘာပတ်လမ်းကြောင်းတွင် ဝင်တိုက်မိခဲ့သည်။

လွင့်မျောနေသော ရုရှားဂြိုဟ်တုဟောင်းသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ရှိနေသော ဂြိုဟ်တုဟောင်း ရာပေါင်းများစွာထဲက တစ်လုံးဖြစ်ပြီး အတိုက်ခံရသောဂြိုဟ်တုမှာ အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တု အီရီဒီယံ ၃၃ ဖြစ်သည်။ ထိုဖြစ်ရပ်မတိုင်ခင်က ကမ္ဘာပတ်လမ်းကြောင်းထဲတွင် အီရီဒီယံဂြိုဟ်တုအလုံးပေါင်း ၆၆ လုံးရှိခဲ့သည်။

အမှိုက်အများဆုံးလွင့်စဉ်ခြင်း

အာကာသဟင်းလင်းပြင်ထဲ၌ အမှိုက်များအဖြစ် အပျက်အစီး အစိတ်အပိုင်းအများဆုံး လွင့်ထွက်ခဲ့သည့် ဖြစ်ရပ်မျိုးလည်း ဖြစ်ပွားခဲ့ဖူးကြောင်း တွေ့ရှိရသည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တရုတ်နိုင်ငံက ဂြိုဟ်တုပျက်ဒုံးကျည်ကို စမ်းသပ်သည့်အနေဖြင့် ၄င်းတို့ပိုင်ဆိုင်သည့် မိုးလေဝသဂြိုဟ်တုကို ပစ်ခတ်ခဲ့သည်။ တရုတ်တို့၏ လုပ်ရပ်ကြောင့် ဂြိုဟ်တုအပျက်အစီးအစိတ်အပိုင်းပေါင်း ၂၈၀၀၀ ခန့်သည် ကမ္ဘာ့မြေပြင်အထက် ကီလိုမီတာ ၂၀၀ မှ ၃၀၀ အတွင်းရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ကမ္ဘာကိုပတ်လျက် အာကာသအမှိုက်များအဖြစ် လွင့်မျောနေကြသည်။

အာကာသအတွင်း လွင့်မျောလျက်ရှိကြသော အာကာသအမှိုက်များထဲတွင် ဘေ့စ်ဘောအရွယ်နှင့် အထက်ကြီးမားသော ဝတ္ထုပစ္စည်းများသည် အာကာသလွန်းပြန်ယာဉ်များ၊ ထိပ်ဖူးယာဉ်ကို သယ်ဆောင်သော ဒုံးပျံများ၊ ဆက်သွယ်ရေးဂြိုဟ်တုများ၊ မိုးလေဝသဂြိုဟ်တုများ၊ နက္ခတ်တာရာ သုတေသနယာဉ်များ၊ အာကာသမှန်ပြောင်းနှင့် နိုင်ငံတကာ အာကာသစခန်းယာဉ် (International Space Station) တို့ကို အန္တရာယ်ရှိစေနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားကြသည်။

လေ့လာစောင့်ကြည့်မှု

သို့ဖြစ်၍ လက်ရှိအခြေအနေတွင် အမေရိကန်ပြည်ထောင်စု၊ အာကာသထောက်လှမ်းရေးအေဂျင်စီသည် အာကာသအတွင်း လွင့်မျောလျက်ရှိသော ဘေ့စ်ဘောအရွယ်ပမာဏနှင့် အထက်ရှိသည့် အာကာသအမှိုက်စုစုပေါင်း ၁၈၀၀၀ ကို စနစ်တကျ စောင့်ကြည့်လေ့လာလျက်ရှိသည်။

ဤသို့သော လေ့လာစောင့်ကြည့်မှုများက အနာဂတ်၏ အာကာသသုတေသနလုပ်ငန်းများတွင် အာကာသအမှိုက်များနှင့် တိုက်မိသည့် အန္တရာယ်များကို ရှောင်ရှားနိုင်မည့်နည်းလမ်းနှင့် နည်းပညာသစ်များ ပေါ်ထွက်လာနိုင်မည်ဟု မျှော်လင့်ရပေသည်။

မျက်မှောက်ကမ္ဘာ့လေကြောင်းပို့ဆောင်ရေး နယ်ပယ်မှာကဲ့သို့ပင် အာကာသဟင်းလင်းပြင်ထဲ၌လည်း အာကာသလွန်းပြန်ယာဉ်များ၊ ဒုံးပျံများ၊ ဆက်သွယ်ရေးဂြိုဟ်တုများကို ကြီးမားသောအန္တရာယ်ပေးနိုင်သည့် အရာဝတ္ထုကြီး/ငယ် စုစုပေါင်း သုံးသိန်းကျော်သည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀၀၀ အောက်မနိမ့်သော အမြန်နှုန်းဖြင့် ကမ္ဘာပတ်လမ်းကြောင်းတွင် လွင့်မျောရွှေ့လျားလျက်ရှိနေကြသည်။

ပျော်ပျော်ရွှင်ရွှင်ဆင်ကာနွဲ့မည့် ရိုးရာသင်္ကြန်ပွဲ

သတင်းဆောင်းပါး- ပိန်းလေပ် -သိန်းညွှန့်
ဓာတ်ပုံ- ကျော်ကျော် (ဒိုက်ဦး)

၁၃၇၆ ခုနှစ်ဟောင်း ကုန်ဆုံး၍ ၁၃၇၇ ခုနှစ်သစ်သည် မကြာမီ ရောက်ရှိပါတော့မည်။ မြန်မာ့နှစ်သစ်အကြို သင်္ကြန်ကား ရောက်လုနီး၍ သင်္ကြန်အင်္ဂေ့အသက်များ လည်း ခံစားနေရပြီဖြစ်သည်။ သင်္ကြန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောကာလ ရေဖျန်းပက်သည့် နှစ်သစ်ကူးပွဲတော်ဟု ဖွင့်ဆိုရေးသားကြသည်။

ဤအချိန်ကာလ (နှစ်ကူးကာလ) သို့ရောက်လေတိုင်း နိုင်ငံတစ်ဝန်း၌ သင်္ကြန်သီချင်းများကို ကြားနေရသည်။ မြန်မာဆန်ဆန် မြူးကြွကြွ တေးသံသာများကို ခံစားရ၊ ကြားရသည်နှင့် တစ်ပြိုင်တည်း မြန်မာလူမျိုးများ၏ ရင်ထဲဝယ် သင်္ကြန်ကို မြန်မြန်ရောက်ပါတော့လို့ ဆုတောင်းနေကြသည်မှာ အမှန်ပင်။

နှစ်သစ်ကူး မဟာသင်္ကြန်တွင် ရေပက်မဏ္ဍပ်နှင့်ဖျော်ဖြေရေးမဏ္ဍပ်များ တည်ဆောက်၍ မဟာသင်္ကြန်ကို ကြိုဆိုလျက်ရှိကြသည်။ ရွှေကျင်-ညောင်လေးပင်-ဒိုက်ဦး မြို့နယ်များတွင်လည်း မဟာသင်္ကြန်ကာလအတွင်း စည်ကားသိုက်မြိုက်မှုရှိစေရန် မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီကိုဖွဲ့စည်းကာ နှစ်စဉ်ကျင်းပနေကျဖြစ်သော မဟာသင်္ကြန် ဗဟိုမဏ္ဍပ်များကို လည်း ဆောက်လုပ်နေပြီဖြစ်သည်။

ရွှေကျင်မြို့နယ်သို့ သတင်းအဖွဲ့သွားရောက်လေ့လာစဉ် "ယခုနှစ် ရွှေကျင်မြို့နယ် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်မှုများအနေနဲ့ ရွှေကျင်မြို့ ရှမ်းကြေးရပ်ကွက် ညစျေးလမ်းတွင် အလျားပေ ၁၀၀၊ အနံပေ ၃၀ ဗဟိုမဏ္ဍပ် တည်ဆောက်နေပါတယ်။ ရွှေကျင်မြို့နယ် မဟာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက် ဝတ်စားဆင်ယင်ကာ မြို့နယ်အတွင်းရှိ ကျေးရွာရပ်ကွက်ပေါင်းစုံမှ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ကပြခြင်း၊ သင်္ကြန်အလှမယ်ယှဉ်ပြိုင်ခြင်း၊ သင်္ကြန်သံချပ် ယှဉ်ပြိုင်ခြင်းနဲ့ တေးဂီတဖျော်ဖြေမှုများကို မဟာသင်္ကြန်ကာလအတွင်း နေ့ညအစီအစဉ်များ ဖြင့် ဆင်နွှဲမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက် ပိုင်း၌ အသက် ၈၀ ကျော် အဘိုးအဘွားများအား ပူဇော်ပွဲနဲ့ ညနေပိုင်း နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်ပင့်ဆောင် အပူဇော်ခံပွဲများကို ကျင်းပဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်" ဟု မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ပြောကြားသည်။ ညောင်လေးပင် မြို့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်ရေးအတွက် ကျွန်တော်တို့ သင်္ကြန်ကော်မတီဖွဲ့စည်းပြီး ပူးပေါင်း ဆောင်ရွက်နေပါတယ်။ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မဏ္ဍပ်ရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ရေကစားတဲ့ နေရာရှိ အလယ်မှာ ဖျော်ဖြေရေးစင်မြင့်ပါတယ်။ ကျွန်တော်တို့ မဏ္ဍပ်ကို သံထည်ဖရိန်တွေနဲ့ ဒီဇိုင်းအလှအပဆုံးဖြစ်အောင် တည်ဆောက်နေပါတယ်။ မဏ္ဍပ် အကျယ် ပေ ၁၀၀၊ အနောက် ပေ ၄၀ ရှိပါတယ်။ မဏ္ဍပ် အမိုးကိုတော့ တာလပတ်မိုးမယ်။ စင်ကိုခိုင်ခံ့အောင် စီစဉ်ထားပါတယ်။ ရေပက် ကစားသူများအတွက်လည်း ရေ မပြတ်အောင် စီစဉ်ထားပါတယ်။ မဏ္ဍပ်လည်း မကြာမီ ရက်ပိုင်းအတွင်း ပြီးစီးတော့မှာပါ" ဟု မဟာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ပြောပြသည်။

ပြည်တွင်းသတင်း

နေအိမ်မီးလောင်၍ လသားကလေးသေဆုံး

ရန်ကုန် ဧပြီ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်နှီးကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပင်လုံအိမ်ရာဝင်း(၁)လမ်း အမှတ်(၄)ဦးသန်းတင်နေအိမ်၌ ဧပြီ ၆ ရက် နံနက် ၆ နာရီခွဲက မီးလောင်မှုကြောင့် လသားအရွယ် ကလေးငယ်တစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်အရှေ့ပိုင်းခရိုင် အိမ်ရှင် ဦးသန်းတင် နေအိမ်အောက်ထပ်၌ အဲကွန်းမှ သွယ်တန်းထားသော ဝိုင်ယာကြိုးအပူလွန်ကဲ၍ ဆက်သွယ်ထားသော ဆော့ဖ်ဝက်အပူရှိန်လွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ သယ်နှီးကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနက ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုသတင်းရရချင်း အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပဇုန်နယ်မြေမှ မီးသတ်ယာဉ် ၁၀ စီး ရေသယ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ လူနာတင်အထောက်အကူပြုယာဉ် ငါးစီးတို့ဖြင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်တာတို့ ဦးဆောင်၍ တောင်ဥက္ကလာပဇုန်မှူး၊ သယ်နှီးကျွန်း မီးသတ်ဦးစီးမှူး ခင်မောင်မြင့်နှင့် သန္ဓေတပ်ဖွဲ့ဝင်အင်အား ၆၂ ဦး၊ အရန်မီးသတ်အင်အား ၇၀ တို့ဖြင့် ငြိမ်းသတ်ကြရာ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်ရာတွင် နေအိမ်အပေါ်ထပ် အိပ်ခန်း၌ သိပ်ထားသော ငါးလအရွယ်သမီးငယ် မမေသက်ထွန်းမှာ မီးခိုးမွှန်(ယူဆရ) ၄င်းအား အသက်ကယ်နိုင်ရန် အရှေ့ပိုင်းခရိုင် ကြက်ခြေနီတပ်ရင်းမှူး ဦးကျော်ဇော၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ထွေးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက မြောက်ဥက္ကလာပ ကလေးဆေးရုံကြီးသို့ အချိန်မီ ပို့ဆောင်ကုသသော်လည်း ကလေးမှာ လမ်း၌သေဆုံးသွားခဲ့သည်။ နေအိမ်မီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင် ဦးသန်းတင်အား သယ်နှီးကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေ ရဲစခန်းက အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ဝ၂၅)**

ကိုယ့်အားကိုယ်ကိုး မြေသားလမ်း ဖောက်လုပ်

မိုးညို ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျောက်ဝအုပ်စုနှင့် နတ်တလင်းမြို့နယ်သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် ပြည်သူများ စုဆောင်းထည့်ဝင်ငွေဖြင့် မတ်လ၏နောက်ဆုံးပတ်က အချောသပ်မြေသားလမ်း ဖို့လုပ်ပြီးစီးခဲ့သည်။ ကျောက်ဝအုပ်စု သမီးလှသိမ်ကုန်း ရွာသားများသည် ဒေသထွက်သီးနှံများကို နတ်တလင်းမြို့နယ်သာ အမှီပြု၍ ရောင်းချနေရခြင်းဖြစ်သည်။ ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ဝအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်စိုးနှင့် ရပ်မိ ရပ်ဖများ ညှိနှိုင်း၍ မြေသားလမ်းဖောက်လုပ်ခြင်းဖြစ်သည်။ မိုးညိုမြို့နယ်မြစ်သာရေကာတာအထိနှင့် နတ်တလင်းမြို့နယ် ရေမွှေးအုပ်စု ပုတ်သင်ကြီးရွာသို့ ရွာသူရွာသားများ စုဆောင်းထည့်ဝင်ငွေကျပ်သိန်းပေါင်း ၁၂၀ ခန့်ဖြင့် မြေသားလမ်းလေးမိုင်ကို ဖောက်လုပ်ခြင်းဖြစ်သည်။ **ခင်လတ်(မိုးညို)**

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

သထုံ ဧပြီ ၈

သထုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် သထုံခရိုင် ယာဉ်ထိန်းတပ်စု အမှတ် (၇၈) မှ တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ်အတွင်း အရက်သေစာ သောက်စားမူးယစ်၍ ဆိုင်ကယ်မောင်းနှင်ခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်အသုံးမပြုခြင်း၊ မြို့တွင်းသတ်မှတ်မိုင်နှုန်းဖြင့်မောင်းနှင်ရေး အသိပညာပေးလုပ်ငန်းကို ဧပြီ ၅ ရက်က မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ပြုလုပ်ခဲ့သည်။

အလားတူ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ်အတွင်း လိင်စိတ်ကြွဆေးဝါးများ ရောင်းဝယ်မှုမရှိရေးကို မတ် ၂၃ ရက်မှ ယနေ့အထိ (၇)ကြိမ်ပြုလုပ်ခဲ့ပြီး သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းလိုက်နာရေး အသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နန္ဒကျော်**

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာ၊ကွင်းအမှတ် (၁၉)၊ကွင်းအမည်-ဖားကတူးတပ်ကွင်း၊ ဦးပိုင်အမှတ် (၇၇)၊ (၁၄)၊ (၉၅)၊ (N/၅၆)၊ (N/GG)၊ (N/G၉)နှင့်ကွင်းအမှတ်(၂၄) ၊ ဦးပိုင်အမှတ် (၁၅)တို့၏မြေဧရိယာများအနက်မှ ၈က(၉၀) ရောင်းချပြီး ကျန်ရှိသော (၁၄) ဧကခန့်အကျယ်အဝန်းရှိ မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ခေါ်သန်းသန်းဌေး (၁၂/ဗဟန (နိုင်) ၀၂၀၁၀၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါသည် ။အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO
ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, WIPO

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၅၅၀ ၄၂၆၅

ပြည်ထဲရေးဝန်ကြီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး ပိုင်မြေနေရာ ထားဝယ်မြို့တွင် အောက်ဖော်ပြပါအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ဍဏီလုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

စဉ် လုပ်ငန်းအမည်
(က) ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာသုံးလုံးဆောက်လုပ်ခြင်း
(ခ) မြေဖို့လုပ်ငန်းဆောင်ရွက်ခြင်း
(ဂ) ခြံစည်းရိုးကာရံခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူ ပြည်တွင်းနိုင်ငံသားကုမ္ဍဏီလုပ်ငန်းရှင်များသည် ဖော်ပြပါလုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းချက်များကို ၁၀-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း၀ယ်ယူနိုင်ပြီး ၄-၅-၂၀၁၅ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ကြောင်းနှင့် တင်ဒါဖွင့်မည့်ရက်မှာ ၇-၅-၂၀၁၅ ရက် ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး

"အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းပြောက်ရပ်ကွက်၊ ကျောင်းကုန်းလမ်း အမှတ် – ၂၀ (ပထမထပ်) နေ ဒေါ်တင်နု (၁၂/စခန (နိုင်) ၀၀၉၃၅၅) ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်တင်နုနှင့် ကွယ်လွန်သူ ခင်ပွန်း ဦးကြည်သောင်းတို့၏ သမီးဖြစ်သူ ဒေါ်အေးမြသူ (၁၂/စခန (နိုင်) ၀၅၉၂၄၁) သည် မိခင်၏ ပြောဆိုဆုံးမမှုများကို လိုက်နာခံယူခြင်း မရှိ စိတ်ဆင်းရဲအောင် အမျိုးချိန်ပြုလုပ်ပြီး ကျန်းမာရေး မကောင်းသူ မိခင်ကြီးအား ရန်သူသယ်ပြုမှု ဆက်ထဲသည့်အပြင် ညီအစ်ကိုမောင်နုမများအားလည်း နည်းမျိုးရိုးဖြင့် ကိုယ်စိတ်နစ်ပါး ဆင်းရဲအောင် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်နေပါသဖြင့် ဒေါ်အေးမြသုအား မိခင် ဒေါ်တင်နမှ သမီးအဖြစ် အသိအမှတ်မပြု ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်အေးမြသူနှင့် ပတ်သက်သော ကိစ္စအဝဝကို မိဘညီအစ်ကိုမောင်နုမများမှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း နှင့် မိသားစုများ၏ ကိစ္စအဝဝသည်လည်း ဒေါ်အေးမြသူနှင့် လုံး၀ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခိုင်ခိုင်နု (B.Com (Q)., R.L) ဦးအောင်မျိုးမင်း (B.Sc, H.G.P., R.L)
အထက်တန်းရှေ့နေ (၂၂၄၃၃) တရားလွှတ်တော်ရှေ့နေ (၄၉၉၉၎)
အမှတ်–၅၊ ၄-လွှာ (အေ)၊ သမိန်ဗရင်းလမ်းတို့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၇၃၁၃၄၉၅

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆင်ဖဲ့တောင်ကျေးရွာ၊ ဦးပိုင်အမှတ်–၁၃၊ ကွင်းအမှတ်–၄၈၆၊ မြေလုပ်ကိုင်သူအမည်–မလှထယ် အမည်ပေါက်မြေဧက(၂၀)အနက်မှ အလျား(၁၂၀)×အနံ(၁၂၀)ပေရှိမြေနှင့် ယင်းမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဦးသိန်းရွှေ (၁၂/လကန(နိုင်)၀၄၂၉၀၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်အေး (၁၂/ဥကမ (နိုင်)၂၀၉၉၇၁)က အကြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သီတာအေး (LL.B, D.B.L, D.M.L) အထက်တန်းရှေ့နေ (စဉ်–၂၇၉၅၂)
အမှတ်(၈၃)၊ ဈေး(၉)လမ်း၊ (ညာ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၃၁၈၂၉၈၅၊ ၀၉ ၂၆၀၆၁၅၈၅

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ကွယ်ကြောင်း

ယာဉ်အမှတ် ၂၂ယ/၃၄၃၇၃ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၁၂/သဃက(နိုင်)၀၅၆၇၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ ခရိုင်ရုံး(နေပြည်တော်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးပရင်းမားလ် ၉/မကန (နိုင်)၀၄၂၀၆၆၏သား မောင်ဝင်းနိုင်ထွန်း ၁၃/ တကန(နိုင်)၂၈၈၅၀၂သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် ၄င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံး၀တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဖခင် ဦးပရင်းမားလ်

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်ကိုအာကာ ၁၂/ကတ(နိုင်)၀၀၀၁၅၂ အမှတ် ၂၈၉၊ လမ်း (၄၀)အထက်၊အမှတ် (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ဇနီးဖြစ်သူ မထားထားဝင်း ၁၂/ပဘတ (နိုင်)၀၀၃၇၃သည် ၃-၁-၂၀၁၅ရက်မှစ၍ နေအိမ်ဝင်ထွက်သွားသည်မှာ ယနေ့အချိန်ထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသည့်အပြင် အဆက်အသွယ်မရရှိပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **ကိုအာကာ**

ကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) Student Registration and Management Software
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း(၁၉)မျိုး
(ဂ) လယ်ယာသုံးပစ္စည်းများ
(ဃ) စက်နှင့်စက်ပစ္စည်းများ

၂။ တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ ရက်(သောကြာနေ့)၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်စဉ်- ၁(က) အတွက် သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ဖုန်း-၀၉-၃၁၄၂၂၃၃ နှင့် အမှတ်စဉ်- ၁၊ (ခ)၊ (ဂ)နှင့်(ဃ)အတွက် ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၁၆၆၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) စာသင်ခန်းမကြီး (၄)ဆောင်အဆင့်မြှင့်တင်ခြင်း
(ခ) ပါမောက္ခချုပ်ရုံးတိုးချဲ့ဆောင် RCC (၃)ထပ် - (၈၀'×၃၀'×၃၆') -(၁)လုံး
(ဂ) နိုင်ငံခြားသားဧည့်ရိပ်သာ RCC (၂)ထပ် - (၂၁၄'×၄၀'×၂၆') -(၁)လုံး

၂။ တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤကတ္တသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန၊ ဖုန်း-၀၉-၄၉၂၀၁၀၅၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ Mitsubishi အမျိုးအစား လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၉-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၄-၄-၂၀၁၅ ရက် ၁၅း၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ** - ၂၈-၄-၂၀၁၅ ရက် ၁၃း၀၀ နာရီ ရုံးအမှတ် (၄၀)၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ ကျေးလက်ဒေသ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကတ္တရာလမ်း
(ခ) ကျောက်ချောလမ်း
(ဂ) မြေသားလမ်း
(ဃ) ကွန်ကရစ်တံတား
(င) သစ်သားတံတား
(စ) Box Culvert
(ဆ) ကွန်ကရစ်ရေကျော်
(ဇ) တွင်းတိမ် (2"Ø x 200')
(ဈ) တွင်းနက် (4"Ø x 400')
(ည) လက်တူးတွင်း
(ဋ) မြေသားမိုးရေလှောင်ကန်
(ဌ) စိမ့်စမ်းရေသွယ်
(ဍ) အခြားရေပေးရေးလုပ်ငန်း
(ဎ) လျှပ်စစ်ဓာတ်အားမီးလင်းရေး
(ဏ) နေရောင်ခြည်စွမ်းအင်မီးလင်းရေး
(တ) ကျေးလက်အိမ်ရာ
(ထ) ယင်လုံအိမ်သာ

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁၀-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း အမှတ်(A/6) တောင်တွင်းကြီးလမ်းရှိ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၉-၅-၂၀၁၅ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အထက်ပါရုံး၌လည်းကောင်း၊ ဖုန်း-၀၆၃-၂၈၃၆၈ နှင့် ၀၆၃-၃၈၂၆၉ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနတွင် ကာလတိုသင်တန်းဖွင့်လှစ်ရန်လိုအပ်သော လယ်ယာသုံးစက်ကိရိယာ၊ စက်အပိုပစ္စည်းများနှင့် အခြားဆက်နွယ်စက်အစိတ်အပိုင်းများအတွက် Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ကာလတိုသင်တန်းဖွင့်လှစ်ရန်အတွက် လိုအပ်သောလယ်ယာသုံးစက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ အခြားဆက်နွယ်လျက်ရှိသော စက်အစိတ်အပိုင်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၈-၄-၂၀၁၅ရက် နံနက်မှစ၍ ရုံးချိန်အတွင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနတွင် တစ်စုံလျှင် ၁၀၀၀၀ဝ- ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၂-၄-၂၀၁၅ရက်နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါလယ်ယာသုံးစက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ အခြားဆက်နွယ်လျက်ရှိသော စက်အစိတ်အပိုင်းများအား သက်ဆိုင်ရာဒေသအရောက် ၂۶-၄-၂၀၁၅ရက်နောက်ဆုံး ပေးသွင်းနိုင်သူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၄၅၈၃၊ ၀၆၇-၄၀၄၄၄၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၉)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး(၉)နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရများနှင့် အင်္ဂလိပ်စာအဓိကဘွဲ့ရသူများကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) တွင် ကနဦး လစာကျပ် ၁၈၀၀၀၀/-ဖြင့်အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထား၍ နှစ်တိုးလစာကို ခံစားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်။
(၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
(၂) စာရင်းကိုင်ပညာဘွဲ့ (B.Act)
(၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၄) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)
(၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
(၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
(၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ (Statistics)
(၈) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English)
(ဂ) ၃၀-၄-၂၀၁၅ ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်စေရ။ အစိုးရဝန်ထမ်းများအား အသက်(၃၀)အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၅၀၀/-ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-012683 သို့ ငွေစာရင်းခေါင်းစဉ် ၂၄။ ဘဏ္ဍာရေး၊ ၇။ ငွေတိုက်ဦးစီးဌာန၊ ''၁။ ပစ္စည်းများ ရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ''ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ် အောက်ရှိကွက်လပ်တွင် ''ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း'' ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်(အသက်)
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့မဟုတ်)အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၄င်းတို့၏အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ
(က) ဝင်ကြေးပေးသွင်းချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) ရရှိသည့်ဘွဲ့၏အမှတ်စာရင်းမိတ္တူ
(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၁-၄-၂၀၁၅ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာပြုလုပ်၍သော်လည်းကောင်း၊ ငွေတိုက်ဦးစီးဌာနသို့ ၂၄-၄-၂၀၁၅ရက်နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၅-၅-၂၀၁၅ရက်နောက်ထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၄-၄-၂၀၁၅ရက်နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းနှင့် မြတောင်ချဉ်းကပ်လမ်းလုပ်ငန်းအတွက် (မန္တလေးတိုင်းအပိုင်းနှင့် စစ်ကိုင်းတိုင်းအပိုင်းတွင်) အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် - အမှတ်(၁) ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်
ကျောက်ရွယ်စုံ - (၂၇၁၄.၃၂)ကျင်း
သဲ - (၅၇.၀၁)ကျင်း

(၁) **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၁၀-၄-၂၀၁၅
(၂) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၄-၂၀၁၅/ဇူးဝေနာရီ
(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၄-၂၀၁၅/၁၁းဝဝနာရီ
(၄) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၄-၂၃၁၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ရုံးချုပ်၊ နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၁၃)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး(၁၃)နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရများ၊ ဥပဒေဘွဲ့ရများ၊ ဝိဇ္ဇာဘွဲ့ရများနှင့် ကွန်ပျူတာသိပ္ပံဘွဲ့ရများအား ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) တွင် ကနဦး လစာကျပ် ၁၈၀၀၀၀/-ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထား၍ နှစ်တိုးလစာကို ခံစားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်။
(၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
(၂) စာရင်းကိုင်ပညာဘွဲ့ (B.Act)
(၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၄) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics)
(၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
(၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
(၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ (Statistics)
(၈) ဥပဒေဘွဲ့ (LL.B)
(၉) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English)
(၁၀) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.S.C)
(ဂ) ၃၀-၄-၂၀၁၅ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ။ အစိုးရဝန်ထမ်းများအား အသက်(၃၀)အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ် ၅၀၀/-ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၂၄။ ဘဏ္ဍာရေး ၂။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ''၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ''ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ် အောက်ရှိကွက်လပ်တွင် ''ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း'' ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်(အသက်)
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့မဟုတ်)အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၄င်းတို့၏အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ
(က) ဝင်ကြေးပေးသွင်းချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) ရရှိသည့်ဘွဲ့၏အမှတ်စာရင်းမိတ္တူ
(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့်သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၁-၄-၂၀၁၅ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်သို့လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာပြုလုပ်၍သော်လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ၂၄-၄-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၅-၅-၂၀၁၅ရက်နောက်ထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၄-၄-၂၀၁၅ရက်နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

ကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

1. Bentonite - ၄၀၀ တန်
2. တောသစ်(ကောင်းမှု) - ၁၅၀ တန်
3. တောသစ်(ပန်းစုံ) - ၁၅၀ တန် (ဘိုင်သားမပါ)
4. 1.5mm Thick M.S Plate 8'x4' - ၂၀၀၀ ချပ်
5. မြစ်သဲ(ဇာသပြင်)Export Quality - ၁၂၀၀ ကျင်း
6. Chipping (ဓင်းကျိုက်) - ၁၀၀၀ ကျင်း
7. Welding Rod No.8(20kg) - ၂၀၀ ထုပ်
   Welding Rod No.10(20kg) - ၈၀၀ ထုပ်

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၄-၂၀၁၅ ရက် (၁၃း၀၀နာရီ)
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၉-၄-၂၀၁၅ ရက် (၁၄း၀၀နာရီ)
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ တင်ဒါလျှောက်လွှာပုံစံများကို ၈-၄-၂၀၁၅ရက်မှစ၍ ရောင်းချပါမည်။ ၁၃-၄-၂၀၁၅ရက် သင်္ကြန်အကြိုနေ့မှ ၁၇-၄-၂၀၁၅ရက် နှစ်ဆန်း(၁)ရက်အတွင်းမှအပ ကျန်ရက်များတွင် ရုံးချိန်အတွင်း ရောင်းချပေးပါမည်။ လျှောက်လွှာများကို သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
66 KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် 66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

မုပွန်ဘက်ကမ်းအရောက်
(က) Chipping (ဓင်းကျိုက်) - ၆၀၀ ကျင်း
(ခ) မြစ်သဲ(ဇာသပြင်)Export Quality - ၄၀၀ ကျင်း

ကညော်ဘက်ကမ်းအရောက်
(က) Chipping (ဓင်းကျိုက်) - ၃၀၀ ကျင်း
(ခ) မြစ်သဲ(ဇာသပြင်)Export Quality - ၂၀၀ ကျင်း

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၄-၂၀၁၅ ရက် (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၉-၄-၂၀၁၅ ရက် (၁၄း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ အသေးစိတ်အချက်အလက်များ တင်ဒါလျှောက်လွှာပုံစံများကို ၈-၄-၂၀၁၅ရက်မှစ၍ ရောင်းချပါမည်။ ၁၃-၄-၂၀၁၅ရက် သင်္ကြန်အကြိုနေ့မှ ၁၇-၄-၂၀၁၅ရက် နှစ်ဆန်း ၁ရက်အတွင်းမှအပ ကျန်ရက်များတွင် ရုံးချိန်အတွင်း ရောင်းချပေးပါမည်။ လျှောက်လွှာများကို သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ခုနှစ် ဧပြီ ၁၂ရက် (တနင်္ဂနေ့)မှ ၂၁ရက် (အင်္ဂါနေ့)ထိ (၁၀)ရက်တိတိ၊ မြန်မာနှစ်သစ်ကူးနေ့များသည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနရှိ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် အောက်ပါ စက်ဆီ၊ ချောဆီ(၄)မျိုး ဝယ်ယူလိုပါသည်။
(က) UAE အင်ဂျင်ဝိုင် - (၂) ပီပါ
(ခ) PTT အင်ဂျင်ဝိုင် - (၃၀) လီတာ
(ဂ) Auto ဂီယာဝိုင် - (၃၅) လီတာ
(ဃ)ဘရိတ်ဆီ - (၁၃၀) လီတာ
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၅ရက် ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၅၈၈

တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် (ဒွေလုံးဒွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်(၂၆)မြို့နယ်တွင် အခြေခံပညာကျောင်း(၄၉၆)ကျောင်း၏ အဆောက်အအုံများ အသစ်တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	မြို့နယ်အမည်	ကျောင်းအရေအတွက်	စဉ်	မြို့နယ်အမည်	ကျောင်းအရေအတွက်
(၁)	ပုသိမ်	၂၉	(၁၅)	အိမ်မဲ	၅
(၂)	ကန်ကြီးထောင့်	၂၇	(၁۶)	ဝါးခယမ	၁၄
(၃)	ကျောင်းကုန်း	၉	(၁۷)	မအူပင်	၁۶
(၄)	ကျုံပျော်	၁၉	(၁၈)	ပန်းတနော်	၂၈
(၅)	ရေကြည်	၃	(၁၉)	ညောင်တုန်း	၃၅
(۶)	ငပုတော	၁၁	(၂၀)	ဓနုဖြူ	၂၁
(۷)	သာပေါင်း	၁۷	(၂၁)	ဖျာပုံ	၂၅
(၈)	ဟသ်တ	၃၅	(၂၂)	ဘိုကလေး	၁၁
(၉)	ဧလွန်	၁၄	(၂၃)	ကျိုက်လတ်	၂۷
(၁၀)	လေးမျက်နှာ	၂၀	(၂၄)	ဒေးဒရဲ	၁၅
(၁၁)	မြန်အောင်	၈	(၂၅)	လပွတ္တာ	၁၄
(၁၂)	ကြဲခင်း	၂၉	(၂۶)	မော်လမြိုင်ကျွန်း	၁۶
(၁၃)	အင်္ဂပူ	၂၁			
(၁၄)	မြောင်းမြ	၂۷			

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ကော်မတီကသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။
၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁၀-၄-၂၀၁၅ ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါများကို ၁၀-၅-၂၀၁၅ရက် ၁၆း၃၀နာရီနောက်ဆုံးထား တင်သွင်းရမည် ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၇) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၃) ဒေါသက်သက်မွန်၏ ဂရန်သစ်တွင် မှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်)၀၀၀၀၆၉ အစား ၁၂/ဒဂန(ဧည့်)၀၀၀၀၆၉ဟု ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဃ) ကန့်ကွက်ကြော်ငြာ၊ အမှတ်စဉ်(၈) ဒေါဝေဝေလွင်+၁ ၏အမည်ပြောင်းတွင် မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၅၅၅၂ အစား ၁၂/မရက(နိုင်)၀၄၅၅၂ ဟု ဖတ်ရှုပါရန်။

မြန်မာ့ဆေးဝါးလုပ်ငန်း
စက်မှုဝန်ကြီးဌာန
တင်ဒါခေါ်ယူခြင်း

ဆေးဝါးစက်ရုံ(အင်းစိန်)၏ ဆေးဝါးထုတ်လုပ်မှုတိုးမြှင့်ရန်အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ခေါ်ယူခဲ့သော စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(EOI)၌ အောင်မြင်ခဲ့သူစာရင်းအား ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ EOI အောင်မြင်သည့်ကုမ္ပဏီအား EOI တွင်ဖော်ပြခဲ့သည့် ကုန်ကြမ်း ကုန်ချောထုပ်ပိုးပစ္စည်းဂိုဒေါင်၊ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာန၊ ထိုးဆေးရည်ထုတ်လုပ်ရေးဌာန၊ Cephalosporin Injection ထုတ်လုပ်ရေးဌာနနှင့် ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်ရေးဌာနတို့ တည်ဆောက်တပ်ဆင်ရေးလုပ်ငန်းများအတွက် တင်ဒါဆက်လက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၈-၄-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၅-၂၀၁၅ ရက် ညနေ (၄း၀၀)နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း
စက်မှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၁၄၀၊ ၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၆
ဖက်စ်-၀၆၇-၄၀၈၂၇၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပီမိုးနင်းလမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊လှိုင်သာယာမြို့နယ်၊ လေးထပ်လူနေ စီးပွားရေးတိုက်ခန်း၊ လူမနေရသေး BCC ကျပြီး Hall Type တိုက်အကျယ်အဝန်း(၁၇×၇၅)ပေ (ကျယ်သိန်း ၁၈၀၀) ဝယ်ဈေးအတိုင်းပြန်ရောင်းမည်။

ဆက်သွယ်ရန် - ဖုန်း-၀၉-၅၁၀၆၁၀၈၊ ၀၉-၄၂၁၀၃၈၈၆၂၊ ၀၉-၇၃၀၉၉၃၄၅

ယာဉ်ပိုင်ရှင်များ အမြန်ဆက်သွယ်ရန်

အောက်ဖော်ပြပါ ယာဉ်ပိုင်ရှင်များ (ယာဉ်များ)အနေဖြင့် ယာဉ်ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီသို့ ၂၇-၄-၂၀၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန်-

(၁) ဒေါ်ဝင်းဝါဝါနွယ် Toyota Crown (1999) JZS 151-0128222
(၂) - Toyota Mark-II (1999) JZX 100-0107774

ဆက်သွယ်ရန် - KSTM Car Showroom ၊ အမှတ်(၁၀၄)၊ ၃၇ လမ်း အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၈၃၀၄၊ ၂၄၁၂၆၂၊ ၂၅၀၉၀၉

မြန်မာ့သရက်သီးစိုက်ပျိုးရောင်းချနေသော တောင်သူများသို့

မရင့်မှဲ့သော သရက်သီးအနုများကို ဆေးတို့ပြီး ရောင်းချခြင်းဖြင့် ရေရှည်သရက်သီးဈေးကွက်ကို ထိခိုက်နိုင်ပါသဖြင့် သရက်သီးများကို ရင့်မှဲ့အောင်ထားပြီးမှ ပြည်ပဈေးကွက်သို့ ခူးဆွတ်တင်ပို့ကြပါရန် မူဆယ်မြို့ ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ အသိပေးနှိုးဆော်အပ်ပါသည်။

(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်
မူဆယ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ မြို့မရပ်ကွက်၊ ဆိုင်းတန်းရပ်နေ (ဘ) ဦးစိုးအောင်နှင့်သမီး မယဉ်မင်းစိုးတို့မှ အောက်ဖော်ပြပါ မြေကွက်(၄)ကွက်နှင့် ပတ်သက်၍ ရရှိထားသည့်ဂရန်များ ပျောက်ဆုံးသွားသဖြင့် ဂရန်မိတ္တူထုတ်ပေးပါရန် တင်ပြလျှောက်ထားလာသဖြင့် ယင်းမြေကွက်(၄)ကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာစာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဂရန်မိတ္တူထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဧာင်ချမ်းကုန်းအုပ်စု၊ အကွက်အမှတ်(၁၉.၃)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ၀ဒသမ ၀၆၇ဧကရှိ မြေကွက်သည် DORP (NO) ၁၈၁/၉၈-၉၉ အရ (၂၁-၁၀-၉၈)မှ (၂၁-၁၀-၂၈) အထိ ဦးစိုးအောင်အမည်ဖြင့် နှစ် ၃၀ ဂရန်ရရှိပြီး
(ခ) ဧာင်ချမ်းကုန်းအုပ်စု၊ အကွက်အမှတ်(၁၉.၃)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ ၀ဒသမ ၀၆၀ဧကရှိ မြေကွက်သည် DORP (NO) ၁၈၃/၉၈-၉၉ အရ (၂၁-၁၀-၉၈)မှ (၂၀-၁၀-၂၈) အထိ ဦးစိုးအောင်အမည်ဖြင့် နှစ် ၃၀ ဂရန်ရရှိပြီး
(ဂ) ဧာင်ချမ်းကုန်းအုပ်စု၊ အကွက်အမှတ်(၁၉.၃)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ ၀ဒသမ ၀၆၀ဧကရှိ မြေကွက်သည် DORP (NO) ၁၈၂/၉၈-၉၉ အရ (၂၁-၁၀-၉၈)မှ (၂၀-၁၀-၂၈) အထိ ဦးစိုးအောင်အမည်ဖြင့် နှစ် ၃၀ ဂရန်ရရှိပြီး
(ဃ) ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၇.ဏ)၊ ဦးပိုင်အမှတ်(၂၄၀)၊ ဧရိယာ ၀ဒသမ ၀၅၉ဧကရှိ မြေကွက်သည် DORP (NO) ၃၅/၉၄-၉၅ အရ (၁၆-၁၀-၉၈) မှ (၁၅-၁၀-၂၈)အထိ နှစ် ၃၀ ရရှိပြီး (ဦးထွန်းထွန်းမှ ဒေါ်ယဉ်မင်းစိုးသို့ အရောင်းအဝယ်စာချုပ်ချုပ်ဆို ရောင်းဝယ်ထားခြင်း)

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
လှိုင်မြို့နယ်တရားမရုံး၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဦးလှမြင့် နှင့် ဦးသိန်း
တရားလို **တရားပြိုင်**

အမှတ်(၂၅၇/အေ)၊ ရန်ကုန်အင်းစိန်လမ်းကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှမြင့်က မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၉ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကျယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဘုန်းမော်)
တွဲဖက်မြို့နယ်တရားသူကြီး
လှိုင်မြို့နယ်တရားရုံး

ကြော်ငြာ

Sunday, April 12, 2015			
Yangon	07:00	Naypyitaw	07:35
Naypyitaw	11:55	Yangon	12:30
Yangon	17:00	Mandalay	17:55
Mandalay	19:00	Yangon	19:55

Monday, April 13, 2015			
Yangon	07:00	Naypyitaw	07:35
Naypyitaw	08:05	Mandalay	08:35
Mandalay	09:05	Yangon	10:00
Yangon	17:00	Mandalay	17:55
Mandalay	19:00	Yangon	19:55

Tuesday, April 14, 2015			
Yangon	07:00	Naypyitaw	07:35
Naypyitaw	08:05	Mandalay	08:35
Mandalay	09:05	Yangon	10:00
Yangon	17:00	Mandalay	17:55
Mandalay	19:00	Yangon	19:55

Wednesday, April 15, 2015			
Yangon	07:00	Naypyitaw	07:35
Naypyitaw	11:55	Yangon	12:30
Yangon	17:00	Mandalay	17:55
Mandalay	19:00	Yangon	19:55
Yangon	06:00	Mandalay	07:25
Mandalay	10:10	Yangon	11:35

Thursday, April 16, 2015			
Yangon	07:00	Naypyitaw	07:35
Naypyitaw	08:00	Mandalay	08:30
Mandalay	13:30	Naypyitaw	14:00
Naypyitaw	14:25	Yangon	15:00
Yangon	17:00	Mandalay	17:55
Mandalay	19:00	Yangon	19:55

ဥယျာဉ်ခြံမြေရောင်းမည်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ပုသိမ်-မုံရွာ ကားလမ်းဘေး မိုင်တိုင်အမှတ် ၁၀၁၊ ၂၅ ဧက၊ ရော်ဖြူပင် (ခေါ်) (ဆေးကုလားမ) နှစ်ရှည်ပင်စိုက်ပျိုးရန် အလွန်ကောင်းသော မြေပြန့်ဖြစ်ပါသည်။

ဖုန်း-၀၉-၂၅၂၉၀၄၉၉၊ ၀၉-၇၃၁၅၁၁၃၈၊
၀၉-၃၁၁၅၃၃၇၊ ၀၉-၄၉၇၅၃၆၆၁၊
၀၁-၅၅၅၇၀၈၊ ၀၁-၅၅၁၉၆၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၉၃

ဦးယမ်းမနတ် **နှင့်** ၁။ ဒေါ်အုန်းကျင်၊ ၂။ ဦးသောင်းကျော်(ခ)ဦးကောင်းကျော်၊
၃။ ဦးနိုင်ကွန်သန်း(ခ)ဦးသန်း၊ ၄။ ဒေါ်တင်တင်မိ၊
၅။ ဦးဝဏ္ဏစိုး၊ ၆။ ဒေါ်ထိပ်တင်စိုး၊
၇။ ဦးပညာစိုး

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ရိပ်သာလမ်း၊ အမှတ်(၅)နေ ဒေါ်အုန်းကျင် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်း၊ အုတ်လမ်း၊ အမှတ်(၉၉)နေ ဦးသောင်းကျော်(ခ)ဦးကောင်းကျော် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုချိန် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၂၃ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
တွဲဖက်ခရိုင်တရားသူကြီး-၂
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မြောင်းမြမြို့၊ ဘုရားချောင်း(မြကန်သာ)ရပ်ကွက်တွင် မြေကွက်ရယူထားသူများအား

အသိပေးအကြောင်းကြားခြင်း

မြောင်းမြမြို့၊ ဘုရားချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၇၅-ခ)၊ ဦးပိုင်အမှတ် (၁၀၇၊ ၁၀၈၊ ၁၇၀/၂၂၀၊ ၁၀၉/၁၊ ၁၁၀) ဧရိယာ ၇ဒသမ ၀၆ဧကရှိ မြေတွင် မြေကွက်(၈၃) ကွက်ဖော်ထုတ်၍ ၂၀၁၀ခုနှစ်တွင် မြေကွက်များချထားပေးခဲ့ရာ ယခုအချိန်ထိ (၁၆)ကွက်သာ အဆောက်အအုံများဆောက်လုပ်ထားပြီး (၆၇)ကွက် ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရ၍ လုပ်ငန်းဆောင်ရွက်မှုမရှိသော မြေကွက်ရယူထားသူများအနေဖြင့် ကြော်ငြာသည့်ရက်မှ ၃၁-၅-၂၀၁၅ရက်နောက်ဆုံးထားပြီး ခြစည်းရိုးကာ၍ အဆောက်အအုံများဆောက်လုပ်သွားရန်နှင့် နေအိမ်အဆောက်အအုံ ဆောက်လုပ်ဆောင်ရွက်ခြင်းမရှိသော မြေကွက်များအား ဖြေမြေနေရာချထားရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

စုံစမ်းရန်-
မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အမှတ်(၇)ရပ်ကွက်၊ မြောင်းမြမြို့၊
ဖုန်း-၀၄၂-၇၀၀၀၄၊ ၀၄၂-၇၀၀၀၈၊ ၀၄၂-၇၀၀၁၀၊ ၀၄၂-၇၀၀၁၁

မြို့မြနေရာချထားရေးကော်မတီ
မြောင်းမြမြို့

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

တောင်ကြီးခရိုင်တရားမရုံး၌
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၅

ဦးစိန်မောင် **နှင့်** ၁။ ဦးဝင်းဇော်(ခ)ဆရာဇော်
၂။ ဦးစိုင်းနေလင်း
၃။ ဒေါ်တင်တင်မြ

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ အမှတ်(၉၅)၊ ချယ်ရီလမ်းနေ ဦးဝင်းဇော်(ခ)ဆရာဇော် (ယခုနေရပ်လိပ်စာမသိသူ)နှင့် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၉၂/၁၂ နေ ဦးစိုင်းနေလင်း၊ ဒေါ်တင်တင်မြ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

အထက်အမည်ပါ ဦးစိန်မောင်က ဤရုံးသို့ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အမှတ် ၉/ဂ၊အစိုးရရပ်၊ ဦးပိုင်အမှတ်-၇၆/ခ၊ မြေကွက်အမှတ် ၈၆/၁၃၀၊ ဧရိယာ ၀၃သမ ၁၆၉ဧကရှိ မြေနှင့်အဆောက်အအုံအား ဝရမ်းစွဲကပ်ခြင်းအပေါ် တရားမကျင့်ထုံး ဥပဒေ အမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် မေ ၄ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဧပြီ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်အုန်းတင့်)
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ် Original Group ကုမ္ပဏီအမည်ပေါက် မြေကွက်အမှတ် (၃-၆၄၁)၊ ၃-၆၄၁ဂ) ပါမစ်မြေအတွက် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် Original Group ကုမ္ပဏီမှ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက Original Group ကုမ္ပဏီအမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေး ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ် ၃၄၊ အခန်းအမှတ် ၃၁နေ ဒေါ်စန္ဒာအောင် ၁၂/ကမရ(နိုင်)၀၀၃၇၀၀ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

IV-၃၂၀၆/၂၀၁၅

အထက်တွင် ကပ်နိပ်ဖော်ပြထားသော **မြန်မာ့ရွှေပြည်**ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အသုံးပြု၍ **အမျိုးသား၊ အမျိုးသမီးနှင့် ကလေးဝတ်ပိုးထည်၊ ချည်ထည်လုံချည်များ၊ ပိုးပဝါ၊ ချည်ပဝါ၊ ဧာပဝါနှင့် ခြဲထည်အမျိုးမျိုး၊ အမျိုးသမီးပိတ်စအမျိုးမျိုး၊ ချည်ထည်အမျိုးမျိုး၊ ဇင်းမယ်လုံချည်အမျိုးမျိုး**တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးအေး LL.B,D.B.L,D.M.L,D.I.L,
WIPO,DL-101 Switzerland
(စဉ်-၈၅၅၈) (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၈၃(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၃၃၅၂၇၀

ကြော်ငြာ

ဒုတိယအကြိမ်မြောက် ဖြို့ဦးမိုးကုတ်ဝိပဿနာတရားရိပ်သာ(သင်္ကြန်တွင်း)တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပဖြို့နယ်၊ ရွှေပေါက်ကံဖြို့သစ်၊ (၂၁)ရပ်ကွက်၊ ဖြို့ဦးကျောင်းတိုက်၌ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဣဋ္ဌန္ဒာ (သိမ္မ၊ ပွားမှု၊ ပယ်မှ)ကမ္မဋ္ဌာန်းနည်းပြချုပ်၊ မိုးကုတ်ဝိပဿနာဌာနချုပ်၊ မန္တလေးဖြို့မှဦးစီး၍ (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ဈရက်မှ တန်ခူးလကွယ်နေ့အထိ) ၁၁-၄-၂၀၁၅ရက်မှ ၁၇-၄-၂၀၁၅ရက်အထိ ခုနှစ်ရက်တိုင်တိုင် ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ တရားစခန်းဝင်မည့်ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြစေရန် အသိပေး ကြေညာအပ်ပါသည်။ (ဆွမ်းစရိတ်အလျှံခံခြင်းမပြုပါ)

မှတ်ချက်။ ယောဂီများ ၁၀-၄-၂၀၁၅ရက် ညနေ ၆နာရီကျောင်းတိုက်သို့ အရောက်လာရပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၀၉၀၀၉၀၊ ၀၉-၄၂၀၁၆၃၇၃၃၊ ၀၉-၄၂၀၄၇၅၅၅

အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ၏ ပထမအကြိမ် အသက် (၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည့် အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် မေ ၂ရက် (စနေနေ့) နံနက် ၀၉း၀၀ နာရီတွင် တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပ်မတော်ဆေးတက္ကသိုလ်၊ ကျောင်းဆင်းအရာရှိများ တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက - ဖုန်း-၀၉-၅၀၀၀၁၇၃
ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၁၃၃၇၅၊ ၀၉-၄၅၀၀၃၁၀၅၀

တပ်မတော်ဆေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ

(၅၀)နှစ်မြောက် ရွှေရတုမင်္ဂလာဆုတောင်း

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေဟူသော မိဘဝတ္တရားနှင့်အညီ သားသမီးများအပေါ် စည်းစနစ်ကျစွာ ထိန်းသိမ်းပုံဖြင်သွန်သင်ဆုံးမပြီး တန်ဖိုးမဖြတ်နိုင်သော ပညာရွှေတိုးအမွေပေးခဲ့သည့်အပြင် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားအပြည့်အဝဖြင့် အနှိုင်းမဲ့မိဘမေတ္တာကို ယနေ့တိုင်ပေးနေဆဲဖြစ်သော ကျေးဇူးရှင်ခမ်းချစ်ပါကြီး **သုခမူမဏိတောတရေ(စံနှိုင်ပီ)ဦးလုတ်ထွန်း (လှမူထူးရွှန်)**နှင့် **ချစ်မေမေ သုခမူယိမိုဒေါ်ခင်သန်း(စံနှိုင်ပီလုပ်ငန်းဆု)** သုံးဆယ်မြောက်ပြည့် (၉-၄-၂၀၁၅ ရက်နေ့တွင်ကျရောက်သည့် (၅၀)နှစ်မြောက် ရွှေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျွန်းမာချမ်းသာဟော်လွှင်စွာဖြင့် သာသနာတော်၏အကျိုး ဆထက်တိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားကြီး - ကိုအောင်သန်းထွန်း B.A(Hist)-မသန်းသန်းမော် B.Sc(Maths)
ချစ်သမီးကြီး - ကိုခင်မောင်မြင့် B.Sc (Geo)(Hons:)-မခင်လေးထွန်း B.Com
ချစ်သားငယ် - ကိုရဲသန်းထွန်း B.Sc (Chem:) (Hons:)-မမြတ်ဘခင် B.A(English-Q)
ချစ်သားလေး - ကိုဇော်ဇော်ထွန်း B.Sc (Bot:) (E.S)- မဝင်းဝင်းထွေး M.A (Geog)
ချစ်သမီးငယ် - မသင်းသင်းထွန်း M.Res:(I.C)Y.U
ချစ်သမီးလေး - မောင်နိုင်ဝင်း(ခ)အောင်ချမ်း-မလင်းလင်းထွန်း B.A(Myan:)
ချစ်မြေး - "တုံ" မောင်နမများ

"စာအုပ်မိတ်ဆက်ပွဲနှင့် ပဒေသာပင်စိုက်ထူလှူဒါန်းပွဲ"

မေတ္တာရှင်ရွှေပြည်သာရေးသားသော လူသတ်သမားဇာတ်ကရုဏာနှင့် ဘခြားဝတ္ထုတိုများ စာအုပ်သစ်မိတ်ဆက်ပွဲနှင့် လက်မှတ်ရေးထိုးရောင်းချပွဲကို ၁၁-၄-၂၀၁၅(နံနက် ၉ နာရီမှ ၁၂ နာရီထိ) မော်တာဘီမြို့နယ်၊ ဖန်ခါးကုန်းရွာ၊ သုဒ္ဓဝိပဿနာရိပ်သာ၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် စာပေဝါသနာရှင်အားလုံး ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကြွရောက်လာသူများကို ယောဂီများနည်းတူ နေ့လယ်စာဘုဖေးစနစ်ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါသည်။ ထိုရက်နေ့ခင်း(၁)နာရီတွင် စာအုပ်မှရရှိသောအမြတ်ငွေများဖြင့် ပရက်တဆာဖွဲ့ပေါင်း(၁၈)ပွဲကို ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် ဆက်လက်တက်ရောက်သာဓုခေါ်ခြင်းနှင့်ရန် ထပ်ဆင့်ဖိတ်ကြားအပ်ပါသည်။

မေတ္တာရှင်ရွှေပြည်သာ၏ စာဖတ်ပရိသတ်များသည် ကိုယ်တိုင်အလှူရှင်ဖြစ်နေသည်ကို ဝမ်းမြောက်စေဖို့အတွက် ဤသင်္ကြန်နှစ်ဦးအလှူပွဲကို စီစဉ်ခြင်းဖြစ်ပါသည်။

ဦးမိုးမြင့်
(မေတ္တာရှင် ရွှေပြည်သာ)
ရွှေပြည်သာစာပေ

လမ်းညွှန် - မော်တာဘီကားမီး၍ စမ်းချောင်းပေါက်မှတ်တိုင်တွင်ဆင်းပါ။ ဂျပန်ဘုရားလမ်းအတိုင်း ကွန်ကရစ်လမ်းဆုံးသည်အထိဝင်ပါ။

အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်းအသင်းဖြစ်မြောက်ရေးကော်မတီမှ ဦးစီးကျင်းပသော ၂၁-၃-၂၀၁၅ ရက်တွင်ကျရောက်သော ကမ္ဘာ့ဒေါင်းဆင်ဒရုန်းနေ့အား မြန်မာနိုင်ငံတွင် ပထမအကြိမ်ကျင်းပရာတွင် တက်ရောက်မိန့်ခွန်းပြောကြားပေးပါသော လူမှုရေးရာဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မီဒီယာများ၊ အလှူရှင်များအားလုံး ပါဝင်တက်ရောက်ပေးပါသော ဒေါင်းဆင်ဒရုန်းများနှင့် မိသားစုဝင်များ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့်

Main Sponsor - မြန်မာတကောင်းကျောက်မျက် ၈၀၀၀၀၀၀/-
- ထူးဖောင်ဒေးရှင်း ၈၀၀၀၀၀၀/-
Premier - Milk Powder ၈၀၀၀၀၀၀/-
အခမဲ့နို့တိုက်ကျွေးခြင်းနှင့် လက်ဆောင်၄၀၀ ထုပ်
- KBZ Bank ၈၀၀၀၀၀၀/-နှင့် ဦးထုပ်၂၀၀လုံး
Co.sponsor - Reliance Fire System com:Ltd.
- Mary အပ်ချုပ်ဆိုင်တို့အား လည်းကောင်း မှတ်တမ်းတင်ကျေးဇူးတင်ရှိပါသည်။

အခမ်းအနားတွင် လိုအပ်ချက်များရှိခဲ့ပါက ခွင့်လွှတ်နားလည်ပေးစေလိုပါသည်။

မြန်မာနိုင်ငံဒေါင်းဆင်ဒရုန်းအသင်း(ဖြစ်မြောက်ရေးကော်မတီ)

သီတဂူ အာယုဒါနဆေးအလှူတော် နှစ်ဦးဓမ္မပူဇာသဘင်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းလောင်းအသင်းများ၏ ဆွမ်းအောင်ပွဲအထိမ်းအမှတ်

၁၃၇၇ ခုနှစ်၊ တန်ခူးလကွယ် (၁၇-၄-၂၀၁၅) သောကြာနေ့	-	စစ်ကိုင်း-ခင်မကန်ဆရာတော် အရှင်ခေမိန္ဒ (မဟာသဒ္ဓမ္မဇောတိကခဇ)
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း(၁)ရက် (၁၈-၄-၂၀၁၅) စနေနေ့	-	သီတဂူ ကထိကဆရာတော် အရှင်တိကွသာရ(သာသနဇေခမ္မာစရိယ၊ B.A.M.A(Buddhism) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း(၂)ရက် (၁၉-၄-၂၀၁၅) တနင်္ဂနွေနေ့	-	ရွှေကျင်တွဲဖက်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိသရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များအဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ (D.Litt.) Ph.D

အချိန်-ညစဉ်(၇:၀၀)နာရီ **နေရာ-ရေကျော်လမ်းမကြီး၊ မီးရထားသံလမ်းအနီး**

တရားအလှူခံကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လက်ချီမာဒေဝီ ၁၃/ရစန(နိုင်)၀၄၈၃၄၅၅၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၀၈၂၉

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညီညီ ၁၃/တကန(နိုင်)၁၄၀၉၈၁၅၈၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၀၈၀၀၀၁

အမည်ပြောင်း

ဦး၀င်းအောင်၏သား တောင်ကြီးမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(က)မှ မောင်ထက်လင်းခန့်အား ယနေ့မှစ၍ မောင်ထက်လင်း ဟုပြောင်းလဲခေါ်ပါရန်။

မောင်ထက်လင်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျောက်ဆည်မြို့နေ
(ဦးအောင်သန်း)-ဒေါ်သိန်းဟန်တို့၏သား

မောင်ဇော်မင်းထွေး
M.C.Tech(UCSY), MBA(International University of Japan)

နှင့်

မန္တလေးမြို့နေ
ဦးကျော်ဆန်း-ဒေါ်ခင်သန်းမြင့်
လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးတို့၏သမီး

မဆွေလှိုင်ကျော်
M.C.Sc (UCSY), M.Sc (King's College London)

တို့၏ ၂၈-၃-၂၀၁၅ရက်တွင် ရန်ကုန်မြို့ Sedona Hotel Grand Ballroom ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂီဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ပါသော မိတ်ဆွေများ၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မင်းထွေး-မဆွေလှိုင်ကျော်

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်းမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် (၄၀၆/၄၀၈) ဟုခေါ်တွင်သော လေးထပ်တိုက် အဆောက်အအုံကြီး၏ တတိယမြောက်မြေညီထပ်အခန်း(အခန်းအမှတ်-၃)နှင့်တကွ ဆက်သွယ်အသုံးပြုခွင့်ရရှိသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၅-၁၁-၁၉၉၄)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးညွှန့်လွင် PMA -၁၁၂၁၁၅ထံမှ ကျွန်ပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် (LL.B) **ဦးမျိုးသူရဆောင် (စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)**
တရားလွတ်တော်ရှေ့နေ(စဉ်-၄၃၁၄) **အထက်တန်းရှေ့နေများ**
အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလမန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၈၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၀၂၆၁၁

ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီမြေတိုင်းရပ်ကွက်အမှတ် ၁၈/က(ကမာရွတ်)မှ မြေကွက်အမှတ် ၁/အ^{B}/၂ ဧရိယာ ၀ ဒသမ ၀၃၁ဧက၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့၏ နှစ် ၆၀ ဂရန်မြေကွက်နှင့် လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ) မြေအမျိုးအစား မြေပိုင်မြေ လ/နှ ၃(ခ) ဦးပိုင် သစ် ၁၀/ခ/၂-၁A၊ ဧရိယာ ၀ ဒသမ ၁၃၂ဧက တစ်ဆက်တစ်စပ်တည်းသော မြေနှစ်ကွက်၊ မြေကွက်တည်နေရာအမှတ် ၁၊ အုတ်ကျင်း ဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဒေါ်စောမြင့်အမည်ပေါက် မြေကွက်အား အမည်ပေါက် ဒေါ်စောမြင့်သည် ၃၀-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သဖြင့် အတူနေ တူမ ဒေါ်ခင်ကျေ ၁၂/လမန(နိုင်)၀၂၁၇၀၆နှင့် မြေးဒေါ်မြင့်သူဇာ ၁၂/လမန(နိုင်)၀၅၁၅၃၉တို့က မြေပုံတွင် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း ဖုန်း-၀၉-၅၀၄၄၆၆၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်၃၁၅၊ မြေညီထပ(ယာ)အကျယ် (၁၂$\frac{1}{2}$'×၅၀')ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ရှင်များထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ အကျိုးသက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း ဖုန်း-၀၉-၅၀၄၄၆၆၇

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းစံပြကျေးရွာ(မန္တလေး-မုံရွာကားလမ်းမဘေး) ရွှေရတုတိပိဋ္ဌကစက္ခုပါလကုသိုလ်ဖြစ် အခမဲ့မျက်စိဆေးရုံကြီးတွင် ဆေးရုံနှစ်ပတ်လည်ခွဲစိတ်ပြီး လူနာတစ်သောင်းပြည့်အထိမ်းအမှတ် အဖြစ် ရွှေသံလွင်တိပိဋ္ဌက အနန္တမေတ္တာနှစ်ထပ်ဆောင်ကြီး

ရေစက်ချအလှူမင်္ဂလာ

တိပိဋ္ဌကသုဘဒ္ဒါသူနာပြု ခန်းမကြီးဖွင့်ပွဲမင်္ဂလာ၊ ဆေးရုံအတွင်း ကွန်ကရစ်ပတ်လမ်း ရေစက်ချအလှူမင်္ဂလာ၊ ဧရာဝတီမြစ်မှ သုံးမိုင်ဝေးသော ဆေးရုံသို့ မြစ်ရေသွယ်တန်း၍ လှုဒါန်းခြင်း၊ ချယ်ရီမေတ္တာရေအလှူတော် ရေစက်ချမင်္ဂလာအခမ်းအနားများကို ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၃ ရက် (၂၀၁၅ ခု ဧပြီ ၂၀ ရက်များ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ ဘူတာပိုင်း၊ မြရတနာလမ်းနေ ဦးအောင်စိုး ၇/သနပ(နိုင်)၀၀၉၇၈၀ (T.P.N-၀၉၅၈၆၆)သည် ရပ်ကွက်တွင်းနေထိုင်စဉ် ဦးလှစိုးအမည်သာတွင်ပြီး အိမ်ထောင်စုစာရင်းတွင်လည်း ဦးလှစိုးဖြစ်ပါသည်။

ဤသို့ ဦးအောင်စိုးနှင့် ဦးလှစိုးဟု အမည်နှစ်မျိုးဖြစ်နေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အောင်စိုး(ခ)လှစိုး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကံဘဲ့၊ မြေကွက်အမှတ် ၆၅/က၊ ဧရိယာ ၀ ဒသမ ၂၅၇ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၊ စွန်းလွန်းဝူကျောင်းလမ်း၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်သော (၁)ဒေါ်ဖြူဖြူသွယ်၊ (၂)ဒေါ်ဇင်မာဖြိုး၊ (၃)ဒေါ်သွယ်လှလှဖြိုး၊ (၄)ဦးသန်းမြင့်ထွန်း၊ (၅)ဦးဟိန်းမင်းသိန်း၊ (၆)ဦးသန်းထိုက်ထွန်းတို့ထံမှ ကျွန်ပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ထွန်း(စဉ်-၃၅၅၇) B.A(Law), LL.B
ဒေါ်ကြည်ကြည်ရွှေ(စဉ်-၂၃၆၇) B.A(Law), LL.B
တရားလွတ်တော်ရှေ့နေများ
အမှတ် ၆စီ-၂၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၆ဝ၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ တောင်ညွှန့်ကြီးရပ်ကွက်၊ မြယာကုန်းလမ်း၊ ရွှေမြယာအိမ်ရာ၊ အမှတ် ၁၉နေ့ ဒေါ်စပယ် ၁၂/ဗဟန(နိုင်)၀၈၂၈၄၄၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စပယ်၏ တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်သော စူဂျာအင်တာပရိုက်စ်လုပ်ငန်းအမည်ဖြင့် ဝယ်ယူခဲ့သော ရွှေပြောင်းနိုင်သောပစ္စည်းများ၊ မရွှေမပြောင်းနိုင်သောပစ္စည်းများမှာ ပိုင်ရေးဆိုင်ခွင့်အရ ဒေါ်စပယ်တစ်ဦးတည်းကသာ ပိုင်ဆိုင်ကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ဒေါ်စပယ်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်မှုမရှိကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်မရှိကြောင်း၊ သက်ဆိုင်ရာက လုပ်ငန်းများကို သက်တမ်းတိုးမပေးတော့သည့် နောက်ပိုင်းတွင်လည်း ယခင်လုပ်ငန်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ထိုပစ္စည်းများကို ဒေါ်စပယ်တစ်ဦးတည်းကသာ ပိုင်ဆိုင်ပါသည်။

စူဂျာအင်တာပရိုက်စ်လုပ်ငန်းသည် ဒေါ်စပယ်တစ်ဦးတည်းပိုင်ခဲ့သော စီးပွားရေးလုပ်ငန်းဖြစ်သည့်အားလျော်စွာ အဆိုပါလုပ်ငန်းကို ဒေါ်စပယ်တစ်ဦးတည်းသဘောဆန္ဒဖြင့်သာ စီမံခန့်ခွဲခဲ့ပါသည်။ စူဂျာအင်တာပရိုက်စ်လုပ်ငန်းသည် ဒေါ်စပယ်တစ်ဦးတည်းပိုင်လုပ်ငန်းသာဖြစ်ပြီး အစုစပ်လုပ်ကိုင်ရသော ကုမ္ပဏီလုံးဝမဟုတ်ပါ။

စူဂျာအင်တာပရိုက်စ်လုပ်ငန်းအမည်ဖြင့် ဝယ်ယူထားသည့် ပစ္စည်းအရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော အကျိုးအကြောင်းကိစ္စအရပ်ရပ်အားလုံးသည် ဒေါ်စပယ်တစ်ဦးတည်းနှင့်သာ သက်ဆိုင်ပြီး ဒေါ်စပယ်၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းဦး LL.B
အထက်တန်းရှေ့နေ(စဉ်-၂၆၀၉၁)
အမှတ် ၁၈၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

ကျေးဇူးတင်လွှာ

ကျွန်တော်များ ဆန်နီရှူးကုမ္ပဏီလိမိတက်သည် အပြည်ပြည်ဆိုင်ရာကမ္ဘာဇအာမခံလုပ်ငန်း(IKBZ)တွင် မီးအာမခံထားရှိခဲ့ခြင်းကြောင့် (၄. ၁၂. ၂၀၁၄)နေ့တွင် မီးလောင်ဆုံးရှုံးမှုများအနက် အာမခံအကျိုးဝင်တန်ဘိုး (ကျပ် ၁,၀၉၃,၄၉၆,၆၀၄. ၈၈)အား (၃. ၄. ၂၀၁၅)နေ့တွင် Park Royal Hotel တွင် ပေးအပ်ခြင်းအတွက်လည်းကောင်း၊ စာနာထောက်ထားနားလည်ခြင်းဖြင့် ပေးအပ်သော ဝန်ဆောင်မှုအဝဝအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထို့ကြောင့် ဂုဏ်သိက္ခာအပြည့်ဖြင့် ရပ်တည်လျှက် IKBZ ဟု ခေါ်ကျူးမှတ်တမ်းတင်ပါသည်။

SUNNY SHOES COMPANY LIMITED. 247B, U TUN NYO STREET, ZONE 2, HLAING THARYAR.

ကျေးဇူးတင်လွှာ

ကျွန်တော်များ ဆန်နီရှူးကုမ္ပဏီလိမိတက်သည်(၄. ၁၂. ၂၀၁၄)နေ့တွင် မီးဘေးအန္တရာယ်နှင့်ကြုံတွေ့ခဲ့ရာ အချိန်တိုအတွင်း ငြိမ်းသတ်နိုင်စေရန် အသက်အန္တရာယ်ကိုပင် မမှုပဲ စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါသော မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်ကားများဝင်ရောက်နိုင်ရန် ကူညီပေးပါသော ပတ်ဝန်းကျင်စက်ရုံများ ၊ မီးသတ်ရေ ရရှိရေး အပြည့်အဝကူညီပေးပါသော ဧရာရွှေဝါစက်ရုံမှ တာဝန်ရှိသူများနှင့် ဝိုင်းဝန်းငြိမ်းသတ်ပေးပါသောဝန်ထမ်းများ၊ လုံခြုံရေးနှင့် ဘေးကင်းရေးကိုတာဝန်ယူပေးပါသော ရဲတပ်ဖွဲ့နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်ရုံပြန်လည် လည်ပတ်နိုင်ရေးအတွက် တတ်စွမ်းသမျှကူညီပေးကြပါသောဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ဝန်ထမ်းများ၊ မိတ်ဖက်ကုမ္ပဏီများ၊လူမှုရေးအဖွဲ့အစည်းများ၊ကိုယ်ရောစိတ်ပါဝိုင်းဝန်းကူညီဖေးမကြပါသောမိတ်ဆွေသူငယ်ချင်းများ အားလုံးနှင့်ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည် ။

" SUNNY SHOES COMPANY LIMITED." 247B, U TUN NYO STREET, ZONE 2, HLAING THARYAR.

မြန်မာ့နေစ်ဆစ်ကူးအထူးအစီအစဉ်

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

ပန်းလှိုင်ဆေးရုံကြီးနှင့်ပန်းလှိုင်ဆေးခန်းတို့တွင်အဆင်ပြေတိကျသောဝန်ဆောင်မှုများနှင့်ကျန်းမာရေး စစ်ဆေးခြင်းအစီအစဉ်များကို အထူးသက်သာသောနှုန်းထားများဖြင့်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

'ကျန်းမာပျော်ရွှင်တဲ့မိသားစုဘဝကိုပိုင်ဆိုင်ဖို့ပုံမှန်ကျန်းမာရေးစစ်ဆေးကြပါစို့'

April 1st ~ 30th Only

LIKE US ON facebook Pun Hlaing Hospital

ဆက်သွယ်ရန် - (၀၁) ၆၈၄ ၃၂၁၁ ၊ ၆၈၄ ၃၂၅၅ ၊ ၆၈၄ ၃၃၆ ၊ ၂၄၃ ၀၁၀ ၊ (၀၉) ၄၂၁၀ ၄၂၆၇၉ Email : marketing-phih@spa-mm.com

ချောင်းသာ သွားမလိုလား .....

'အောင်' တည်းခိုရိပ်သာမှ Booking လက်မှတ်နေပြီ။
ခရီးသွားလုပ်ငန်းများဆက်သွယ်နိုင်ပါသည်။
Ph :09-252077123, 09-2562295669

ဝိတ်ဖြတ်ပျံ့

သင်္ကြန်ရက်ရှည် ဝိတ်ပါပေး (12)ရက်မှာဆယ်ကီလို၊ (20)ရက်ပြန်ရှင်းပါမယ်...
09 730 77711, ☎ 01 682844
09 730 77722, ☎ 01 682944
ဝိတ်ကောင်းကြည်လင် ချန်ဝီယံပေါ်ဆန်းဆွေး

Good Rainbow Trading Co.,Ltd

ဝန်ထမ်းအလိုရှိသည်။

1. Electical Engineer ကျား/မ(၂)ဦး
-AGTI (EP), Architest ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Autocad ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ရမည်။
2. Markrting Executive ကျား/မ(၂)ဦး
-ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်မာပစ္စည်းများ Marketing ကျွမ်းကျင်သူဖြစ်ရမည်။
-တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ လစာ+Commision ခံစားခွင့်ရှိသည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာအရည်အချင်းဆိုင်ရာစာရွက်စာတမ်းများ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များနှင့်အတူ အမှတ်(၂၁၄/က) မြေညီထပ်၊ ဝေဃဃရွာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သယ်ကျွန်းမြို့နယ်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ ဖုန်း ၀၁-၈၅၅၀၁၃၆၊ ၀၉- ၂၅၀၃၅၅၈၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/ဈ၉၄၄ Jialing. 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၈/ရစက(နိုင်)၀၅၈၅၉၄ (ကမ-၃) ပျောက်ဆုံးခဲ့၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း

(နေထိုင်မှုအခမဲ့)
၂၁အရောက်ဖြင်းဖြင့်ကွင်းလမ်း၊ တာမွေမီးပျိုင်ဆန်းရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၄
ဝ၉ ၅၀၅၂၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

